| ရတ် | - ဂကူမန် | သွက်ပ္တန်သာသ္နာ |
| ဂ | - ကူမန်အ္ဂို | ဆိုက်ချာ်ကိုပ်ကွာ |
| ကောံ | - မံင်ဍုံမ္ဂး | ဒးဝိုဟ်သာယာ |
| ရာ | - ဒ္ဂါမံင်သ္ဂး | ဟွံဗ္ဂးဓးအာ |
| မ | - ဇကူသိုလ် | ဒးတိုလ္ဂိကွာ |
| ည | - က္ဍုင်ကောံပွန် | သ္ဒှင်ဩန်မဟာ |
| ခ | - မွခရ်ပြ | ညးအဲမင်အာ |
| မ္ဂာ | - စရိုတ်မွဲ | လိုဂ္ဂန်တဲ့လ္ပခြာ |
| စ | - တမ်သာသ္နာ | ခန်လ္ဂာမန်ကွာ |
| ရိ | - ကိလေသ | လ္ပက်ဂ္ဂိုင်အာ |
| ယ | - ထာဘူတံ | ဂွံင်ဍုံဂွာဲဏာ |
| အ | - ရိယပြ | စိုပ်တဲ့အခါ |
| လုံ | - ဒုက္ခမွဲ | ဗွဲပြဟ်သာဲခြာ |
| တွ်ု | - ဒးကျောန်ကိုဲ | ကုသိုလ်ကောင်ကာ |
| ရး | - ဒုဟ်မာန်မ္ဂး | ဒးဇ္ဍော်မောဝ်အာ |
| ချင် | - နိဗ္ဗာန်ပြ | ဂွံအာဗွဲသ္ဂာ |
| မန် | - ဂကူပြ | မင်မွဲအိုတ်ကွာ |

## မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညဓမ္မာစရိယအဖွဲ့

# ၂၅ နှစ်မြောက် ငွေရတုသဘင် အထိမ်းအမှတ်စာစောင်

သာသနာ ၂၅၁၆–၂၅၄၁ ခုနှစ် | ကောဇာ ၁၃၃၄–၁၃၅၉ ခုနှစ်

### ရာမညပန်းတစ်ပွင့် လန်းတင့်၍လာပြီ

ဤ 'ရာမညဓမ္မာစရိယအဖွဲ့' ဟူသောသံဃာ့အဖွဲ့အစည်းကြီးကို အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့် မွန်သံဃာတော်များက ၁၃၃၄–ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄/၁၅ရက်တွင် မော်လမြိုင်မြို့ သိမ်ကုန်းရပ် အောက်ပဲခူးမွန်ကျောင်းတိုက်၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤသံဃာ့အဖွဲ့အစည်းသည် နိုင်ငံရေးမဖက် သာသနာရေးသက်သက်သာဖြစ်သော်လည်း လွယ်လွယ်ကူကူဖြင့် ပေါ်ပေါက်လာသည်မဟုတ်ပါ။ မွန်စာချဆရာတော် ထေရ်ရှင်မြတ်များက ကြီးမားသောဇွဲလုံ့လဥဿာဟဖြင့် အကြိမ်ကြိမ်စည်းဝေးကာ တာဝန်ကိုယ်စီ အသီးသီးထမ်းဆောင်ကြ၍သာ ဤရာမညပန်းတစ်ပွင့်ဆန်းတင့်၍လာခြင်းဖြစ်ပါသည်။

ယခုကောဇာသက္ကရာဇ် ၁၃၅၉–ခုနှစ်တွင် ဤအဖွဲ့ကြီးက အမျိုးဘာသာ သာသနာ တာဝန်ကို ထမ်းဆောင်ခဲ့သည်မှာ ၂၅–နှစ်တိုင်တိုင်ပြည့်ခဲ့ပြီဖြစ်ပါသည်။ ၂၅–နှစ်ပြည့် အထိမ်းအမှတ်ကို အင်္ဂလိပ်ဘာသာအားဖြင့် ငွေရတုသဘင် (Silver Anniversary) ဟုခေါ်ပါသည်။

ဤအဖွဲ့ကြီး အသက် ၅–နှစ်မြောက်တွင် သစ်သား(Wood)ရတုသဘင်၊ ၁၀–နှစ်မြောက်တွင် သံဖြူ(Tin) ရတုသဘင်၊ ၁၅–နှစ်မြောက်တွင် ဖလ်(Crystal) ရတုသဘင်၊ ၂၀–နှစ်မြောက်တွင် ကြွေထည် (Chinaware) ရတုသဘင်ဆင်ယင်ကျင်းပပြီး အဖွဲ့၏မှတ်တိုင် တစ်ခုခုစိုက်ထူရန်ကြိုးစားခဲ့သော်လည်း သက်တမ်းနုဆဲ မခိုင်မြဲသေးသောကြောင့်ရင်း၊ ရံပုံငွေဟူသော ဓနဥစ္စာ ဒါယကာအင်အား အထောက်အပံ့နည်းပါးသောကြောင့်ရင်း၊ စာသင်သံဃာတော်များနှင့် ဗုဒ္ဓဘာသာဝင်များအတွက် ကျမ်းဂန်များ စုပေါင်းရေးသားပြုစု–တည်းဖြတ်ရိုက်နှိပ်ထုတ်ဝေခြင်း၊ ပရိယတ္တိစာမေးပွဲများ ကျင်းပပေးရခြင်း စသောကြီးလေးသော တာဝန်များကြောင့် တိုတိုသောရတုသဘင်များကို ဆင်ယင်ကျင်းပဘို့ရန် အချိန်မရလိုက် အာရုံမစိုက်နိုင်ခြင်း ဖြစ်ခဲ့ရပါသည်။

ရာမညဓမ္မာစရိယအဖွဲ့ကြီး ၂၅–နှစ်မြောက်ပြည့်မြောက်လာသော ဤယခုအခါတွင်ကား– ဤအဖွဲ့ကြီးကို စတင်ဖွဲ့စည်းခဲ့သော ထေရ် သံဃာတော် အရှင်မြတ်များမှာအသက်အရွယ်အိုမင်းကြီးရင့်လာ၍တကြောင်း၊ အဖွဲ့ကြီးတာဝန်ကို ဦးလည်မသုံထမ်းဆောင်ကြကုန်သော ထေရ်ရှင်အချို့တို့မှာလည်း မိမိတာဝန်ပြီးစီး၍ နေမင်းကြီးကွယ်ပျောက်သကဲ့သို့ ကွယ်ပျောက်ကုန်သောကြောင့် တကြောင်း၊ ယခုအချိန်ရောက်သည့်တိုင်အောင် ငါတို့သည် မော်ကွန်းမှတ်တိုင်ကြီးတစ်တိုင်ကို မစိုက်ထူနိုင်ပါလျှင် ကြိုးဖြင့်ကုံးသီ၍မထားသော ပန်းပွင့်များသည် လေဇော့ရမ်းလျှင် ပရမ်းပတာဖြစ်နိုင်မည်ကို ကြွင်းကျန်ကုန်သော ထေရ်ရှင်တို့သည်ဆင်ခြင်သုံးသပ်မိ၍၊ ဤ 'ငွေရတုသဘင်' ဟူသော မော်ကွန်းမှတ်တိုင်ကြီးကို မဖြစ်ဖြစ်အောင် စိုက်ထူလိုက်ရခြင်း ဖြစ်ပါသည်။

မွန်တို့မှာ မော်ကွန်းမှတ်တမ်း ခိုင်ခိုင်ခံ့ခံ့စိုက်ထူခြင်းမရှိသောကြောင့် ယခုအခါ ယိုဒယားနိုင်ငံထဲတွင် အကျုံ့ဝင်နေသော ဒွါရဝတီနိုင်ငံတော်ကြီးကို အုပ်စိုးခဲ့သော မွန်မင်းဆက်များ၏ အမည်ကိုမသိဘဲ နောက်ဆုံးဖြစ်သော ယိဗမင်းတစ်ပါးကိုသာသိရပါသည်။ သထုံပြည်ဟုခေါ်ဆိုသော သုဝဏ္ဏဘူမိကို အုပ်စိုးသော မွန်မင်းများ၏ အမည်ကိုသိပါ၏။ အုပ်စိုးသော သက္ကရာဇ် အပိုင်းအခြားများကို တပ်အပ်မသိပါချေ။ မွန်တို့မှာ ဒွါရဝတီနိုင်ငံ၌၎င်း၊ သုဝဏ္ဏဘူမိပြည်၌၎င်း၊ ကျောက်စာများစွာရေးထိုးခဲ့ပါ၏။ သို့သော် သက္ကရာဇ် မယ်မယ်ရရမရှိခဲ့။ ဤသို့ သက္ကရာဇ်နေ့ရက်မပါရှိသော ရာဇဝင်မှတ်တမ်းများမှာ ဆားမပါသော ဟင်းကဲ့သို့ တန်ဘိုးမရှိဖြစ်ရပါသည်။ အဖြစ်အပျက်နှင့်နေ့ရက်တိတိကျကျ ရေးထိုးထားသော ကလျာဏီကျောက်စာ၏ အရှင် မွန်ဓမ္မစေတီမင်းတရားကြီး၏ ကျေးဇူးကို ကျွန်ုပ်တို့သည် အမြတ်တနိုးအားထားလေးစား တန်ဘိုးထားရပါသည်။

ဤ ရာမညဓမ္မာစရိယအဖွဲ့ကြီးအား မော်ကွန်းမှတ်တိုင်တစ်တိုင် စိုက်ထူသည့်အနေဖြင့် ၂၅-ကြိမ်မြောက် ငွေရတုသဘင်တွင် အထိမ်းအမှတ်မှတ်တမ်းစာစောင်ထုတ်ဝေရန် အားပေးတိုက်တွန်းကြကုန်သော ထေရ်အရှင်များကိုလည်း များစွာကျေးဇူးတင်ရပါသည်။

ဤ ၂၅-နှစ်မြောက် အထိမ်းအမှတ် 'ငွေရတုသဘင် စာစောင်' ကို အခက်အခဲများစွာကြားမှ မျှော်လင့်တောင့်တကြကုန်သော လူ,ရှင်,ရဟန်းပရိသတ်များကိုဆက်သနိုင်တော့မည်- ဟူသောရည်ရွယ်ချက်ဖြင့် ဤအဖွဲ့ကြီးအနေဖြင့်များစွာ ဝမ်းမြောက်မိပါသည်။

အမျိုး ဘာသာ သာသနာကို စောင့်ရှောက်ရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျရာတာဝန်ကို မညည်းမညူထမ်းဆောင်နေသော အဖွဲ့အစည်းကြီး အရှည်ခိုင်ခံ့တည်တံ့နိုင်ရေးအတွက်၊ ရဟန်းရှင်လူ အဆူဆူသော ပုဂ္ဂိုလ်အပေါင်းတို့သည် စိတ်ရောကိုယ်ပါအားပေးချီးမြှောက် အမြဲတမ်းထောက်ပံ့ နိုင်ပါစေကြောင်း- တိုက်တွန်းနှိုးဆော်ရပါသတည်း။



# မွန်ဒေသလုံးဆိုင်ရာ ရာမညဓမ္မာစရိယအဖွဲ့ကြီး၏
# အကျိုးတော်ဆောင်ဆရာတော်များ

### မဟာနာယကဆရာတော်ကြီးများ

(၁) ဘဒ္ဒန္တသီလဝံသ ကျိုက်မရောဘုရားကျောင်း။
(၂) ဘဒ္ဒန္တဝါရလင်္ကာ ရွာလွတ်ကျောင်း-မော်လမြိုင်မြို့ ။
(၃) ဘဒ္ဒန္တအာဒိစ္စ ကျွန်းရွာဘုရားကျောင်း။

### အကြံပေးဆရာတော်ကြီးများ

(၁) ဘဒ္ဒန္တဝါယမ တောင်စွန်းသဒ္ဓမ္မဇောကျောင်း(ဘီလူးကျွန်း)
(၂) ဘဒ္ဒန္တဂုဏ နိပဒေါ-သစ်ကျောင်း
(၃) ဘဒ္ဒန္တပဏ္ဍိတ စုကကျောင်း-သံဖြူဇရပ်မြို့ ။

### ဇဟိုအမှုဆောင်ဆရာတော်ကြီးများ

(၁) ဥက္ကဋ္ဌ ဘဒ္ဒန္တဝိသုဒ္ဓ မော့ကနင်တိုက်ကျောင်း။
(၂) ဒု-ဥက္ကဋ္ဌ ဘဒ္ဒန္တပုပ္ဖရမ္မ နှစ်တဲ့ကျောင်းဟောင်း။
(၃) ဟိတရေ ဘဒ္ဒန္တတ္တနုက ကညော့်ကျောင်းကြီး။
(၄) ဒု-ဟိတရေ ဘဒ္ဒန္တခေမာဝန္တ ဘဲရှမ်းကျောင်း။
(၅) ဒု-ဟိတရေ ဘဒ္ဒန္တဂန္ဓမာလာ ကျိုက်ပရိုင်ရွာ၊ ကျိုက်ပရိုင်ကျောင်း။
(၆) ဘဏ္ဍာဂါရိက ဘဒ္ဒန္တပုပ္ဖ သဘော်ာလဲကျောင်း၊ မော်လမြိုင်မြို့ ။
(၇) ဒု-ဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလာစာရ ပဲခူးမွန်ပရိယတ္တိကျောင်း၊ မော်လမြိုင်မြို့ ။
(၈) စာရင်းစစ် ဘဒ္ဒန္တခန္တိကဥ္စန အောက်ပဲခူးကျောင်း၊ မော်လမြိုင်မြို့ ။
(၉) ဒု-စာရင်းစစ် ဘဒ္ဒန္တသြဘာသ အထက်ပဲခူးကျောင်း၊ မော်လမြိုင်မြို့ ။

### ဇဟိုသမာဇိက(အဖွဲ့ဝင်)ဆရာတော်ကြီးများ

(၁) ဘဒ္ဒန္တဝဏ္ဏဒီပ ရေးမြို့ -သိမ်ကျောင်း။
(၂) ဘဒ္ဒန္တသီရိတေဇ ကွေ့ဝမ်-လမ္ဘတော်ကျောင်း။
(၃) ဘဒ္ဒန္တတေဇ ဖာအောက်-ခါတော်မှီကျောင်း။
(၄) ဘဒ္ဒန္တကေလာသ ကော့ဘိန်မဟာဝိဟာရကျောင်း။
(၅) ဘဒ္ဒန္တပုပ္ဖ မွန်ယဉ်ကျေးမှုကျောင်း-မော်လမြိုင်မြို့ ။
(၆) ဘဒ္ဒန္တနာဂဝံသ ရာမညမွန်ကျောင်း-ဖားအံမြို့ ။

တည်ရာဌာန
ကျိုက်မရော
ဘုရားကြီးကျောင်းတိုက်
ကျိုက်မရောမြို့ ။

# ၁၃၅၉-ခုနှစ် ရာမညဓမ္မာစရိယအဖွဲ့ကြီး၏
# ငွေရတုစာစောင်ဖြစ်မြောက်ရေး
# ကော်မီတီ ဆရာတော်များ

| | | | |
|---|---|---|---|
| (၁) မဟာနာယက | ဘဒ္ဒန္တပုပ္ဖရမ္မ | နှစ်တုံကျောင်းဟောင်း | ကျိုက်မရောမြို့နယ်။ |
| (၂) ဥက္ကဋ္ဌ | ဘဒ္ဒန္တသီလာစာရ | ပဲခူးမွန်ပရိယတ္တိကျောင်း | သိမ်ကုန်းရပ်-မော်လမြိုင်မြို့။ |
| (၃) ဒု-ဥက္ကဋ္ဌ | ဘဒ္ဒန္တကောသလ္လ | သုခကာရီမွန်ကျောင်း | ပဲခူးမြို့။ |
| (၄) ဟိတစရ | ဘဒ္ဒန္တစန္ဒေါဘာသ | ဘုရားကြီးကျောင်း | ပေါင်မြို့။ |
| (၅) ဒု-ဟိတစရ | ဘဒ္ဒန္တပါလရာမည | ပရိယတ္တိဝေဒီကျောင်း | မော်လမြိုင်မြို့။ |

## သမာဇိက(အဖွဲ့ဝင်)ဆရာတော်များ

(၆) ဘဒ္ဒန္တဝိသာရဒ ကော့ဘိန်-မဟာဝိဟာရပရိယတ္တိကျောင်း။
(၇) ဘဒ္ဒန္တကေသရ ဗိုလ်တထောင်မွန်ကျောင်း -ရန်ကုန်မြို့။
(၈) ဘဒ္ဒန္တကုသလ သောင်ပြင်-အလယ်မွန်ကျောင်း။
(၉) ဘဒ္ဒန္တခန္တီသာရ သုခကာရီမွန်စာသင်တိုက်ကျောင်း၊ ပဲခူးမြို့။

၁၃၅၉-ခုနှစ်
ရာမညဓမ္မာစရိယအဖွဲ့ကြီး
ငွေရတုသဘင်စာစောင်ဖြစ်မြောက်ရေး
ကော်မီတီဆရာတော်များ။

ရာမညမဇ္ဈိမဇ္ဈာစရိယအသင်း မွန်ဒေသလုံးဆိုင်ရာ
နာယကဖြစ်တော်မူသော
နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ
ဘဒ္ဒန္တသီလဝံသ မဟာထေရ် ၏

# ထေရုပ္ပတ္တိအကျဉ်းချုပ်

(သက်တော် ၈၈၊ သိက္ခာတော် ၆၆) .

## (ဖွားမြင်တော်မူခြင်း)

ဆရာတော်ဘဒ္ဒန္တသီလဝံသည် မွန်ပြည်နယ် ကျိုက်မရောမြို့ ရန်မျိုးအောင် ရပ်ကွက် ခမည်းတော် (ဦးဖန်း) မယ်တော် (ဒေါ်သဲဖြူ)တို့မှ ကောဇာသက္ကရာဇ် ၁၂ရ၁-ခုနှစ် ဝါဆိုလွှန် (၈)ရက် သောကြာနေ့ နံနက် ၆-နာရီတိတိအချိန်တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့လေသည်။ မွေးချင်းလေးယောက်တို့တွင် အထွေးဆုံးသားရတနာဖြစ်ပါသည်။

ငယ်နာမည်ကို မိဘ ဘိုးဘွားတို့က(မောင်သော) ဟု ခေါ်တွင်စေခဲ့ပါသည်။

## (ရှင်ရဟန်းအဖြစ်သို့ရောက်ရှိခြင်း)

ဆရာတော် လောင်းလျာသည် သက္ကရာဇ် ၁၂၈၅-ခုနှစ်၊ ကဆုန်လ (၁၄)နှစ်သားတွင် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက် ဆရာတော် ဦးကေတုမာလာထံ၌ ခမည်းတော် မယ်တော် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည် ဥပဇ္ဈာယ်ဆရာတော်က ရှင်သီလ ဟု ဘွဲ့မည်ပေးအပ်ခဲ့ပါသည်။

၁၂၃၉-ခုနှစ်၊ ကဆုန်လွှန်း(၁၁)ရက် တနင်္ဂနွေနေ့ ကျိုက်ရောမြို့ ရန်ကြီးအောင်ရပ် ရသေ့ကျောင်းတိုက် ဆရာတော်ဘုရားကြီးကျောင်းတိုက် ကလျာဏီသိမ်၌ ရသေ့ကျောင်းဆရာတော် ဦးအဂ္ဂဒီပကို ဥပဇ္ဈာယ် ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂကို ခံယူလျက် သာကီယဓာတ် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ရဟန်းဘွဲ့အမည်မှာ ဦးသီလဝံသ ဖြစ်ပါသည်။

## စာပေပရိယတ္တိကိုသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောင်းသားဘဝ အရွယ်ရောက်သောအခါ ဘုရားကြီးကျောင်း ဆရာတော် ဦးကေတုမာလာထံ အပ်နှံကာ ကျောင်းသားဘဝတွင် လောကီပညာ စတုတ္ထထိ အောင်မြင်ခဲ့ပါသည်။ (ထိုစဉ်က ဘုရားကြီးကျောင်းတွင် အစိုးရအသိအမှတ်ပြု မူလတန်းကျောင်း ထားရှိ၍ ဆရာတော် ဦးကေတုမာလာသည် ကျောင်းအုပ်ဘုန်းတော်ကြီးဖြစ်ပါသည်)။

ရှင်သာမဏေအဖြစ်သို့ ရောက်ရှိလာသောအခါ ဆရာတော် ဦးကေတုမာလာထံ၌ပင် ပိဋကတ်အခြေခံ ကစ္စည်းသဒ္ဒါ သင်္ဂြိုဟ်ဝိဘာဝနီမာတိကာ တို့ကို သင်ကြားတတ်မြောက်ခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ရဟန်းဘဝသို့ ရောက်သောအခါ ကျိုက်မရောမြို့ရသေ့ကျောင်းတိုက် ဆရာတော် ဦးအဂ္ဂဒီပထံ၌ လည်းကောင်း။

မော်လမြိုင်မြို့ ကျိုက်သုတ် ဘုရားကျောင်း ဆရာတော်ထံ၌ လည်းကောင်း၊ မော်လမြိုင်မြို့နယ် ကော့နပ်ကျေးရွာ မွန်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက သာသနဓဇ ဓမ္မာစရိယနှင့် သုဝဏ္ဏဘူမိ ပိဋကတ္တယ ပါရဂူ ဦးဣန္ဒတေဇနှင့် စာချ ဆရာများထံ၌ လည်းကောင်း၊ ပိဋကတ် သင်ရိုးပါဠိ အဋ္ဌကထာ ဋီကာစသော ကျမ်းဂန်များကို သင်ကြားခဲ့ပါသည်။

ဆရာတော်သည် (စာမေးပွဲများကို မဖြေဆိုခဲ့ပါ) မိမိသင်ကြား ဆည်းပူးခဲ့သော စာပေကျမ်းဂန် ပညာရပ်များကို ပညာလိုလားကြသော သောတုဇနာ တပည့်သာဝက စာသင်သားများအား နေ့ဝါ ညဝါ စသည်ဖြင့် ပြန်လည် သင်ကြားပို့ချ ပေးခဲ့ပါသည်။

## သာသနာရေးထမ်းဆောင်ချက်များ။

ဆရာတော်သည် ပထမအကြိမ်ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးနှင့် ဒုတိယအကြိမ် အဖွဲ့အစည်းနှင့် ကျိုက်မရောမြို့နယ် သံဃာနာယကဥက္ကဋ္ဌနှင့် နိုင်ငံတော် သမုတိရ သံဃာ့ ကိုယ်စားလှယ် အဖြစ် လည်းကောင်း။

တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးတွင် နိုင်ငံတော်သြဝါဒါစရိယ အဖြစ် လည်းကောင်း။ မွန်ပြည်နယ်လုံးဆိုင်ရာ ရာမညဓမ္မာစရိယစာမေးပွဲကို နှစ်စဉ်ဦးစီး၍ ကျင်းပပေးခဲ့သောကြောင့် ရာမည ဓမ္မာစရိယ နာယကနှင့် သြဝါဒါ စရိယ အဖြစ်လည်းကောင်း။ အစိုးရ ပါဠိ ပထမပြန် စာမေးပွဲ၏ သြဝါဒါစရိယ အဖြစ် လည်းကောင်း။

ကျိုက်မရောမြို့ အဓိကာရ ဆုတောင်းပြည့်ဘုရားကြီး၏ ပဓါန နာယကနှင့် သြဝါဒါစရိယအဖြစ် လည်းကောင်း။ ကျိုက်မရောမြို့ ဘုရားနှစ်ဆူစေတီတော်၏ သြဝါဒါစရိယ အဖြစ်လည်းကောင်း။

ပဋိပတ္တိ သာသနာပြု လုပ်ငန်းအတွက် ကျိုက်မရောမြို့နယ် မိုးကုတ်ဝိပဿနာပြန့်ပွါးရေးအဖွဲ့၏ သြဝါဒါစရိယအဖြစ် လည်းကောင်း။

ဗုဒ္ဓဘာသာယဉ်ကျေးမှု၏ သြဝါဒါစရိယအဖြစ် လည်းကောင်း။ သာသနာ့တာဝန်များကို ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်ရည်များ

ဆရာတော်သည် ကိုယ့်ထက်သိက္ခာ ဝါကြီးသူကို ဂါရဝတရားထား၍ ရိုသေမှု လေးစားမှု ကိုင်းရှိုင်းမှုရှိခြင်း၊ ငယ်ရွယ်သော တပည့်သားသာဝကများကိုလည်း ကရုဏာတရားသက်ဝင်၍ နေလေ့ရှိခြင်း၊ တန်းတူရွယ်တူ ပုဂ္ဂိုလ်များကိုလည်း လေးစားမှုရှိခြင်း၊ ဆုတောင်းပြည့်ဘုရားကြီးစေတီယင်္ဂဏ ဝေယျာဝစ္စလုပ်ငန်း ကိစ္စအဝဝကိုလည်း (၄၆)နှစ်တိုင်တိုင် ယခုနှစ်အထိ ကိုယ်တိုင်ပြုပြင်စောင့်ရှောက်ဆောင်ရွက်လျက် ရှိပါသည်။ ဆရာတော်၏ သီလ-သမာဓိ-ပညာ-ဂုဏ် နာယကဂုဏ်တို့နှင့် ပြည့်စုံသောကြောင့် ရဟန်း, ရှင်, လူ အများပြည်သူတို့၏ ကြည်ညိုလေးစားမှု ခံယူရရှိတော်မူသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် အထက်ဖေါ်ပြပါ သာသနာတော်အကျိုး လောကအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တသီလဝံသ မဟာထေရ်သည် ၁၃၅၃-ခုနှစ်တွင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ် လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံရရှိတော် မူသည်။

### ဆည်းကပ်ကိုးကွယ်

အို---အသင်လူသား
ခန္ဓာနာမ်ရုပ်
အပုပ်ကောင်ပါ
သံသရာဝဋ်
လွတ်မြောက်ဘို့ရာ
ရတနာသုံးပါး
သာသနာဘောင်ဝယ်
ဆည်းကပ်ကိုးကွယ်
မလွဲဧကန်
စံမြန်းနိဗ္ဗာန်

မင်းအောင်ဝဏ္ဏ
မော်လမြိုင်တက္ကသိုလ်



ရာမညမွှာစရိယအသင်း
မွန်ဒေသလုံးဆိုင်ရာ
အကြံပေးဆရာတော်
နိုင်ငံတော်သံဃာ့မဟာနာယက အဖွဲ့ဝင်
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏ၏
ထေရုပ္ပတ္တိအကျဉ်းချုပ်

ဆရာတော်ဘဒ္ဒန္တရဏသည် မွန်ပြည်နယ် ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ ခမည်းတော် ဦးသိန်းမောင် မယ်တော်ဒေါ်ပျော့တို့မှ ၁၂၈၂-ခုနှစ် သီတင်းကျွတ်လပြည့်ကျော်(၄)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။ မွေးချင်းညီအကိုမောင်နှမ(၄)ယောက်တို့တွင်ဒုတိယမြောက်ဖြစ်၍ ငယ်နာမည်မှာ(မာံခေန်) ဖြစ်ပါသည်။

## ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၈-ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့တွင် ရေးမြို့နယ် ကော့ဒွတ်ကျေးရွာ မဟာဝိဟာရကျောင်းကြီး၏ ပဓာနနာယကဆရာတော်ဘဒ္ဒန္တပညာဇောတကို ဥပဇ္ဈာယ်ပြု၍ခမည်းတော်မယ်တော်နှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၀၂-ခုနှစ် ကဆုန်လပြည့်ကျော်(၄)ရက်နေ့ မွန်းလွဲ(၂)နာရီအချိန်တွင် ကော့ဒွတ်မဟာဝိဟာရကျောင်းကြီးခဏ္ဍသိမ်၌ ၎င်းဆရာတော်ဘဒ္ဒန္တပညာဇောတကိုဥပဇ္ဈာယ်ပြု၍ ကာရကသံဃာ(၂၅)ပါးတို့ဖြင့် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကော့ဒွတ်ကျေးရွာ မဟာဝိဟာရကျောင်း ကြီး၏ ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပညာဇောတထံ လောကသဒ္ဒိကျမ်း ပရိတ်ကြီး(၁၂)သုတ် သုတ်စဉ် သဒ္ဒါစသည်တို့ကိုသင်ကြားဆည်းပူးခဲ့ခြင်း ရေးမြို့နယ် သောင်ပြင်ကျေးရွာ ကျောင်းကြီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တပုပ္ဖရမ္မ စာချဆရာတော်ဘဒ္ဒန္တကေသရ၊ ဘဒ္ဒန္တပါလိတမထေရ်များထံ၌ ဝိနည်း, သဒ္ဒါ, သင်္ဂဟ, ရူပသိဒ္ဓိ, ဋီကာကျော်ကင်္ခါ, ဆန်းအဘိဓာန်, အလင်္ကာစသောအခြေခံကျမ်းများကို(၆)နှစ်တိုင်တိုင် သင်ယူဆည်းပူးပြီး၍ မွန်ပြည်နယ် ရေးမြို့နယ်လုံးကျွတ် သောင်ပြင်ကျေးရွာ ကျောင်းကြီးပဝါရဏာအုပ်စု ဂိုဏ်းလုံးကျွတ်နာယကဆရာတော်များကြီးမှူး၍ ကျင်းပသောပရိယတ္တိစာပြန်စာမေးပွဲတွင် အဆင့်မြင့်ဆုံး ပထမဆုကိုသင်ကြားဆည်းပူးတော်မူခဲ့ခြင်း ၎င်းမြို့နယ်လမိုင်ကျေးရွာ အလယ်တန်းကျောင်း၌ (၁၅)နှစ်သားအရွယ်(သတ္တမ) တန်းကိုသင်ကြားဆည်းပူးတော်မူခဲ့ခြင်း ပဲခူးမြို့ အလွတ်ပညာသင်ကျောင်း၌အင်္ဂလိပ်စာ ၁၀-တန်းစာမေးပွဲကို

ဝင်ရောက်သင်ကြားဆည်းပူးတော်မူခဲ့ခြင်း ပါဠိပထမပြန်ငယ်, လတ်, ကြီးစာမေးပွဲများကို သင်ကြားဆည်းပူးတော်မူခဲ့ခြင်း မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက်သာသနာ့ဇောတိကရုံအုတ်ကျောင်း အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တနာရဒါဘိဝံသ၊ ဦးကြည်၊ ဘဒ္ဒန္တအရိယဝံသ၊ ဘဒ္ဒန္တဉက္ကံသာဘိဝံသ စသောဆရာတော်ကြီးများထံ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနုမဓုယောဇနာ စသောကျမ်းစာများကို စာချပို့ချနည်းစနစ်စုံနှင့်တကွ နေ့ဝါညဝါမကျန်သုံးနှစ်သင်ကြားဆည်းပူးလေ့လာတော်မူခဲ့ခြင်းစသည်တို့ဖြစ်ပါသည်။

## စာပေကျမ်းဂမ်းများပို့ချသင်ကြားတော်မူခြင်း

ဆရာတော်သည်ရဟန်း(၄)ဝါအရတွင် ရေးမြို့နယ် သောင်ပြင်ကျေးရွာ မဟာဝိဟာရကျောင်းကြီး၌ပရိယတ္တိစာပေများကို စာသင်သားများချီးမွမ်းအပ်သည့် စာချအဆင့်ပထမတန်း သုံးနှစ်တိုင်တိုင် သင်ကြားပို့ချခဲ့ခြင်း ယွှသီတင်းသုံးတော်မူရာ နီပဒေါကျေးရွာကျောင်းသစ်စာသင်တိုက်မှာလည်း

ကိုယ်တိုင်စာသင်တိုက်တည်ထောင်၍ ၁၃၁၅-ခုနှစ်မှစ၍ယနေ့တိုင်ပရိယတ္တိစာပေပို့ချလျက်ရှိခြင်း ၄င်းအသင်းပတိုက်မှ အစိုးရပါဠိပထမပြန်စာမေးပွဲအတန်းအသီးသီး၌အောင်မြင်ခဲ့သော စာသင်သားများစွာပေါ်ပေါက်စေခဲ့ခြင်း နိုင်ငံတော်အစိုးရချီးမြှင့်သောမူလစာချအထောက်အပံ့ကိုလည်းခံယူတော်မူခဲ့ခြင်း စသည်တို့ဖြစ်ပါသည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည်မုဒုံမြို့နယ် ပထမပြန်စာဖြေဌာနစလျှင်စချင်း ပထမပြန်ကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်ဖြင့်ဆောင်ရွက်တော်မူခြင်း ၁၃၄၂-ခုနှစ် ပထမအကြိမ် ဂိုဏ်းပေါင်းစုံအစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေးတွင် မုဒုံမြို့နယ်တွင်ဦးသျှောင်ဆရာတော်အဖြစ်ပါဝင်ဆောင်ရွက်ခဲ့ခြင်း ပထမပြန်နှင့်ဓမ္မာစရိယစာစစ်အဖြစ်ဆောင်ရွက်ခဲ့ခြင်း မော်ဘီအစည်းအဝေးပွဲကြီးမှာလည်းမော်လမြိုင်ခရိုင်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း သာသနာတော်သန့်ရှင်းပြန့်ပွားရေးအချိန်တွင် ပထမ, ဒုတိယ, တတိယအကြိမ်သံဃသမ္မတိရသံဃာ့ကိုယ်စားလှယ် နိုင်ငံတော်သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖြစ်ဆောင်ရွက်တော်မူခဲ့ခြင်း မုဒုံမြို့နယ် ဒိုးမားပဝါရဏာအုပ်စုဝိနည်းစာပြန်ပွဲကိုလည်း ၁၃၃၃-ခုနှစ်မှစ၍ သက်ဆိုင်ရာကျေးရွာသံဃနာယက ဆရာတော်များကို စုစည်း၍ ယနေ့တိုင်ကျင်းပလျှက်ရှိနေပါသည်။

## ရေးသားပြုစုခဲ့သောကျမ်းစာများ

မွန်လုံးဆိုင်ရာ ရာမညဓမ္မာစရိယအဖွဲ့ ဒုတိယဥက္ကဋ္ဌဆောင်ရွက်နေစဉ် အဖွဲ့အလိုက်(၄-ပါး ၅-ပါးစုပေါင်းရေးသည့်

၁။ ပဋ္ဌာန်းအရကောက်ကို မွန်ဘာသာပြန်ဆိုခြင်း
၂။ ယမိုက်အရကောက်ကို မွန်ဘာသာပြန်ဆိုခြင်း
၃။ မာတိကာအရကောက်ကို မွန်ဘာသာပြန်ဆိုခြင်း
၄။ ဓာတုကထာအနက်ကို မွန်ဘာသာပြ်ဆိုခြင်း
၅။ ဆန် အဘိဓာန် အလင်္ကာကျမ်းများကို မွန်ဘာသာပြန်ဆိုခြင်း စသောကျမ်းစာအုပ်များ ထုတ်ဝေဖြန့်ချီးလျှက်ရှိပါသည်။

## ကြည်ညိုဖွယ်ရာထူးခြားသောဂုဏ်ရည်များ

ဆရာတော်သည် ရဟန်းရှင်လူများ၏ဖြစ်ပွားသောအဓိကဂုဏ်ဆင်မှုများကို ဓမ္မတရားလက်ကိုင်ထားလျှက် သံဃာ့အဖွဲ့အစည်းသတ်မှတ်ချက်နှင့်အညီညှိနှိုင်းဖြေရှင်းပေးခဲ့ခြင်း နှစ်စဉ်ကျင်းပမြဲနီပဒေါကျေးရွာလုံးကျွတ်ဘုရားပွဲတွင် ဦးစီးခေါင်းဆောင်၍ အသံမစဲပဋ္ဌာန်းရွတ်ပွဲကျင်းပပေးခြင်း အထူးသဖြင့်ဘုရားရဟန်းတို့စက်ဆုပ်ရွံရှာအပ်သည့် အတ္တုက္ကံသန ပရဝမ္ဘန အမှုများကို မပြုလုပ်မပြောဆိုမိအောင်နှုလုံးသွင်းလျှက်မိမိစိတ်ကိုတည်တံ့သန့်ရှင်းကြည်လင်မှုရှိအောင် အမြဲသတိဆောင်၍နေထိုင်တတ်သောအလေ့ရှိခြင်း နှစ်စဉ်နှစ်တိုင်နွေကာလရောက်သောအခါ စာမတတ်ပပျောက်ရေးအတွက်၄င်း ခလေးလူငယ်များကိုစည်းရုံး၍အသုံးလုံးသင်တန်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများကိုဦးဆောင်၍ သင်ကြားပို့ချပေးခြင်းစသည်တို့ဖြစ်ပါသည်။

## နေရပ်လိပ်စာကိုဖော်ပြခြင်း

ဆရာတော်ဘဒ္ဒန္တဂုဏသည် သက်တော်(၇၇) သိက္ခာတော်(၅၇)ဝါရှိပြီး မွန်ပြည်နယ်၊ မုဒုံမြို့နယ် နီးပဒေါကျေးရွာကျောင်းသခ်မ်းစာသင်တိုက်၌ သီတင်းသုံးနေထိုင်လျှက်ရှိပါသည်။



## အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓ

(ရာမညမွောစရိယအသင်း မွန်ဒေသလုံးဆိုင်ရာဥက္ကဋ္ဌ)

၏

### ထေရုပ္ပတ္တိအကျဉ်းချုပ်

| | |
|---|---|
| ဘွဲ့တော် | ... ဘဒ္ဒန္တဝိသုဒ္ဓ |
| သက်တော် | ... (၇၉)နှစ် |
| သိက္ခာတော် | ... (၅၉)ဝါ |
| ကျောင်းတိုက် | ... ပရိယတ္တိစာသင်တိုက် |
| မြို့-ရွာ | ... မော့ကနင်ရွာ၊ရေးမြို့နယ်။ |
| တိုင်း-ပြည်နယ် | ... မွန်ပြည်နယ်။ |

ဇာတိချက်ကြွေမွေးရပ်မြေ

ဆရာတော်ဦးဝိသုဒ္ဓသည် ရေးမြို့နယ်၊ မော့ကနင်ရွာ၊အဘဦးထွန်းအေး အမိဒေါ်ငွေဇင်တို့မှ ၁၂၈၀-ခုနှစ် ဒုတိယဝါဆိုလွှတ်(၄)ရက် ဗုဒ္ဓဟူးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်သော ဒုတိယမြောက်သားရတနာ ဖြစ်ပါသည်။

သာသနာ့ဘောင်သို့ ဝင်ရောက်သည့်နေ့ရက်

ဆရာတော်ဦးဝိသုဒ္ဓသည် သက္ကရာဇ်(၁၂၉၇) ခုနှစ် ကျေးဇူးရှင် မော့ကနင်တိုက်ကျောင်းဆရာတော် ဦးပညာဇောတိ ကို ဥပဇ္ဈာယ်ပြုလျက်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် သာမဏေအဖြစ်သို့ ဝင်ရောက်တော်မူသည်။

ရဟန်းဘောင်သို့တက်ရောက်သည့်နေ့ရက်၊ ဥပဇ္ဈာယ်ဆရာတော်။

ဆရာတော်ဦးဝိသုဒ္ဓသည်၊သက္ကရာဇ်(၁၃၀၁) ခုနှစ် ရေးမြို့နယ် သောင်ပြင်ရွာ၊ ခဏ္ဍာသိမ်တော်၌ သောင်ပြင်ကျောင်းကြီး ဆရာတော် ပုပ္ဖရမ္မကို ဥပဇ္ဈာယ်ပြုလျက်၊ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ၊ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာဝါလိုက်ခဲ့ဘူးသော ဆရာတော်များနှင့် ကျောင်းတိုက်များ။

ဦးပညာဇောတိ (သောပြင်ပဝါရဏာ အုပ်စုချုပ်)၊ ဦးကေသရအိန္ဒ(ကောနတ် မွန်ပရိယတ္တိ မူလပင်မကျောင်းတိုက်၊ ဦးဂုဏဝံသ(ပိဋကတ္တယပါရဂူ ဘုရားကျောင်း၊ပေါင်မြို့)၊ ဦးဣန္ဒ(တော်ကနာကျောင်း)၊ ဦးပါလိတ(သောင်ပြင်ကျောင်းကြီး)၊ ဦးဣန္ဒ(ကော့လှာကျောင်း)၊ ဦးကေတုမတိ(သီဟိုဠ်ပြန်၊ရေးမြို့ ရွာကလေးကျောင်း)၊ ဦးကလျာဏ(ကဒါကျောင်းတိုက်၊ ပေါင်မြို့)၊ မော်လမြိုင်-မင်းကျောင်းဆရာတော်၊ ဗိုလ်ကျောင်းဆရာတော်များထံ စာဝါလိုက်ခဲ့ဘူးပါသည်။

ပြုစုရေးသား ထုတ်ဝေခဲ့သော စာအုပ်များ။

(၁)ဝိနည်းငယ် လေးစောင် ပါဠ်နိဿယ၊
(၂) ဒိဋ္ဌအာနာပါန ကမ္မဋ္ဌာန်း ရှုနည်းကျမ်း၊
(၃)ဗုဒ္ဓနယူပဒေသကျမ်း၊

ဤကျမ်းသုံးကျမ်းတို့ကို ရေးသားထုတ်ဝေခဲ့ပါသည်။

မှတ်ချက်။ ။စာမူများ ရေးသားပြီး၍၊ ကျမ်းစာ မထုတ်ဝေနိုင်သည့် စာမူများလည်း မိမိလက်တွင် ကျန်ရှိနေသေးပါသည်။

သာသနာ့အကျိုး သည်ပိုးဆောင်ရွက်ချက်များ။

၁။ ရေးမြို့နယ်၊မော့ကနင်ပရိယတ္တိကျောင်းတိုက်တွင် သက္ကရာဇ်(၁၃၀၄)ခုနှစ်မှ(၁၃၅၅)ခုနှစ်အထိ(၅၁)နှစ်တိုင်တိုင် ပရိယတ္တိစာပေလုပ်ငန်းကို အမြဲမပြတ်သင်ကြားပို့ချဆောင်ရွက်ခဲ့ခြင်း။
၂။ ရာမညတိုင်းလုံးဆိုင်ရာ၊ ရာမည ဓမ္မာစရိယ ဥက္ကဋ္ဌ အဖြစ် တာဝန်ယူ၍ ပိဋကတ် စာပေကျမ်းဂန်များကို မွန်ဘာသာဖြင့် ကျမ်းဂန်ပြုစုထုတ်ဝေဆောင်ရွက်ခဲ့ခြင်း။

ရေးမြို့၊ ပါဠိပထမပြန်စာဖြေဌာန ဖြစ်မြောက်ရေး အတွက် ကြိုးစားဆောင်ရွက်ခဲ့ခြင်း၊ ယခု နှစ်တိုင် နှစ်စဉ် ကြီးကြပ်ကွပ်ကဲပေးရခြင်း။

ရေးမြို့နယ်၊ သောင်ပြင်ဂိုဏ်း ပဓါနနာယကအုပ်စု ၌၎င်း၊ လမိုင်း ကေလာသစေတီတော် ၌၎င်း၊ ဟိတရေ-အတွင်းရေးမှူး တာဝန်ကို နှစ်ပေါင်း များစွာ ဆောင်ရွက်ခဲ့ခြင်း။

မော့ကနင် ပရိယတ္တိကျောင်းတိုက်တွင် ဝါတွင်း သုံးလပတ်လုံး သီတင်းနေထိုင် ယောဂီပုဂ္ဂိုလ် တို့အား ဝိပဿနာတရား ဟောကြားပြသ အားထုတ်နည်း ညွှန်ပြပေးခြင်း။

သောင်ပြင်ဂိုဏ်း ပဓါနနာယကအုပ်စု၌ သက္ကရာဇ် (၁၃၁၂)ခုနှစ်မှစ၍၊ ယခုနှစ်တိုင်အောင် ဝိနည်းမိုရ် ဆရာတော်အဖြစ် ခန့်ထားခြင်းခံရသည်။

မွန်ပြည်နယ်အတွင်း ပရိယတ်-ပဋိပတ်နှင့် မြို့ရွာ ကောင်းစားရေး အတွက် နယ်လှည့် တရား ဟောခြင်း။

မော်ဘီ သံဃာ့အစည်းအဝေးတွင် ရေးမြို့နယ် သံဃာ့ကိုယ်စားလှယ် အဖြစ် တာဝန်ယူ၍ တက်ရောက်ခဲ့ခြင်း။

မော့ကနင် ပရိယတ္တိကျောင်းတိုက်တွင် (၁၃) သိန်းတန် သာသနာ့ဗိမာန်တော်ကြီး ပြီးစီး အောင် ကြိုးစား၍ တည်ဆောက်ဆောင်ရွက် ခဲ့ခြင်း။

ရပ်ရွာအတွက် ဆောင်ရွက်ချက်များ

မော့ကနင်ကျေးရွာ၌ (အ-မ-က) ဖြစ်မြောက် အောင် တိုက်တွန်းနှိုးဆော်တရားဟော ဆောင် ရွက်ခဲ့ခြင်း။

လမိုင်းကျေးရွာနှင့် မော့ကနင်ကျေးရွာအကြား လမ်းမကြီးတစ်ခုဖြစ်အောင် ကြိုးစားဆောင် ရွက်ခဲ့ခြင်း။

၃။ ရေးမြို့နယ်၊ မော့ကနင်ကျေးရွာတွင် ရေဖူလုံ ရေးအတွက် လူထုအင်အားဖြင့် ရေကန်ကြီး ဖြစ်မြောက်အောင် ကြိုးစားဆောင်ရွက်ခဲ့ခြင်း။

၄။ မော့ကနင်ရွာ တံတားကြီး တည်ဆောက်ရေး အတွက် ဆောက်လုပ်ရေး ကော်မီတီဥက္ကဋ္ဌ အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ခြင်း။

၅။ မော့ကနင်ကျေးရွာတွင် လုပ်သားရှေ့ဆောင် အားကစားကွင်းဖြစ်မြောက်အောင် ဆောင်ရွက် ပေးခဲ့ခြင်း။

ယခု သီတင်းသုံးဆဲ ကျောင်းတိုက်နှင့် ဆောင်ရွက်ချက်များ

ဆရာတော် ဦးဝိသုဒ္ဓသည်၊ မွန်ပြည်နယ်၊ မော့ကနင် ကျေးရွာပရိယတ္တိစာသင်ကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော်ကြီး ဦးပညာဇောတိ ဘဝနတ် ထံ ပျံလွန်တော်မူပြီးနောက်၊ ကျောင်းထိုင်ဆရာတော် အဖြစ်ခံယူလျက်၊ သက်တော်(၇၉)နှစ်၊ သိက္ခာတော် (၇၉)ဝါရရှိပြီး၊ ပရိယတ်လုပ်ငန်းနှင့် ပဋိပတ်လုပ်ငန်း တည်းဟူသော သာသနာ့လုပ်ငန်းနှစ်ပါးကို တာဝန် ယူထမ်းဆောင်လျက် သီတင်းသုံးတော်မူပါသည်။

ရန်ကုန်မြို့ (၁၅)သိန်းတန်မွန်ဓမ္မာရုံတည်ဆောက်ခြင်း

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ (၁၅)သိန်း တန် မွန်ဓမ္မာရုံတည်ဆောက်ရေးကော်မတီ၏ ဩဝါဒါ စရိယအဖွဲ့ဝင် ဖြစ်ပြီး၊ မွန်ဓမ္မာရုံ ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရေး ဩဝါဒါစရိယဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်လျက်ရှိခြင်း။



## ရာမညမဇ္စျိမဒေသအသင်း
## မွန်ဒေသလုံးဆိုင်ရာ
## တိတရေ (အကျိုးတော်ဆောင်)
## နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင်
## ဘဒ္ဒန္တကုန္ဒက ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

| | |
|---|---|
| မွေးရပ်ဒေသ | ၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ကညော့်ရွာ။ |
| မွေးသက္ကရာဇ် | ၊ ၁၂၉၃-ခုနှစ် သီတင်းကျွတ်လဆန်း(၃)ရက် တနင်္ဂနွေနေ့ |
| ဖမည်းတော်အမည် | ၊ ဦးကျေး ကညော့်ရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် |
| မယ်တော်အမည် | ၊ ဒေါ်စောဗု ကညော့်ရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ် |

ဆရာတော်လောင်းလျာ မင်းအောင်သိန်းကို မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော့်ရွာနေ ခမည်းတော် ဦးကျေး၊ မယ်တော် ဒေါ်စောဗု တို့မှ ကောဇာသက္ကရာဇ် ၁၂၉၄ခုနှစ် သီတင်းကျွတ်လဆန်း (၃)ရက် တနင်္ဂနွေနေ့ ညဉ့်ဦးယံ (၈)နာရီ အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့ပါသည်။ ဆရာတော်လောင်းလျာ မင်းအောင်သိန်းတွင် မွေးချင်း (၈)ယောက်ရှိပြီး ယောကျာ်း(၄)ယောက် မိန်းကလေး (၄)ယောက်ဖြစ်ပါသည်။ ဆရာတော်မှာ ဒုတိယမြောက်သားရတနာဖြစ်ပြီး တနင်္ဂနွေနေ့တွင် ဖွားသောကြောင့် မိဘများက မင်းအောင်သိန်း ဟု ဇာတာထွန်းအောင် ကင်ပွန်းတပ်ခဲ့ကြပါသည်။

ဦးကျေး ဒေါ်စောဗုတို့သည် ဗုဒ္ဓဘာသာကို ယုံကြည်သူများပီပီ ဗုဒ္ဓဘာသာဆိုင်ရာ အမွေအနှစ်များကို သားကလေး မင်းအောင်သိန်းအား ကလေးဘဝကပင် ခွဲဝေပေးခဲ့ပါသည်။ ထို့နောက် ဗုဒ္ဓဘာသာစိတ်ဓါတ်စွဲကပ်နေပြီ ဖြစ်သော မင်းအောင်သိန်းကို (၁၀) နှစ်သားအရွယ်သို့ ရောက်သောအခါ ကောခွဲကျောင်း ဆရာတော် ဦးဥတ္တမထံ ကျောင်းသားအဖြစ် အပ်နှံ၍ အစိုးရမူလတန်းကျောင်း ပညာကို သင်ယူစေခဲ့ပါသည်။ ထို့နောက် (၁၁)နှစ်သားအရွယ်တွင်လည်း တောင်စွန်းရွာကျောင်း ရသေ့ကျောင်းစာချ ဆရာတော် ဦးဝါရလက်ာ ထံတွင် အခြေခံကျောင်းသင်ပညာများကို ဆက်လက်သင်ယူခဲ့သည်။ ထိုသို့ စာချဆရာတော်များထံ အခြေခံကျောင်းသင်ပညာများကို သင်ယူ နေသော မင်းအောင်သိန်း (၁၂)နှစ်သားအရွယ်သို့အရောက် ၁၃၀၆-ခုနှစ်၊ နယုန်လဆန်း (၈)ရက် သောကြာနေ့တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၊ ကညော့်ရွာ တိုက်ကျောင်း ဆရာတော် ဦးဥတ္တမ ထံ၌ ပဗ္ဗဇ္ဇအမွေရှင်သာမဏေဘောင်တွင် ရှင်ကုန္ဒက ဟု နာမတွင်ခေါ် ဘွဲ့တော်ပေးခဲ့ပါသည်။

### ကိုရင်ရှင်ကုန္ဒက ၏ စာပေခရီး

ကိုရင်ရှင်ကုန္ဒကသည် ကျောင်းသားဘဝမှ လေ့လာသင်ယူခဲ့သည့် စာပေများကို အခြေပြု၍ သာမဏေဘဝတွင်လည်း မိမိ၏ပညာရေးအတွက် အချိန်ကို အနားမပေးဘဲ စာပေသင်ကြားရေးခရီး ဆက်ခဲ့ပါသည်။ သက္ကရာဇ် ၁၃၀၈-၁၃၀၉ ခုနှစ်များတွင် မုဒွန်းကျေးရွာ ပိဋကတ်တိုက်ကျောင်း စာချဆရာတော်ဦးဥတ္တမ ထံ၌ သုတ်စဉ် သဒ္ဒါကြီး ဝိနည်း သင်္ဂြိုလ်စာဝါများနှင့် သက္ကရာဇ် ၁၃၁၀ ခုနှစ်တွင် မုဒုံမြို့နယ် နိုင်းပြိုင်ကျေးရွာ ဘုရားကျောင်းဆရာတော် ဦးဝါရလက်ာတို့ထံတွင် ပိဋကတ်အခြေ သုတ်စဉ် သဒ္ဒါကြီး ဝိနည်း သင်္ဂြိုလ်စာပေတို့ကို သင်ယူခဲ့ပါသည်။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော် သုံးရပ်အခြေ ပိဋကတ်စာပေသင်ကြားခြင်း၌ မွေ့လျော်လျက်ရှိသော ကိုရင်ရှင်ကုန္ဒကသည် ၁၃၁၁-၁၂နှစ်

များတွင် မွန်ပြည်နယ်၊ မုဒုံမြို့ ပိန္နဲတိုက်ကျောင်းတိုက် ဆရာတော် ဦးကေတုသာရ ထံတွင် အငယ်တန်း အခြေခံ ကျမ်းစာများကို ဆက်လက်သင်ယူပြန်သည်။ စာပေအခြေခံကောင်းလှသော ကိုရင်ရှင်ဣန္ဒကသည် သက္ကရာဇ် ၁၃၁၃ခုနှစ်တွင် မုဒုံမြို့နယ် တောင်ပ ကျေးရွာ ကျောင်းဟောင်း ဆရာတော် ဦးတိက္ခဝံသ တပည့်ခံလျက် နိုင်ငံတော် ပါဠိပညာရေး ဗဟိုအဖွဲ့မှ ကျင်းပသော ပထမငယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့ပါသည်။ ပထမဆုံးအကြိမ် စာမေးပွဲဝင်ရောက် ဖြေဆိုအောင်မြင်ခဲ့သော ကိုရင်ရှင်ဣန္ဒက ဝမ်းသာမဆုံး တပြုံးပြုံးခံစားနေရစဉ် သက္ကရာဇ် ၁၃၁၃ခုနှစ် တပို့တွဲလပြည့်ကျော် (၁၀) ရက် အင်္ဂါနေ့တွင် ခမည်းတော် မယ်တော်တို့နှင့်တကွ မုဒုံမြို့နယ် နိုင်းပြိုင်ရွာ ဘုရားကျောင်း ဒါယကာ ဒါယိကာမများက ပစ္စယနုဂ္ဂဟ ထောက်ပံ့က မုဒုံမြို့နယ် ကွေ့ဝမ်းတိုက်ကျောင်းဆရာတော် ဦးဂန္ဓမာကို ဥပဇ္ဈာယ်ပြုပြီး နိုင်းပြိုင်ရွာ ဘုရားကျောင်းခဏ္ဍသိမ်တွင် ဥပသမ္ပဒကံဆောင် မြင့်မြတ်သော ရဟန်းဘောင်သို့ ပို့ဆောင်ပေးခဲ့ပါသည်။ ရဟန်းဘဝတွင်လည်း အရှင်ဣန္ဒက ဟုပင် ဘွဲ့မည်တွင်ခဲ့ပါသည်။

## ဦးပဍ္ဍင်းအရှင်ဣန္ဒက ၏ ရဟန်းဘဝစာပေခရီး

ဦးပဍ္ဍင်းအရှင်ဣန္ဒကသည် မိမိမျှော်မှန်းထားသော စာပေခရီးပန်းတိုင်မရောက်သေးသဖြင့် ရဟန်းဘဝရောက်ချိန်တွင်လည်း စာပေခရီးပန်းတိုင်သို့ ဦးတည်၍ ဆက်လက်ချီတက်ခဲ့ပါသည်။ သက္ကရာဇ် ၁၃၁၄-၁၅-၁၆ ခုနှစ်များတွင် မုဒုံမြို့၊ ပိန္နဲတိုက် ကျောင်းတိုက်ဆရာတော် ဦးကေတုသာရထံတွင် ပထမလတ်တန်းကျမ်းစာများကို သင်ယူပြန်သည်။ ၁၃၁၇ ခုနှစ်တွင် မော်လမြိုင်မြို့နယ် ကော့လာရွာ တောရကျောင်းဆရာတော် ဦးဣန္ဒာစာရ၊ ဦးအရိယ တို့ထံ၌ သုံးလသာ ပညာဆည်းပူးခဲ့ပြီး ထိုနှစ်၌ပင် ချောင်းဆုံမြို့နယ်၊ တောင်စွန်းကျေးရွာ သဒ္ဓမ္မခေ ကျောင်း စာချဆရာတော် ဦးဝါယမ၊ ဦးဝဏ္ဏ၊ ဦးပုဗ္ဗရမ္မ တို့ထံတွင် ပထမကြီးတန်း ကျမ်းဂန်စာပေများကို လေ့လာဆည်းပူး အထူး သင်ယူခဲ့ပါသည်။ ထို ၁၃၁၇ ခုနှစ်၌ပင် ပထမကြီးတန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ပထမကြီးတန်း အောင်မြင်ပြီးသော ဦးပဍ္ဍင်းအရှင်ဣန္ဒကသည် အစိုးရ ဓမ္မာစရိယတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုရန် မလျော့သောဇွဲဖြင့်အားခဲ၍ ဆက်လက်ကြိုးစားခဲ့ပါသည်။ ၁၃၁၉ ခုနှစ်တွင် ရန်ကုန်မြို့ ကျောက်မြောင်း ရပ် မင်္ဂလာသုခကျောင်းတိုက် စာချဆရာတော် ဦးရေဝတထံ၌လည်းကောင်း၊ ၁၃၂၀-၂၁ ခုနှစ်များတွင် ရန်ကုန်မြို့၊ ဗဟန်းရပ်ကွက်၊ သွေးဆေးကန်တိုက်၊ ရာမညဝေပုလ္လ မွန်ပါဠိတက္ကသိုလ်ကျောင်း ကထိကစာချဆရာတော် ဦးပညာဝံသ၊ ဦးဝဏ္ဏ၊ ဦးပဒုမတို့ထံ၌လည်းကောင်း၊ ရန်ကုန်မြို့၊ ဗဟန်းရပ်ကွက်၊ ညောင်တုန်းကျောင်းတိုက် ဆရာတော် ဦးဩဘာသ၊ အလယ်တောရကျောင်းတိုက် ဆရာတော် ဦးသုရိယတို့ထံ၌ လည်းကောင်း ဓမ္မာစရိယတန်း ကျမ်းစာများကို သင်ယူ ခဲ့ပါသည်။

သွေးဆေးကန်တိုက်၊ ရာမညဝေပုလ္လ မွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင် နေစဉ် သက္ကရာဇ်-၁၃၂၂ခုနှစ်၌ ဓမ္မာစရိယတန်း စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော် သာသနာရေးဝန်ကြီးဌာနမှ ချီးမြှင့် ဆက်ကပ်သော သာသနဓဇဓမ္မာစရိယ ဘွဲ့တံဆိပ်တော် ကို လက်ခံရရှိခဲ့ပါသည်။ ဦးပဍ္ဍင်းဦးဣန္ဒကသည် သာသနာ့ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့သောလည်း မိမိ၏ စာပေခရီးအတွက် တင်းတိမ်ခြင်းမရှိသေးဘဲ ကျမ်းပြီး ပေါက်အောင် ဆက်လက်သင်ယူလိုပြန်သည်။ ထို့ကြောင့် ၁၃၂၃-၂၃-၂၄ ခုနှစ်များတွင် နာမည်ကျော်ကြားသည့် စာချဆရာတော်များ စုဝေးတည်ရှိရာ မန္တလေးမြို့သို့ သွားရောက်၍ ဘုရားကြီးတိုက် ဦးကြယ်ကျောင်း စာချဆရာတော် ဦးဥတ္တမသထံ၌

လည်းကောင်း၊ တောင်ထီးလင်းတိုက် ညောင်ကံတိုက် ဆီးဘန်းနီတိုက် ရွှေရေးကျောင်းတိုက်တို့ရှိ ထင်ပေါ်ကျော်ကြားသည့်စာချ ဆရာတော်များထံတွင် ပါဠိ အဋ္ဌကထာ ဋီကာ ကျမ်းစာမျိုးစုံတို့ကို သုံးနှစ်တိုင်တိုင် နှီးနှောသင်ယူခဲ့ပြန်သည်။' ဤသို့ဖြင့် ဦးပဍ္ဍင်းအရှင်ကုဏ္ဍကသည် ငတ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသော စကားအတိုင်း မိမိတို့မျှော်မှန်းထားသော စာပေခရီးပန်းတိုင် သို့ရောက်အောင် မဆုတ်မနစ် သောလုံ့လဖြင့်ဖြတ်သန်း ချီတက်လာခဲ့ရပါသည်။

## ဦးပဍ္ဍင်းအရှင်ကုဏ္ဍက ပရိယတ္တိစာပေပို့ချခြင်း

ဦးပဍ္ဍင်းအရှင်ကုဏ္ဍကသည် သာမဏေဘဝ ရဟန်းဘဝတို့၌ စာပေဆည်းပူးသင်ယူမှု အခန်းကဏ္ဍသည် အတော်အတန်ပြည့်စုံခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အရှင်ကုဏ္ဍကသည် စာသင်သားဘဝကို တဖြစ်လဲ၍ စာချဆရာတော်အဖြစ်သို့ အခြေအနေအရ ကူပြောင်းလိုက်ရပါသည်။ စာချဆရာတော် အရှင်ကုဏ္ဍကသည် ၁၃၂၆ ခုနှစ် နယုန်လပြည့်ကျော် ၂-ရက် ဗုဒ္ဓဟူးနေ့မှစ၍ မော်လမြိုင်မြို့ သဘော်လဲ ကျောင်းတိုက်၌ တနှစ်သာ စာချတာဝန်ကိုလည်းကောင်း၊ မွန်ပြည်နယ် မုဒုံမြို့နယ်နိုင်းပြိုင်ရွာ ဘုရားကျောင်း၌ ၁၃၂၇ ခုနှစ်မှစ၍ ၁၃၃၄-ခုနှစ်အထိ (၈)နှစ်တိုင်တိုင် ပထမငယ် လတ် ကြီး စာချတန်း စာဝါများကိုလည်းကောင်း မနေမနား ကြိုးစား၍ပို့ချပေးခဲ့ပါသည်။ ထို့နောက် ၁၃၃၅ခုနှစ် ကဆုန်လဆန်း ၁၃-ရက် သောကြာနေ့ ၁၉၇၄ခုနှစ် ဧပြီလ(၃)ရက်နေ့တွင် မွန်ပြည်နယ်၊ သထုံမြို့နယ် နန်းခဲရပ်ကွက်၌ မွန်ပရိယတ္တိ စာသင်တိုက်ကြီးကို ကိုယ်ထူကိုယ်ထ တည်ထောင်ပြီး အခြေပြုမူလတန်းမှ အကြီးတန်းအထိ စာဝါများကို ၁၂-နှစ်တိုင်တိုင် ဆက်လက်ပို့ချပေးခဲ့ပါသည်။

ထို့နောက် ၁၃၄၇-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော်(၁)ရက်နေ့ တနင်္လာနေ့ ၁၉၈၆ ခုနှစ် နိုဝင်ဘာလ(၁၇)ရက်နေ့ မွန်းလွဲ(၁)နာရီ အချိန်တွင် အဘိဓဇရဋ္ဌဂုရုမှဒွန်း ဆရာတော်ဘုရားကြီး၊ ဂိုဏ်းဝင် ဆရာတော်များနှင့် အညော်ရွာတိုက်ကျောင်း ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒဥတ္တရမဟာထေရ်တို့က စာချုပ်စာတမ်းနှင့်တကွ ကျောင်းအပ်နှံပေးကြသဖြင့်၊ မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ် ကညော်ရွာ ကျောင်းကြီးကျောင်း သို့ ကျောင်းတိုင်ဆရာတော် အဖြစ် ရွှေ့ပြောင်းသီတင်းသုံးခဲ့ပြီး ယနေ့တိုင်အောင် ကျမ်းဂန်စာပေများ သင်ကြားပို့ချပေးလျက် ရှိနေပါသည်။

## ဆရာတော်ဦးကုဏ္ဍက၏ သာသနာရေး ဆောင်ရွက်ချက်များ

ဆရာတော်ဦးကုဏ္ဍကသည် ငယ်ရွယ်စဉ် စာသင်သားဘဝကပင်လျှင် သာသနာရေးရာ ပေးအပ်လာသည့်တာဝန်များကို မညည်းမညူဘဲ ကြည်ဖြူစွာ လက်ခံဆောင်ရွက်တတ်သူ ဖြစ်ပါသည်။ ၁၃၁၈ ခုနှစ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် ထေရဝါဒ ဗုဒ္ဓဘာသာ၏ သမိုင်းဝင် ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ ပါဝင်ရွတ်ဆိုကြရသော ရာမညမွန် သံဃာတော်များအဖွဲ့တွင် ဆဋ္ဌသင်္ဂီတိဘာဏက သဂါထာဝဂ္ဂ သံယုတ် ပါဠိတော်အာဂုံဆောင် သံဃာတော်တပါးအဖြစ် ရွေးချယ်တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ ထိုသို့ကျရောက်လာသည့် တာဝန်ကို မလွှဲရှောင်ဘဲ ထမ်းဆောင်ပေးခဲ့မှုကြောင့် သာသနာ သက္ကရာဇ် ၂၅၀၀-ပြည့်နှစ်၊ ကောဇာသက္ကရာဇ်- ၁၃၁၈ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် သမ္မတဦးဘဦးက ဆဋ္ဌသင်္ဂီတိကာရက ဂုဏ်ပြု လက်မှတ် ဆက်ကပ်လှူဒါန်းခဲ့ပါသည်။ ထို့အပြင် သထုံမြို့ နန်းခဲရပ်ကွက်၊ မွန်ပရိယတ္တိကျောင်းတိုက်၌ သီတင်းသုံးနေစဉ် ရပ်ကွက်သံဃာနာယက အကျိုးတော်ဆောင်တာဝန်ကိုလည်းကောင်း၊ ရပ်ကွက် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းတွင် သင်တန်း

နည်းပြဆရာတာဝန်ကို လည်းကောင်း၊ ၁၃၄၂-ခုနှစ်မှ ၁၃၅၁-ခုနှစ်အထိ ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် တတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေး၌ ချောင်းဆုံမြို့နယ်၏ သံဃာ့သမုတိရ သံဃာ့ကိုယ်စားလှယ် အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့အပြင် မွန်ဒေသလုံးဆိုင်ရာ ရာမည ဓမ္မာစရိယအဖွဲ့ နှင့် ရာမညနိကာယ ပရိယတ္တိစာမေးပွဲ ကျင်းပရေးအဖွဲ့ အကျိုးတော်ဆောင်တာဝန်၊ မွန်မဟာသံဃာ့သမဂ္ဂအဖွဲ့ အကျိုးတော်ဆောင်တာဝန်တို့ကို (၁၃၅၁)ခုနှစ်မှစ၍ ယနေ့တိုင် တာဝန်ယူထမ်းဆောင်နေဆဲ ဖြစ်ပါသည်။



ထိုလက်ရှိတာဝန်များကိုအပြင် စတုတ္ထအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ဝန်ဆောင် တာဝန်ကိုလည်း ထမ်းဆောင်နေဆဲဖြစ်ပါသည်။ ယခုအခါ ဆရာတော် ဦးဣန္ဒကသည် သက်တော်(၆၆)နှစ်၊ ဝါတော်(၄၆)ဝါ ရှိပြီဖြစ်သော်လည်း သာသနာရေးရာတာဝန်များကို ယခင် ငယ်စဉ်ကသကဲ့သို့ပင် မညည်းမညူ ကြည်ဖြူစွာ လက်ခံဆောင်ရွက် နေဆဲဖြစ်ပါသည်။

❋ ပုတီးအဘိဓမ္မာ

တလုံးပုတီး
စုစီးလက်မိ
ပီတိဖြာဝိုင်း
အတိုင်းမသိ
ပုတီးတကုံး
တကြိုးဆုတ်ကိုင်
ကြိုးကိုင်သီကုံး
ဆွဲကုံးလိုက်ကာ

ရှုမငြီးလည်း
ကြိုးနဲ့ညှိသော်
လိုရာနှိုင်းလျှင်
တန်ဘိုးရှိ၏
ဖြေစုပုံ၍
ကုန်ဆုံးနိုင်ဘူး
တလုံးလုံးကို
စုပြုံပါကြောင်း
ညီညာပေါင်းမှအောင်ပွဲရသည်။

နိုင်မြတ်နိုး(ကွေ့လှ)
မုဒုံမြို့၊ မွန်ပြည်နယ်။

## ရာမညမဟာစရိယအဖွဲ့
## မွန်ဒေသလုံးဆိုင်ရာ
## ဒု-ဟိတရေ အကျိုးတော်ဆောင်
## ဘဒ္ဒန္တခေမာဝန္တ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်

| | |
|---|---|
| ၁။ ဘွဲ့တော် | ဘဒ္ဒန္တခေမာဝန္တ |
| ၂။ ကျောင်းတိုက် | ဘဲရမ်းကျောင်းတိုက် |
| ၃။ အသက်, သိက္ခာ ဂိုဏ်း | ၅၉-နှစ်၊ ၃၉-ဝါ၊ သုဓမ္မာဂိုဏ်း |
| ၄။ မွေးသက္ကရာဇ် | ၁၂၉၉-ခုနှစ် |
| ၅။ ဇာတိရပ်ရွာနှင့် မယ်တော်၊ ခမည်း တော်တို့၏အမည် | ကော့ကလော့ကျေးရွာ၊ ကျိုက်မရောမြို့နယ် ဦးကျော်ရင်၊ ဒေါ်ငွေပန်း |
| ၆။ ရှင်သာမဏေပြုခြင်း | ၁၃၁၃-ခုနှစ်၊ မုဒုံမြို့နယ် ဘဲရမ်းကျေးရွာ ၊ ဘဲရမ်းကျောင်းတိုက်၊ ဆရာတော် ဘဒ္ဒန္တပညာရမ္မထံ၌ သာမဏေပြုခြင်း။ |
| ၇။ ရဟန်းဖြစ် ရက်ချုပ် အပြည့်အစုံ | ၁၃၁၉-ခုနှစ်၊ တပေါင်းလဆုတ်(၁၃)ရက်နေ့ ၊ မုဒုံမြို့၊ ပိန္နဲတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တကေတုသာရကို ဥပဇ္ဈာယ်ပြု၍ ပစ္စယာနုဂ္ဂဟ ဒါယကာ မိဘနှစ်ပါးဖြစ်သည်။ |
| ၈။ စာပေသင်ယူခြင်း | မုဒုံမြို့ ၊ ပိန္နဲတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တကေတုသာရ၊ ဘဒ္ဒန္တပညာဝံသ၊ ဘဒ္ဒန္တနန္ဒိယ တို့ထံတော်ပါး၌စာပေသင်ယူခြင်း |
| ၉။ ပညာအရည်အချင်း | မူလဓမ္မာစရိယ |
| ၁၀။ စာပေပို့ချခြင်း | ဘဲရမ်းကျောင်းတိုက်တွင် ရဟန်းရှင်များကို အခြေခံသင်ပုန်းကြီး, ပရိတ်ကြီး သဂြိုဟ်, သဒ္ဒါကျမ်းများကို ပို့ချပေးခြင်း။ |
| ၁၁။ သာသနာရေးတာဝန်ဆောင်ရွက်ချက်များ | မုဒုံမြို့ အတောင် (၃၅၀)ရှိ ဇိနသုခရန်အောင် ချမ်းသာ လျောင်းတော်မူကြီး ဩဝါဒစရိယ၊ မုဒုံမြို့ ကန်တော်ကြီး စေတီနှင့် ကျိုက်ကမော့ကလေးဘုရား ဩဝါဒစရိယ၊ မုဒုံမြို့နယ်ကမာဝက်ကျေးရွာဇရားဘုရားနှင့် ကျိုက်ကမော့ကြီး ဩဝါဒစရိယ၊ မော်လမြိုင်မြို့ သာသနာ ၂၅၀၀စေတီ၌ အကျိုးဆောင် ရာမညဓမ္မာစရိယ မွန်ဒေသလုံးဆိုင်ရာ အကျိုးဆောင်၊ ရန်ကုန်မြို့၊ ဗဟန်း(၃)လမ်း ဓမ္မဒူတ ကမ္ဘာ့သာသနာပြုဓမ္မာရုံတွင် ဩဝါဒစရိယ၊ ရွှေတိဂုံ တောင်ဘက်မုခ် မွန်ဓမ္မာရုံ ဩဝါဒစရိယ၊ သာသနမဂ္ဂသာသနေရတာ စာမေးပွဲအမျိုးသားဆိုင်ရာ ဥက္ကဋ္ဌ၊ မွန်မြန်မာ (၂)ဘာသာဓမ္မကထိက၊ သံဃာ့ဂိုဏ်းပေါင်းစုံ မြို့နယ်သံဃာ့နာယကအဖွဲ့ အကျိုးတော်ဆောင်အဖြစ် ပထမအကြိမ်, ဒုတိယအကြိမ်, တတိယအကြိမ် (၃)ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့သည်။ လက်ရှိ စတုတ္ထအကြိမ် မုဒုံမြို့နယ် သံဃနာ |

ယကအဖွဲ့၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျှက်ရှိသည်။

၁၂။ ရေးသားပြုစုသော ကျမ်းဂန်များ — ၁။ ယမိုက်အရကောက်၊ ၂။ ပဋ္ဌာန်းအရကောက်၊ ၃။ ဆန်းနိသျ၊ ၄။ အလင်္ကာနိသျ၊ ၅။ သဒ္ဒါကြီးနိသျပ, ဒ၊ ၆။ သင်္ဂဟနိသျ၊ ၇။ အဘိဓာန်နိသျ၊ ၈။ ဝိနည်းနိသျ၊ ၉။ မာတိကာဓာတုကထာအရကောက်၊ ၁၀။ သုတ်စဉ် မွန်ဘာသာဖြင့် စုပေါင်းပြုစုသည်။

၁၃။ ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားမှု — မည်သည့် အကြောင်းကိစ္စ မဆိုကြီးကျယ်အောင် မပြုလုပ်ရ စိတ်ကောင်းရှိဖို့ ပထမစသည်ဖြင့် အမြဲဆိုဆုံးမလေ့ရှိသည်။



ဗုဒ္ဓဝါဒ အနတ္တ
လူမျိုး, ဘာသာ,
မြတ်သာသနာ
စောင့်ထိန်းဘို့ သာ
တို့တာဝန်ပါ

သာသနာဆိုတာ
အများအတွက်
နှစ်သက်မြတ်နိုး
ဆည်ကပ်ကိုးကွယ်
ဗုဒ္ဓဝါဒ အနတ္တပါ

စောင့်ထိန်းကာလ
အတ္တဖယ်ရှောင်
စုပေါင်းညီစွာ
ဆောင်ရွက်ကြပါ။

ကွန်တာလနိုင်
(မော်ရွှေမြိုင်)



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ကြီးကြပ်ရေးမွန်စာချဆရာတော်များ၏
အမှတ်တရဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဝင်ရောက်ဖြေဆိုမည့် မွန်သံဃာတော်များ၏ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဆွမ်းအလှူရှင်ဒု-ဥက္ကဋ္ဌမင်းဝင်းထိန်နှင့် ဇနီးဒေါ်ကြင်စီဒွေးတို့က
သံဃာတော်များအား ဆက်ကပ်လှူဒါန်းနေစဉ်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဆွမ်းဘုဉ်းနေစဉ် မဟာနာယက ဆရာတော်ကြီးများ၏
မှတ်တမ်းတင်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဆွမ်းဘုဉ်းကြွချီနေစဉ် မွန်စာဖြေသံဃာတော်များ၏ဓာတ်ပုံ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဝင်ရောက်ဖြေဆိုမည့် မွန်ရှင်, ရဟန်းသံဃာများက
ဆွမ်းဘုဉ်းနေစဉ်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဆုနှင်းသဘင်အခမ်းအနား အမှတ်တရဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
စာအောင်မွန်သံဃာတော်များအား နိုင်ထွန်းအုံးနှင့် နိုင်ချစ်ငွေက
လှူဒါန်းဝတ္ထု ဆက်ကပ်နေစဉ်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲ
အခမ်းအနားတွင် ဒု-ဥက္ကဋ္ဌနိုင်သက်လွင်က ထာဝရ
ပဒေသာပင်လက်မှတ်ပေးအပ်နေစဉ်



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ရေစက်ချအခမ်းအနား မှတ်တမ်းတင်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ရာမညနိကာယပရိယတ္တိ စာမေးပွဲကြာရှည် တည်မြဲဘို့ ရန်
ဆွမ်းကွမ်းဝေယျာဝစ္စ ဥက္ကဋ္ဌ-နိုင်ထွန်းအုံးက
တိုက်တွန်းနှိုးဆော်နေစဉ်ဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
ဝင်ရောက်ကုသိုလ်ယူနေကြသော မွန်ကောလိပ်, စက်မှုသိပ္ပံ, တက္ကသိုလ်
ကျောင်းသား / ကျောင်းသူများ၏ အမှတ်တရဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
စာအောင်မွန်သံဃာတော်များအား နဝကမ္မ ဆက်ကပ်လှူဒါန်းနေစဉ်
မွန်ဒါယကာ, ဒါယိကာများတို့၏ အမှတ်တရဓာတ်ပုံများ



(၁၅)ကြိမ်မြောက်
မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယပရိယတ္တိ စာမေးပွဲတွင်
မွန်ကောလိပ်, စက်မှုသိပ္ပံ, တက္ကသိုလ်ကျောင်းသား / ကျောင်းသူများ၏
အမှတ်တရဓာတ်ပုံများ

မွန်ဒေသလုံးဆိုင်ရာ ရာမညနိကာယ စာမေးပွဲအဖွဲ့ ၏

ဝေယျာဝစ္စ အလုပ်အမှုဆောင်လူကြီးများ

၁။ ဥက္ကဋ္ဌ နိုင်ထွန်းအုံး (ရန်ကုန်)

၂။ ဒု-ဥက္ကဋ္ဌ နိုင်သက်လွင် (ရန်ကုန်)

၃။ ဒု-ဥက္ကဋ္ဌ နိုင်ဝင်းထိုက် (မော်လမြိုင်)

၄။ အတွင်းရေးမှူး(၁) နိုင်ချစ်ငွေ (မော်လမြိုင်)

၅။ အတွင်းရေးမှူး(၂) နိုင်အောင်ခ (မော်လမြိုင်)

၆။ ဘဏ္ဍာရေးမှူး နိုင်ဖေတင် (ရန်ကုန်)

၇။ စာရင်းစစ် နိုင်ထွန်းအောင် (မော်လမြိုင်)

၈။ အဖွဲ့ဝင် နိုင်ရွှေအောင် (မော်လမြိုင်)

၉။ အဖွဲ့ဝင် နိုင်မောင်စော (မော်လမြိုင်)

ရာမညနိကာယပရိယတ္တိစာဖြေဌာန

အလှူရှင်များ

မွန်ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက, ဘဒ္ဒန္တဥတ္တမ-ထိုင်းနိုင်ငံဝင်ကမြို့ ကျပ်-၅၃သိန်းနှင့် မွန်ဗုဒ္ဓဘာသာဝင်များကျပ်-၄၇သိန်းကျော်ဖြစ်ပါသည်။

* * *

တိပိဋကရေဘွဲ့ ထာဝရပဒေသာပင်

နိုင်ထွန်းအုံး+မိပန်းကြည် မိသားစု ကျပ်(၁၀၀၀၀၀) မတည်ခဲ့ခြင်းဖြစ်ပါသည်။

* * *

ရာမညနိကာယပရိယတ္တိ ထာဝရ

ဝေယျာဝစ္စပဒေသာပင်

နိုင်ဘသန်း(ဒေါ်လုံးခင်)မိသားစု ကျပ်(၁၀၀၀၀၃) လှူဒါန်းပါဝင်ကြပါသည်။

အထက်ပါအလှူရှင်များနှင့်မွန်ဗုဒ္ဓဘာသာ ဝေယျာဝစ္စအဖွဲ့များတို့အား ဤရာမညဓမ္မာစရိယ အဖွဲ့မှ အထူးပဲကျေးဇူးတင်ပါသည်ဟုမှတ်တမ်းတင် အပ်ပါသည်။

* * *

[ ကျေးဇူးတင်လွှာ ]

ဤရာမညဓမ္မာစရိယအဖွဲ့အစည်းကြီး (၂၅)နှစ် ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်အားပေးခဲ့ကြသော ပျံလွန်ခဲ့ပြီး, သက်တော်ထင်ရှားရှိဆဲ ဆရာတော် သံဃာတော် ထေရ်ရှင်များအားငှင်း၊ ကွယ်လွန်ခဲ့ပြီး, သက်ထင်ရှားရှိဆဲ လူပုဂ္ဂိုလ်များအားငှင်း၊ ဤသံဃာ့အဖွဲ့အစည်းကြီးကို ကြာရှည်တည်တံ့အောင် အားပေးထောက်ခံခဲ့ကြသော ပုဂ္ဂိုလ် အားလုံးတို့အားငှင်း၊ ဤအဖွဲ့ကြီးအနေဖြင့် အမှတ်ရ ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်အပ် ပါကြောင်း ။

**ရာမညဓမ္မာစရိယအဖွဲ့**
မွန်ဒေသလုံးဆိုင်ရာ၊ မွန်ပြည်နယ်။

## ●ရတုသဘင်ပွဲနှင့်မွေးနေ့ မင်္ဂလာပွဲများ●

(ရတုသဘင်ပွဲနှင့်မွန်မြန်မာ့ယဉ်ကျေးမှု)

ကျွန်ုပ်တို့မွန်,မြန်မာနိုင်ငံ၌ မွန်မြန်မာ့ယဉ်ကျေးမှု အနေဖြင့် ကျင်းပပြုလုပ်လျက်ရှိကြသော ရတုသဘင်ပွဲကား စာရေးသူတင်ပြနေကြ ဖြစ်သည့် ရှင်ပြုမင်္ဂလာပွဲ၊အိမ်တက်မင်္ဂလာပွဲ၊စတုဒိသာကျွေးပွဲနှင့်နိဗ္ဗာန်ဈေးအလှူပွဲများကဲ့သို့ မြတ်ဗုဒ္ဓ၏ဒေသနာတော်အရ ကျင်းပပြုလုပ်သော ဗုဒ္ဓယဉ်ကျေးမှုပွဲမျိုးမဟုတ်၊ အနောက်ယဉ်ကျေးမှုမှ ဆက်နွယ်လာသည့် မွန်,မြန်မာ့ယဉ်ကျေးမှုပွဲမျိုးသာဖြစ်ပါသည်။ မှန်ပါသည်၊ကမ္ဘာပေါ်ရှိ လူမျိုးတိုင်းတွင် ကိုးကွယ်မှုဘာသာတရားမှ ယဉ်ကျေးမှုများဖြစ်ပွားလာသကဲ့သို့ လူမျိုးတစ်မျိုး၏ စိုးမိုးအုပ်ချုပ်မှုကို ခံရသော အခါ၌လည်းကောင်း၊ လူမျိုးတစ်မျိုးနှင့် ကူးလူးဆက်ဆံမှုများသည့်အခါ၌လည်းကောင်း၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုသည် အခြားလူမျိုး၏ယဉ်ကျေးမှုသို့ ကူးပြောင်းဆက်နွယ်လာလေ့ရှိသည်မှာ လောကသဘာဝပင်ဖြစ်ပါသည်။ သို့ရာတွင် လူတစ်မျိုးနှင့် တမျိုးမှာ ကိုးကွယ်သည့် ဘာသာဓလေ့ထုံးစံ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု စသည်တို့ ခြားနားမှုတို့ကြောင့် ယဉ်ကျေးမှုကူးပြောင်းရာတွင် တပုံစံတည်းဖြစ်မလာပဲ မိမိတို့ဓလေ့ထုံးစံအလိုက် ကူးပြောင်းလေ့ ရှိသည်ကို တွေ့ရှိရပေသည်။

ဥပမာအားဖြင့် မွန်မြန်မာနိုင်ငံတွင် ခေတ်စားနေသည့် ရတုသဘင်ပွဲများကဲ့သို့ပင် ဖြစ်ပါသည်။

## အနောက်တိုင်းယဉ်ကျေးမှုနှင့်ဂျူဗီလီ

ဤရတုသဘင်ပွဲဟူသော ဝေါဟာရသည် ဂျူဗီလီ *(Jubilee)*ဟူသော အင်္ဂလိပ်ဝေါဟာရကို ဘာသာပြန်ဆိုထားသော ဝေါဟာရဖြစ်သည်။ ဂျူဗီလီဆိုသည်မှာ-(၁)ရဟူတီခေါ် ဂျူးလူမျိုးတို့ အနှစ်ငါးဆယ်ပြည့်တိုင်း ကျွေးမြီတလင်းလှဲ၍ ငွေဝယ်ကျွန်များ လွှတ်ရသည့် ယုဘီလပွဲ၊ (၂)နှစ်ပေါင်းငါးဆယ် တပတ်လည်နှစ်၊ (၃)အထူးတလည်ဆင်နွှဲရသည့်



ပျော်ပွဲရွှင်ပွဲ၊ (၄)နှစ်ဆယ့်ငါးနှစ် တပတ်လည်နှစ်၊ (၅)နှစ်ပေါင်းခြောက်ဆယ် တပတ်လည်နှစ်ဖြစ်သည်ဟု အင်္ဂလိပ်မြန်မာ အဘိဓါန်ကျမ်းများ၌ ဖွင့်ဆိုထားပါသည်။ မှန်၏၊ ဤဂျူဗီလီ ဟူသော အင်္ဂလိပ်ဝေါဟာရသည် သိုးဦးချို(ခရာ)တို့ကို မှုတ်ခြင်းဟု အဓိပ္ပါယ်ရသည့် *(Yobel)*ဟူသော ဟီဘရူးဝေါဟာရမှ ဆင်းသက် လာသော ဝေါဟာရ ဖြစ်သည်။ ရှေးအခါက ကြွယ်ဝချမ်းသာသော ဂျူးသဌေးကြီးများသည် မိမိတို့ စေခိုင်းထားသည့် ငွေဝယ်ကျွန်များကို ခရာမှုတ်၍ ကျွန်စာရင်းကြေညာသည့်နေမှ ၂၅-နှစ်မြောက် တစ်ကြိမ်၊ ၅၀-နှစ်မြောက် တစ်ကြိမ် ကျွန်စာရင်းက ပယ်ဖျက်ပြီး လွတ်လပ်ရေး ပေးလေ့ရှိကြ၏။ ကြွေးမြီများကို ဖျက်သိမ်းခြင်း၊အိုးအိမ်မြေယာစသည့် ပစ္စည်းများကို မူလပိုင်ရှင်ထံသို့ ပြန်ပေးခြင်း

များကိုလည်း ပြုလုပ်လေ့ရှိသည်။ ဤသို့သော အချိန်မျိုး၌ လွတ်လပ်ရေးရသူကျွန်များနှင့် လွတ်လပ်ခွင့်ပေးသူ ကျွန်ပိုင်ရှင်ကြီးတို့ အထူးတလည် ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်သည့် အထိမ်းအမှတ်ဖြင့် ပျော်ပွဲရွှင်ပွဲများကို ကျင်းပလေ့ရှိသည်။ ဤပွဲကို ဂျူးဘာသာအနေနှင့် ယုဘီလပွဲခေါ်သည်ဟု ဒေါက်တာဘဟန်၏ တက္ကသိုလ် အင်္ဂလိပ်-မြန်မာ အဘိဓါန်ကြီး၌ ဖေါ်ပြထားသည်။ ထိုဟီဘရူးဝေါဟာရမှတဆင့် ပြင်သစ်လို ဂျူဘီလမ်၊ အင်္ဂလိပ်လို ဂျူဗီလီ၊ မြန်မာလို ဂျူဗလီ ဟု အသီးသီး ဖြစ်လာသည်။ အမှန်စင်စစ် ဤဂျူဗလီပွဲသည် ပထမတွင် ဂျူးလူမျိုးတို့၏ ယဉ်ကျေးမှုပွဲ ဖြစ်သည်။ ထိုယဉ်ကျေးမှုပွဲသည် တစတစကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့သွားပြီး ကိုယ်လူမျိုး၊ကိုယ့်စရိုက်နှင့်အညီ ကိုယ်နည်း ကိုယ့်ဟန်ဖြင့် ကျင်းပပြုလုပ်လာကြရာမှ ပြင်သစ် ယဉ်ကျေးမှု၊ အင်္ဂလိပ်ယဉ်ကျေးမှု၊ မြန်မာယဉ်ကျေးမှု ပွဲများ ဖြစ်လာကြသည်။

## ဂျူဗီလီအမျိုးမျိုး

ဂျူဗလီပွဲများမှာ- (၁)ဆစ်လ်ဗားဂျူဗလီပွဲ၊ (၂)ဂိုးဒင်းဂျူဗလီပွဲ၊ (၃)ဒိုင်းမွန်ဂျူဗလီပွဲဟူ၍ သုံးမျိုးသုံးစား ရှိကြောင်း အင်္ဂလိပ်အဘိဓါန်စာအုပ်များ၌ ဖွင့်ဆို ထားသည်။ ထိုတွင်၂၅-နှစ်မြောက်(ဝါ)၂၅-နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကို ဆေးလ်ဗားဂျူဗလီ၊ အနှစ်၅၀- မြောက် အထိမ်းအမှတ်ပွဲကို ဂိုဒင်းဂျူဗလီ၊ အနှစ်၆၀- မြောက်ပွဲကို ဒိုင်းမွန်းဂျူဗလီဟု အသီးသီးခေါ်ဆိုထား ပေသည်။ ဥပမာအားဖြင့် ဘုရင်မင်းမြတ်နန်းတက် ၍ အနှစ်(၅၀)ပြည့်သည့်နှစ်၊ ရိမန်ကက်သလစ်ဘုန်းကြီး မြောက်၍ အနှစ်၅၀-ပြည့်သည့်နှစ်တို့၌ ဂိုးလ်ဒင်း ဂျူဗလီပွဲကိုကျင်းပ ပြုလုပ်ကြသည့်နည်းတူ အင်္ဂလန် ပြည့်ရှင်ဝိတိုရိယ ဘုရင်မကြီးနန်းသည့် နှစ်ပေါင်း၆၀- ပြည့်တွင် ဒိုင်းမွန်းဂျူဗလီပွဲကို ကျင်းပသကဲ့သို့ဖြစ်သည်။ ဤသည်မှာ ကမ္ဘာ့အနောက်နိုင်ငံများ၌ ကျင်းပပြုလုပ် လေ့ရှိသည့် အနောက်တိုင်းယဉ်ကျေးမှု ဂျူဗလီပွဲများ ဖြစ်သည်။

## ဂျူဗီလီပွဲမှရတုသဘင်သို့

စာရေးသူလက်လှမ်းမှီသလောက် သုတေသန ပြုကြည့်ရာ မွန်မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့်နောက်ပိုင်းမှသာ ဤဂျူဗလီပွဲကဲ့သို့သော ပွဲမျိုးကို ကျင်းပပြုလုပ်လာကြသည်ဟု သိရှိရပေသည် ဂျူဗလီဟူသော ဝေါဟာရကို ရတုသဘင်ဟု မွန်မြန်မာ အသွင်သို့ ပြောင်းလဲယူခြင်းမှာ အလွန်အံဝင်ခွင်ကျ ရှိလှပေသည်။ ပါဠိဝေါဟာရ မဟုတ်သောလည်း ပါဠိ ဝေါဟာရကဲ့သို့ ခန့်ငြားသည်၊ ကျစ်လစ် သိပ်သည်းသည်၊ သုတိသာယာရှိသည်။ ဤသို့ ဂျူဗလီဟူသော ဝေါဟာရနှင့် အံဝင်ခွင်ကျဖြစ်၍ ပါဠိဝေါဟာရကဲ့သို့လေးနက် ခန့်ငြားသည့် မွန်မြန်မာ ဝေါဟာရစစ်စစ်ကို ရွေးချယ် ဘာသာပြန်ဆိုခဲ့သူ ပညာရှင်အား အထူးချီးကျူးထိုက်လှပေသည်။

ရှင်းပြဦးအံ့၊ ရတုဟူသောဝေါဟာရသည် မြန်မာဘာသာတွင် စကားဟောင်း (ပေါရာဏကထာ) တခုဖြစ်ကြောင်း မုံရွေးဆရာတော်၏ဂမ္ဘီရကထာကျမ်း တွင် ဖော်ပြထားပါသည်။ ထိုရတုဟူသော ပေါရဏကထာသည် (၁)ပွဲသဘင်၊ (၂)အခမ်းအနား၊ (၃)အခြေအနေ ဟုအဓိပ္ပါယ်သုံးမျိုးရသည်။ ထိုတွင် ပွဲသဘင်နှင့်ပတ်သက်၍ စမွေယျပျို့၌ "ရွှင်ပြုံးပျော်ပါး၊ နှါးတို့မှူး၊ရတုသဘင်၊ပဥ္စင်တူရိယာ" ဟုလည်းကောင်း၊ သခင်ကြီးချေင်းတွင် "သည်းကြားလွန်းကျင်၊ မိ ချစ်ရှင်ကား၊သဘင်ရတု၊မင်မှုပိုက်များ၊ကျူးလျှောက် သည်၊" ဟုလည်းကောင်း ဆီသည်ရွာစား ဦးအောင်ကြီး ၏ ၁၂-ရာသီဘွဲ့လူးတားတွင် "တော်သလင်းကား၊ မြစ်တွင်ရတု၊ပန်လှသဘင်၊သစ်ဆင်းယင်လျက်" ဟု လည်းကောင်း၊ရတုကို ပွဲသဘင်အဓိပ္ပါယ်ဖြင့်ဖွင့်ဆိုထား သည်ကို တွေ့ရပါသည်။ သက္ကတဘာသာ "ရိတု" မှ ဖြစ်လာသောရတုကား အခါရာသီ ဟုအဓိပ္ပါယ် ရ၍ ကဗျာလင်္ကာအရာ၌ အသုံးပြုသော "ရတု"နှင့်သာ သက်ဆိုင်၍ ဤနေရာ၌ မလိုအပ်ပါချေ။ ပွဲသဘင်နှင့် အခါရာသီအဓိပ္ပါယ်များ ရှိသည်။ရတု-ဟူသော

ဝေါဟာရကို ပါဠိ၊အဋ္ဌကထာ၊ဋီကာကျမ်းများနှင့် ပါဠိအဘိဓါန်ကျမ်းကြီးများ၌ မတွေ့ရှိရသဖြင့် ပါဠိဘာသာ၌ "ရတု"ဟူသောဝေါဟာရ မရှိဟု ဆိုရပါမည်။ သို့သော် ပါဠိသန်သည့်အချို့ပညာရှင်များကမူ သတ္တဝါတို့ မွေ့လျော်ပျော်ပိုက်ရာ ပျော်ပိုက်ကြောင်းဖြစ်သောကြောင့်လည်းကောင်း (ရမန္တိ သတ္တာ ဧတ္ထ ဧတေ နာဘိဝါရတု) လူတို့ကို နှစ်သက်စေတတ်သောကြောင့်လည်းကောင်း (ရတိဇာနေတီတိရတု) ရတုလင်္ကာခေါ်သည်ဟု ဖွင့်ဆိုထားကြပေသေးသည်။ ဤဂျူဗလီကို ဘာသာပြန်ဆိုသောရတုသဘင်ကား "ရတုသဘင်၊ပဉ္စင်တူရိယာ"၌ ဖွဲ့ဆိုထားသော ရတုပုဒ်ကဲ့သို့ ပွဲသဘင်ဟု အဓိပ္ပါယ်ရသော မွန်မြန်မာ့ စကားဟောင်း(ပေါရာဏကထာ)တပုဒ်ပင်ဖြစ်ပါသည်။

မွန်မြန်မာတို့သည် ဂျူဗလီခေါ် ရတုသဘင်ပွဲများကို ကျင်းပပြုလုပ်ကြရာ၌ ဆစ်လ်ဗားဂျူဗလီကို ငွေရတုသဘင်၊ ဂိုးဒင်းဂျူဗလီကို ရွှေရတုသဘင်၊ ဒိုင်းမွန်းဂျူဗလီကို စိန်ရတုသဘင်ဟု အသီးသီးသတ်မှတ်ကျင်းပကြပါသည်။ ဤရတုသဘင်များနှင့် ပတ်သက်၍ နှစ်ကာလပိုင်းခြားပုံမှာ ငွေရတုသဘင်၊ရွှေရတုသဘင်၊တို့၌ အနောက်နိုင်ငံများနှင့် တူသော်ငြားလည်း စိန်ရတုသဘင်၌မူ ကွဲပြားခြားနားသည်။ အနောက်နိုင်ငံများ၌ ဒိုင်းမွန်းဂျူဗလီကို အနှစ်၆၀-ပြည့် ဟုသတ်မှတ်သော်လည်း မွန်မြန်မာတို့က ၇၅-နှစ် ပြည့်မှ စိန်ရတုသဘင်ဟု သတ်မှတ်သည်။ မွန်မြန်မာ တို့၏ ရတုသဘင်ပွဲ သတ်မှတ်ပုံမှာ ၂၅-နှစ်စီ ပိုင်းခြားသတ်မှတ်ထားသဖြင့် မှတ်သားရလွယ်ကူပေသည်။ ၇၅-နှစ်ပြည့်သည့်အခါ စိန်ရတုသဘင်ပွဲကို ကျင်းပပြီးနောက် ၂၅-နှစ်ကြာ၍ နှစ်၁၀၀-ပြည့်သည့်အခါ ရာပြည့် အထိမ်းအမှတ်ပွဲ အဖြစ် ကျင်းပပြုလုပ်လေ့ရှိကြရာ ငွေရတုသဘင်မှ ရာပြည့်ပွဲအထိ ၂၅-နှစ်စီ သတ်မှတ်ကျင်းပသည်ကို တွေ့ရပေသည်။

## ရတုသဘင်ပွဲများနှင့်အကျိုးအမြတ်

ဤသဘင်ပွဲများ ကျင်းပခြင်းကို လေ့လာသုံးသပ်ကြည့်လျှင် မြို့ကြီးများ လောကီအသင်းအဖွဲ့များစသည်တို့ကို အကြောင်းပြု၍ ကျင်းပသော ရတုသဘင်ပွဲများ၌ လူမှုရေးနယ်တွင် လောကအကျိုးများအနည်းနှင့်အများရရှိသကဲ့သို့ ကျောင်းတိုက်ကြီးများ၊ စာသင်တိုက်ကြီးများ၊ပရိယတ္တိအသင်းများနှင့်ပရိယတ္တိစာမေးပွဲများကို အစွဲပြု၍ ကျင်းပကြသည့် ရတုသဘင်ပွဲများ၌လည်း လောကအကျိုး၊ တမလွန်အကျိုးများ၊ များစွာရရှိနိုင်ပေသည်။ ထိုကျောင်းတိုက်ကြီးများစသည်တို့ကို အစွဲပြု၍ ရတုသဘင်ပွဲများ ကျင်းပကြခြင်းသည်၊ ပရိယတ္တိသာသနာတော်ကို အားပေးရာ ရောက်သဖြင့် သာသနာတော် အတွက်လည်း ကျေးဇူးများသည်။ ဆရာတော်သံဃာတော်များအနေဖြင့်လည်း မိမိတို့ကျောင်းတိုက်ကြီး၏ အတိတ်က ဆောင်ရွက်ခဲ့သည့်သာသနာပြုလုပ်ငန်းများကိုပြန်လည်သုံးသပ်၍ မှတ်တမ်းတင်နိုင်ခြင်း၊ အနာဂတ်တွင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ခြင်းစသော အကျိုးများ ကိုရရှိနိုင်ပါသည်။ ဒါယကာ ဒါယိကာမများမှာမူ ဆရာတော်ဘုရားကြီးများ၏ ဆုံးမဩဝါဒကို နာယူ ရသဖြင့် ဓမ္မဿဝနကုသိုလ်လည်းဖြစ်သည်။ ပစ္စည်းလေးပါးတို့ကို ထောက်ပံ့ လှူဒါန်းရခြင်း ဒါနကုသိုလ်၊ ငါးပါးသီလ ဆောက်တည်ရခြင်း သီလကုသိုလ်၊ အမှုကြီးငယ်တို့ ရွက်ဆောင်ရခြင်းဝေယျာဝစ္စကုသိုလ် စသောကုသိုလ်တရားများဖြစ်ပွါးကြရပေသည်။ ဤကဲ့သို့ သာသနာတော် အတွက်လည်း ကျေးဇူးများ၊ ဆရာတော်သံဃာတော်များအတွက်လည်းအကျိုးများ၊ ဒါယကာ ဒါယိကာမများအတွက်လည်း ကုသိုလ်များနိုင်လေသောကြောင့် ဤရတုသဘင်ပွဲများကိုဆင်ယင်ကျင်းပကြခြင်းသည် မွန်မြတ်သောလုပ်ရပ်တခု ဖြစ်ပေသည်။ တနည်းအားဖြင့်ဆိုသော် ဤပွဲများသည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ထုံးတမ်းစဉ်လာအရ

ကုသိုလ်ပြုပွဲ တီထွင်ကာ ဆရာနှင့်ဒကာပေါင်းစပ်၍ ကောင်းမှုပြုကြသည့် ပွဲများပင်ဖြစ်ပါသည်။

## မွေးနေ့ မင်္ဂလာပွဲ

ရတုသဘင်ပွဲများ အကြောင်း.ကို ဖေါ်ပြပြီးသည့်နောက် မွေးနေ့မင်္ဂလာပွဲ အကြောင်းကို ဆက်လက် တင်ပြပါမည်။ မွေးနေ့မင်္ဂလာသည် ရတုသဘင်ပွဲများကဲ့သို့ အနောက်တိုင်းယဉ်ကျေးမှုမှ ဆက်နွယ်လာသည့် ပွဲမဟုတ်၊ ဗြဟ္မဏဝါဒမှ ဆက်နွယ်လာသည့် ပွဲတပွဲဖြစ်ပါသည်။ ဗြဟ္မဏဝါဒ၌ ဇောတိသတ္တ၊ ရာဇမတ္တန်စသော ဝေဒ(ဗေဒင်) ကျမ်းများရှိပါသည်၊ ထိုကျမ်းများ၌ လောကီ မင်္ဂလာများကို ဖေါ်ပြထားသည်။ ရှေးခေတ် မွန်မြန်မာ ဘုရင်များထံပါး၌ ခစားလျက်ရှိကြသည့် ပုဏ္ဏား ပညာရှိကြီးများသည် ထိုဝေဒကျမ်းများမှ လောကီ မင်္ဂလာ ၁၂-ပါး ကိုဖော်ထုတ်ခဲ့ကြသည်။ ရှေးမွန်မြန်မာ ဘုရင်တို့သည် ထိုလောကီမင်္ဂလာ ၁၂-ပါးကို ထိုက်သလို ကျင်းပ ပြုလုပ်ခဲ့ကြသည်။ ထို မင်္ဂလာများမှာ ပဋိသန္ဓေတည်နေသည်မှ မီး ရှူးသန့်စင်မဖွားမြင်မီ အတွင်း ပဋိသန္ဓေသား၏ ကြီးပွားရာ ကြီးပွားကြောင်းကို ရည်ရွယ်၍ အကြိမ်ကြိမ် အဖန်ဖန် ပြုလုပ်သော ဂဗ္ဘဝါသမင်္ဂလာ၊ မီးရှူးသန့်စင်ဖွားမြင်သည့်နေ့တွင် ပြုလုပ်သော ဝိဇာတမင်္ဂလာ၊ဖွားပြီး၍ နေ့ရက်မကြာမီအတွင်း တရော်ကင်းပွန်းတို့ဖြင့် ဦးခေါင်းဆေးလျော်၍ ကင်ပွန်းတပ်ခြင်း သိရောဒမင်္ဂလာ၊ စသည်တို့ဖြစ်ပါသည်။ ထိုမင်္ဂလာပွဲများတွင် "ဝိဇာတမင်္ဂလာ" ဆိုသည် မှာ မွေးဖွားသည့်နေ့၌ ပြုလုပ်သောမင်္ဂလာပွဲ ဖြစ်၍ ယခုမွန်မြန်မာတို့ ပြုလုပ်ကျင်းပသည့် မွေးနေ့မင်္ဂလာပွဲမှာလည်း ထိုမင်္ဂလာပွဲမှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ရှေးအခါက စတင်မွေးဖွားသည့်နေ့မှာ ဝိဇာတမင်္ဂလာပွဲကို တကြိမ်သာကျင်းပပြုလုပ်လေ့ ရှိကြပါသည်။

ယခုခေတ်၌မူ စတင်မွေးဖွားသည့်နေ့၌ မင်္ဂလာပွဲပြုလုပ်လေ့မရှိပဲ အသက်အရွယ် ကြီးပြင်းလာသည့်အခါမှသာ မိမိမွေးရက်ရောက်ချိန်တွင် ဝိဇာတမင်္ဂလာခေါ် မွေးနေ့မင်္ဂလာပွဲကို ပြုလုပ်လေ့ ရှိကြပါသည်။

## ရှင်သီဝလိ၏ မွေးနေ့ မင်္ဂလာ

စာရေးသူသည် ဘုရားရှင်လက်ထက်က မွေးနေ့မင်္ဂလာပွဲကို ကျင်းပပြုလုပ်လေ့ရှိသလော၊ သာသနာတော်၌ မွေးနေ့ကျင်းပပြုလုပ်သည့် အစဉ်အလာရှိခဲ့သလော၊ မွေးနေ့မင်္ဂလာ ပြုလုပ်ရမည်ဟု ဘုရားရှင် ညွှန်ကြားခဲ့သလော စသည့် မေးခွန်းများ၏ အဖြေကို ကျမ်းဂန်များ၌ ရှာဖွေကြည့်ရာ မူလက မွေးနေ့မင်္ဂလာပွဲပြုလုပ်ရန် မရည်ရွယ်သော်လည်း တိုက်တိုက်ဆိုင်ဆိုင်မွေးနေ့မင်္ဂလာပွဲ ပြုလုပ်ကျင်းပ ဖြစ်သွားသည့် အကြောင်းအရာတစ်ခုကိုမူ အင်္ဂုတ္တရ အဋ္ဌကထာ ပထမတွဲ ဧကဒဂ္ဂ၌တွေ့ရပါသည်။ ဘုရားရှင်လက်ထက်တော်က ကောလိယမင်း၏ သမီး သုပ္ပဝါသာ သာကီဝင်မင်းသမီးသည် ခုနစ်နှစ်နှင့် ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၍ ခုနစ်ရက်တိုင်တိုင် ကိုယ်ဝန်ကြောင့်မိန်းမောတွေဝေခြင်း ဆင်းရဲဒုက္ခတို့ကို အပြင်းအထန်ခံစားနေရသည်။ "မင်းသမီးလေးတော့ သေမှာပဲ"ဟုစိုးရိမ်ပူပန်နေကြသည်။ မျက်ရည်ဝိုင်းနေကြသောမျက်စိကိုယ်စီဖြင့် မင်းသမီးလေးကို ဝိုင်းကြည့် နေကြရသည်။ မင်းသမီးလေးကမူ ရတနာသုံးပါးတို့၏ ဂုဏ်တော်တို့ကို အဖန်ဖန်အထပ်ထပ် အောက်မေ့ ဆင်ခြင်ကာ ထိုပြင်းထန်လှသည့် ဆင်းရဲဝေဒနာကြီးကို မညည်းမညူ သည်းခံနေရရှာပေသည်။ ခုနစ်ရက်မြောက် နေ့မှာမူ"ငါမသေခင်အလှူပြုခဲ့မည်"ဟုအကြံဖြစ်လာပြီး မိမိ၏ခင်ပွန်းသည် ကောလိယမင်းသားကို အနီးသို့ ခေါ်ပြီး"ကျွန်မရဲ့ ဖြစ်ပုံအလုံးစုံကိုမြတ်စွာဘုရားအား လျှောက်ထားပြီး မြတ်စွာဘုရားကို ဆွမ်းစားပင့် ခဲ့ပါ။ ဘုရားရှင်ရဲ့ပြောကြားချက်များကိုလည်း ကျွန်မကို

ပြန်ပြောပါ"ဟုမှာကြားပြီး ဘုရားရှင်ထံစေလွှတ်လိုက်သည်။ ဘုရားရှင်ထံ ရောက်၍ ကောလိယမင်းသားကလျှောက်ထားသည့်အခါ မြတ်စွာဘုရားက "သုပ္ပဝါသာသည်ရောဂါမရှိ ပကတိကျန်းမာချမ်းသာပါစေ၊ရောဂါမရှိ ကျန်းမာချမ်းသာလျက် ရောဂါကင်းဝေးသောသားကို ဖွားမြင်ပါစေ"ဟုမေတ္တာပို့တော်မူသည်။ ထိုခဏ၌ပင် သပ္ပါသာမင်းသမီးလေးမှာရောဂါမရှိပကတိ ကျန်းမာချမ်းသာလျက် ရောဂါကင်းသောသားတော်ကလေးကိုဖွားမြင်သတဲ့၊ ထိုအခါ မင်းသမီးလေးအနီး၌ စိုးရိမ်တကြီးဖြင့် ဝိုင်းရံနေကြသည့် ဆွေတော်မျိုးတော်များမှာ စိုးရိမ်ပူပန်နေရာမှ တခဏခြင်းဝမ်းသာပျော်ရွှင်သွားကြ၏။ မျက်နှာများ ကြည်လင်လာပြီး မဲ့ရာမှပြုံးနိုင်လာကြတော့၏ ဤကဲ့သို့ ဆွေမျိုးအပေါင်းတို့ စိုးရိမ်ပူပန်မှု ဖြစ်နေကြခြင်းကို ပျောက်ကင်း ငြိမ်းအေးစေလျက် ဖွားမြင်လာသောကြောင့် ထိုမင်းသားငယ်ကို "သီဝလီ" ဟု နာမည်မှည့်ခေါ်ကြသည်။ သီဝလီဟူသော ပါဠိမှာ မြန်မာလို"အေးငြိမ်းစေတတ်သူ" ဟုအဓိပ္ပါယ်ရပါသည်။ ကောလိယမင်းသားသည် မြတ်စွာဘုရား၏စကားကို မှတ်သားပြီး မြတ်စွာဘုရားကိုပင့်ဖိတ်ခဲ့သည်။ မင်းချင်းယောကျ်ားတို့သည် ကောလိယမင်းသားကို အားရဝမ်းသာ ပြုး၍ဆီးကြိုကြသည်။ မင်းသားသည် မင်းချင်းယောကျ်ားတို့၏ အမူအရာကိုမြင်ရလျှင်ပင် ဘုရားရှင်၏မေတ္တာတော်အတိုင်း မင်းသမီးကလေး ကျန်းမာချမ်းသာသွားပြီဖြစ်ကြောင်း ရိပ်စားမိလေသည်။အိမ်တော်သို့ရောက်လျှင် မင်းသမီးထံပါးသို့ သွား၍ မြတ်စွာဘုရား၏ မိန့်ကြားချက်တို့ကိုပြောကြားသည်။မင်းသမီးလေးက "အရှင့်သားပင့်ဖိတ်ခဲ့တဲ့ အသက်ရှင် ဆွမ်းဟာ(အခုတော့သားကလေးရဲမွေးနေ့) မင်္ဂလာ ဆွမ်းဖြစ်မယ်၊တခါပြန်ပြီး ခုနစ်ရက်ပတ်လုံး ဆွမ်းဘုဉ်းပေးရန် မြတ်စွာဘုရားကိုပင့်ပေးပါ " ဟု စေလွှတ်ပြန်၏။ ဤသို့ မင်းသားနှင့်မင်းသမီးလေး တို့သည် ဘုရားအမှူးရှိသော သံဃာတော်များအား သီဝလိသတို့သားမွေးဖွားသည့်နေ့မှစပြီး ခုနစ်ရက်ပတ်လုံး အလှူဒါန ကျင်းပ ပြုလုပ်သည်။ ဤသည်မှာ မူလကမွေးနေ့မင်္ဂလာဆွမ်း ကျွေးရန် မရည်ရွယ်သော်လည်းတိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားခဲ့သည့် ရှင်သီဝလိ၏မွေးနေ့မင်္ဂလာဖြစ်သည်။ သို့ရာတွင် သာသနိကကျမ်းဂန်များ၌ မွေးနေ့မင်္ဂလာ ပြုလုပ်ရန် ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ညွှန်ကြားချက် တစ်စုံတစ်ရာကိုလည်း မတွေ့ရ။ သာသနာတော်၌ မွေးနေ့မင်္ဂလာပွဲကျင်းပပြုလုပ်သည့် အစဉ်အလာလည်းမရှိချေ။ သို့ရာတွင် ဗေဒပညာရှင်များက ဗေဒင်လာမေးသူအား ဝေဒခေါ်ဗေဒင်ကျမ်းများအရ "မွေးနေ့ မှာသံဃာတော်ငါးပါးကို ဆွမ်းပင့်ကပ်ပါ။ မွေးနေ့မှာ ဘုရားမှာ မွေးနံ့ယောင့်မှာ ဆီမီးသက်စေ့၊ရေသက်စေ့(မည်သည့်) ပန်းသက်စေ့လှူဒါန်းပါ" စသည်ဖြင့် မွေးနေ့မှာ ယတြာ အဖြစ်ကုသိုလ်ကောင်းမှုပြုလုပ်ရန် ညွှန်ကြားလေ့ရှိသည်ကို ယခုတိုင် တွေ့မြင်နေရ လေသည်။ ထို့ကြောင့် ဝိဓာတမင်္ဂလာ ခေါ် မွေးနေ့မင်္ဂလာပွဲသည် ဗြဟ္မဏဝါဒမှ ဆင်းသက်လာသည့် ပွဲဖြစ်ကြောင်း ထင်ရှားပေသည်။ မြန်မာလူမျိုးတို့သည် မွေးနေ့မင်္ဂလာပွဲများကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်ကပင် ရံဖန်ရံခါ ကျင်းပပြုလုပ်ခဲ့ကြပေသည်။

## မွေးနေ့ မင်္ဂလာလား မွေးရက်မင်္ဂလာလား

မွန်မြန်မာစာပေ၌ နေ့နှင့်ရက်သည် တူသယောင်ရှိသော်လည်း သုံးရာ၌အနည်းငယ် ခြားနားပေသည်၊တနင်္ဂနွေနေ့၊တနင်္လာနေ့၊ဥပုသ်နေ့၊ လပြည့်နေ့၊လကွယ်နေ့ စသောအသုံးများ၌ တနင်္ဂနွေရက်၊ဥပုသ်ရက်၊လပြည့်ရက်၊လကွယ်ရက် စသည်ဖြင့် သုံးနှုန်းလေ့မရှိသကဲ့သို့ လဆန်း၁–ရက်၊ ၂–ရက်၊လဆုတ်၁–ရက်၊၂–ရက်၊လပြည့်ကျော် ၁–ရက်၊ ၂–ရက်တို့ကို လည်း လဆန်း ၁–နေ့၊၂–နေ့စသည်ဖြင့်သုံးနှုန်းရိုးမရှိပါချေ။ အမှန်စင်စစ် ဗေဒင်ကိန်းခန်းအရ မွေးနေ့ ဆိုသည်မှာ တနင်္ဂနွေနေ့၊ တနင်္လာနေ့စသောနေ့များ ဖြစ်သော်လည်း

ယခုမွန်မြန်မာလူမျိုးတို့ ကျင်းပ ပြုလုပ်နေကြသည့် မွေးနေ့မင်္ဂလာပွဲများမှာ မိမိတို့ မွေးဖွားခဲ့သည့် တနင်္ဂနွေစသော နေ့များနှင့်တိုက်ဆိုင် သည်ဖြစ်စေ၊ မတိုက်ဆိုင်သည်ဖြစ်စေ၊ မိမိတို့ မွေးဖွား ခဲ့သည့် ရက်များ၌ (နှစ်ပတ်လည်အဖြစ်) ကျင်းပ ပြုလုပ် ကြသည့်ပွဲများ ဖြစ်လေသည်။

ထို့ကြောင့် နေ့နှင့်ရက်သည် အဓိပ္ပါယ် တူညီစေကာမူ လောကအသုံးအနှုန်းအရ မွေးနေ့ မင်္ဂလာပွဲအစား၊ မွေးရက်မင်္ဂလာပွဲဟု သုံးနှုန်းသင့် ပေသည်။၊ ဤမွေးနေ့မင်္ဂလာပွဲသည် ဗြိတိသျှ ကိုလိုနီခေတ်တွင် စတင် ပေါ်လာသည့်ပွဲဖြစ်၍ (Birthday)ဟူသောအင်္ဂလိပ် ဝေါဟာရကို မှီ၍ "မွေးနေ့မင်္ဂလာပွဲ" ဟုသုံးနှုန်း ခဲ့ကြသည် ဟု ယူဆရလေသည်။

## မွေးနေ့ မင်္ဂလာပွဲကျင်းပပုံ

မွန်မြန်မာလူမျိုးတို့သည် မွေးနေ့မင်္ဂလာပွဲများ ကို ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီအချိန်ကပင် ကျင်းပပြုလုပ်ခဲ့ကြသည်ဟု သိရှိရပေသည်။ သို့ရာတွင် မွေးနေ့မင်္ဂလာပြုလုပ်သူများမှာ အနည်းငယ်မျှသာရှိပြီး မျက်မှောက်ကာလလောက် မများလှသေးချေ။ ယခုခေတ် မွေးနေ့မင်္ဂလာပွဲ ပြုလုပ်သူများ များပြား လာပြီး မွေးနေ့မင်္ဂလာပွဲ များကိုလည်း မိမိတို့နှစ်သက် သလို ပုံစံအမျိုးမျိုးဖြင့် ကျင်းပပြုလုပ်ကြလေ့ ရှိလေသည်။ အများအားဖြင့် မိမိတို့ မွေးရပ်၌ ဆွမ်း၊ မုန့်ဟင်းခါး၊အုန်းနို့ခေါက်ဆွဲ၊ စသည့်ခဲဖွယ်ဘောဇဉ်တို့တွင် တမျိုးမျိုးကို သံဃာတော်များအား ပင့်ကပ်ပြီး သံဃာတော်များထံတွင် သရဏဂုံ နှင့် ငါးပါးသီလ ခံယူ ဆောက်တည်၍ ပရိတ်တရားတော်များ နာယူ ကြသည်။ ကြွလာသည့် ပရိတ်သတ်တို့ကိုလည်း ဝမ်းမြောက် ဝမ်းသာ ဧည့်ခံကျွေးမွေး ကြသည်။ မွေးနေ့ မင်္ဂလာပြုလုပ်ရာ၌ အိမ်တွင် ဆွမ်းမကပ်ပဲ ဘုန်းတော်ကြီးများကျောင်းသို့ သွားရောက်၍ ဆွမ်းစသောခဲဘောဇဉ်များကို လှူဒါန်းကြသူများ ရှိသကဲ့သို့၊ မွေးရက်တွင် ခဲဖွယ်ဘောဇဉ်များကို လှူဒါန်းခြင်းမပြုပဲ ငါးသက်စေ့လွှတ်ခြင်း၊ဂဏန်းကောင် များကိုလွှတ်ခြင်း၊ ဆေးပစ္စည်းများကို လှူခြင်း၊ ရေစစ် လှူခြင်းစသော ဓိဝိတဒါနတို့ကို ပြုလုပ်ကြသူများ လည်းရှိကြပေသည်။ လိုရင်းချုပ်၍တင်ပြရလျှင် မိမိတို့ အစစအရာရာ အဆင်ပြေသည့်အချိန်တွင် မိမိတို့၏ မွေးနေ့မင်္ဂလာပွဲများကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ ပြုလုပ်လေ့ရှိကြသကဲ့သို့ အဆင်မပြေသည့်အခါ၌မူ ကျဉ်းကျဉ်း ပြုလုပ်ရှိကြခြင်းပင် ဖြစ်ပါသည်။

## မွန်မြတ်သောအစဉ်အလာ

မွေးနေ့မွေးရက်များတွင် မိမိတို့တတ်စွမ်းသမျှ မွေးနေ့မင်္ဂလာပွဲများပြုလုပ်ခြင်းသည် မွန်မြတ်သော အစဉ်အလာတခုဖြစ်ပါသည်။မွေးနေ့ မွေးရက် မွေးဖွား သက္ကရာဇ်များသည် ဗေဒင်ကိန်းခန်းအားဖြင့်လည်း အရေးကြီးသည်။ လူမှုရေးအရလည်း အရေးပါသည်။ ထို့ကြောင့်ကမ္ဘာ့လူသားအားလုံးတို့သည်မိမိတို့၏ မွေးနေ့၊မွေးရက်နှင့် . မွေးဖွားသက္ကရာဇ်တို့ကို မမေ့အောင် မှတ်ထားကြခြင်းဖြစ်ပါသည်။ လူ့လောကသို့ ပထမ ဦးစွာရောက်ခဲ့သည် နေ့ရက်ဖြစ်၍ မိမိတို့ဖို့ ရက် မြတ်ရက်ထူးပင် ဖြစ်သည်။ ထိုရက်ထူး ရက်မြတ်၌ ရဟန်းသံဃာတော် များအား ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်၍မွေးနေ့ အထိမ်းအမှတ် ပြုလုပ်ခြင်းသည် ကုသိုလ်လည်းရသည် ဒါနမင်္ဂလာ၊ ပူဇာစပူဇာ နေယျာနမင်္ဂလာ၊ ဓမ္မအပွမာဒမင်္ဂလာ၊ ကာလေ နဓမ္မသာဝန မင်္ဂလာစသော မင်္ဂလာများလည်း ဖြစ် ပွားရသည်။ ကုသိုလ်ဆိုသည်မှာအပြစ်ကင်းစင်ခြင်း ကောင်းကျိုးတရားများကို ဖြစ်ပွားစေခြင်း၊ သဘော လက္ခဏာ ရှိသည်။ မင်္ဂလာဆိုသည်မှာလည်း "မင်္ဂလန္တိ ဣဒ္ဓိကာရဏံ၊ ဝုဒ္ဓိကာရဏံ၊ သဗ္ဗ သမ္ပတ္တိကာရဏံ" ဟူသော အဋ္ဌကထာဖွင့်နှင့် အညီ အစစအရာရာ ပြည့်စုံကြောင်း၊ ကြီးပွားကြောင်း၊ ဘဝတမ္ပတ္တိ၊ ဘောစသမ္ပတ္တိစသော စည်းစိမ်ချမ်းသာ တို့၏ အကြောင်းတရားများဖြစ်သည်၊ ထိုကြောင့်

မွေးနေ့မင်္ဂလာပွဲပြုလုပ်သူအား ကုသိုလ်လည်းရ မင်္ဂလာလည်းဖြစ်၍ အသက်ရှည်ခြင်း၊ အနာကင်းရှင်း ကျန်းမာခြင်း၊ ကြီးပွားချမ်းသာခြင်း၊ စည်းစိမ် ဥစ္စာတိုးပွားခြင်း၊ လူချစ်လူခင်ပေါခြင်း စသောအကျိုး တရားများ ဘဝမခြား ဖြစ်ပွားနိုင်ပါသည်။ မှန်၏။ လောကတွင်လှူဒါန်းမှု၊ သီလဆောက်တည်မှု၊ ကမ္မဋ္ဌာန်း ဘာဝနာစီးဖြန်းအားထုတ်မှုဟူသော ကုသိုလ်ကောင်းမှု ၌ပျော်မွေ့သူလူသူတော်ကောင်းများရှိသကဲ့သို့ အမြဲလို ခိုးဆိုးတိုက်ခိုက်လုယက် သတ်ဖြတ်စားသောက်နေသူ လူယုတ်မာများလည်းရှိကြ၏။ ထိုသူနှစ်မျိုးတို့သည် သာမာန် အကုသိုလ်ကံတစ်ခုကို ကိုယ်စီကိုယ်ငှ ပြုမိကြသည့်အခါ လူသူတော်ကောင်း၌အကုသိုလ်ကံမှာ အကျိုးပေး ခွင့်မရတတ်ပေ၊ များစွာသော ကောင်းမှုကံတို့က ထိုကံကို ဖုံးလွှမ်းလိုက်ကြ၏။ ယုတ်မာသူများ၌မူ ထိုအကုသိုလ်ကံကို ကာကွယ်ဖို့ရန် အားကိုးလောက်သည့် ကုသိုလ်ကံ မရှိရကား ထိုအနည်းငယ်သော အကုသိုလ်ကံသည်ပင်လွတ်လွတ် လပ်လပ် အကျိုးပေးနိုင်တော့၏။ ဥပမာအားဖြင့်- ဆားကိုရေထဲချသည်နှင့်တူ၏၊ ဆားတစ်ပိဿာကို ဧရာဝတီမြစ်ထဲ၌ချသော် ရေ၏အရသာမပျက်သကဲ့သို့ ကုသိုလ်ကံများစွာရှိသူ၌ အကုသိုလ်အနည်းငယ်အတွက် မကောင်းကျိုးအရသာ မပေါ်လွင်ချေ၊ ထိုဆား တစ်ပိဿာကို ရေနည်းသည့် သောက်ရေအိုး တစ်လုံးထဲ၌ ထည့်လျှင် သောက်ရေများ အားလုံး ပျက်စီးသွားသကဲ့သို့ ကုသိုလ်ကံ အကာအကွယ်အနည်းငယ်မျှသာရှိသူ၌ အထိုက်အလျောက်အကုသိုလ် ဖြစ်လျှင်ပင် ထိုရှိရင်းစွဲ ကုသိုလ်လေးများပင်လျှင် အကျိုးပေးခွင့်မရ ဖြစ်သွားတတ်ပေသည်။ ဤသို့ ကာမာဝစရ ကုသိုလ်၊ အကုသိုလ်ကံ တို့သည် "ရေများရေနိုင်၊ မီးများမီးနိုင်" ဆိုသကဲ့သို့ များရာက နိုင်သောသဘောရှိရကား များစွာသောကုသိုလ်များကို အနည်းငယ်သောအကုသိုလ်က မနှောက်ယှက်နိုင် ပါသော်လည်း၊ အနည်းငယ်သောကုသိုလ်ကိုအနည်းငယ် သောအကုသိုလ်ကပင် အနှောက်အယှက်ပေးနိုင် သောကြောင့် လူတိုင်းလူတိုင်းကုသိုလ်ကံခံတပ်ကြီးများ ကို တည်ဆောက်ထားသင့် ကြပေသည်။

ဤမွေးနေ့မင်္ဂလာပွဲ ပြုလုပ်ရခြင်းမှာ တနည်း တလမ်းအားဖြင့် ကုသိုလ်ခံတပ်ကြီး တည်ဆောက် ခြင်းပင် ဖြစ်သည်။ ကုသိုလ်ကောင်းမှုပြုရန်နေ့ကို မွေးနေ့အဖြစ် အဓိဋ္ဌာန်ပြုကာသတ်မှတ်ထားသဖြင့် ကုသိုလ်ကောင်းမှုကို ထိုနေ့ထိုရက်တွင် မလွဲမသွေ ပြုလုပ်ဖြစ်နိုင်ပေသည်။ ထို့ကြောင့် ကုသိုလ်ကောင်း မှု ပြုလုပ်ဖြစ်ကြရန် "မွေးနေ့ မင်္ဂလာပွဲကို နှစ်စဉ်ပြုလုပ်မည်" ဟူသော အဓိဋ္ဌာန်ဖြင့် စွမ်းနိုင်သမျှ မိမိတို့၏ မွေးနေ့မင်္ဂလာပွဲများကို ပြုလုပ်သင့်ကြ ပေသည်။

မင်းကေ့ချမ်(ဟသ်ာမြေ)





## * မွန်လူမျိုးနှင့်သာသနာ *

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ခုနှစ်သတ္တဟအလွန် ရှစ်သတ္တဟမြောက် လင်းလွန်းပင်ရင်း၌ နေတော်မူသောအခါ ရာမညတိုင်းမှ ဥက္ကလာပဇနပုဒ်သား တဖုဿနှင့်ဘလ္လိက မွန်ကုန်သည် ညီနောင်နှစ်ယောက်တို့သည် မြတ်စွာဘုရားထံ၌ (ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ဓမ္မံသရဏံ ဂစ္ဆာမိ) ဟူသော ဒွေဝါစိကသရဏဂုဏ် တည်ကြပြီးလျှင် ကိုးကွယ်ရာကို လျှောက်ထားတောင်းပန်ကြရာ မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ်တော်မူလတ်သော် ညိုသောရောင်ခြည်တော် တို့ဖြင့် တောက်ပလျက် ဆံတော်ရှစ်ဆူလက်တော်၌ ကပ်ငြိပါလာသဖြင့် ထိုဆံတော်ဓါတ်ရှစ်ဆူကို မွန်ညီနောင်နှစ်ယောက်တို့အား ဓပးသနားတော် မူလိုက်သည်။ ထိုမွန်ညီနောင်နှစ်ယောက်တို့သည် ဆံတော်ဓါတ် ရှစ်ဆူကိုပင့်ဆောင်၍ မိမိတို့၏ မွေးဖွါးရာဇာတိဖြစ်သော ဥက္ကလာပဇနပုဒ် အသိအဥ္စနမြို့သို့ ပြန်လာခဲ့ကြရာ ဘုရားဖြစ်တော်မူသောနှစ် ဝါခေါင်လဆုတ်-၅ရက်နေ့မှာ အသိအဥ္စနမြို့(ယခုရန်ကုန်) သို့ရောက်လာကြသည်။

ထိုဆံတော်ဓါတ် ရှစ်ဆူကို သိင်္ဂုတ္တရကုန်းထက်မှာ စေတီတည်၍ ထိုစေတီ၌ ဌာပနာပြီးလျှင် အများပြည်သူနိဗ္ဗာန်ကိုရည်စူး၍ ကုသိုလ်လှူဒါန်ပြု၍စမြဲကိုးကွယ်ကြကုန်၏။ အထက်ဖေါ်ပြပါသောသမိုင်းအကြောင်းကို ပြန်ပြောင်းကြည့်ပြီးလျှင် ဤကမ္ဘာမှာရှိလူမျိုးများထက် မွန်လူမျိုးတို့သည် ပထမဦးစွာ ဗုဒ္ဓဘာသာဖြစ်ခဲ့ကြောင်းမှတ်ယူကောင်းပေသည်။

## ရန်ကုန်အကြောင်းသိကောင်းစရာ

၁၇-ရာစုက ဒဂုံ(ဒဂုင်)လို့ မွန်လူမျိုးတို့ခေါ်ကြတယ်၊ဒဂုံ(ဒဂုင်)က(တိဂုမ္ဘ)ကနေဆင်းသက်လာသောဝေါဟာရဖြစ်သည်။ ထိုဒဂုံ(ဒဂုင်)ကပင်(လ္ဂုင်)လို့နောက်မွန်လူမျိုးတွေက ခေါ်ကြတယ်။ ကုန်းဘောင်ခေတ်အလောင်းမင်း တရားကြီးက မွန်မင်းကိုစစ်နိုင်ပြီးနောက် ရန်ကုန်လို့ပြောင်းခေါ်ကြတယ်။

## ထေရဝါဒ အစသထုံက

* မွန်မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓသာသနာ ရောက်ရှိလာပုံကို စိတ်အားထက်သန်စွာလေ့လာကြည့်ရာ ဤသို့ တွေ့ရှိရသည်။

မွန်ရာဇဝင် မွန်ဘုရားသမိုင်းနှင့် သာသနာဝင်ကျမ်းများ အလိုအရ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် ဂ-ဝါအရကပင် အရှင်အနုရုဒ္ဓါ၊ အရှင်ဂပံပတိတို့ပါဝင်သောသ ာသနာပြုအဖွဲ့က သုဝဏ္ဏဘူမိ (ယခုမွန်ပြည်နယ်သထုံနယ် ကေလာသတောင်နယ်မြေတပိုက်) သို့ကြွ၍ သာသနာပြုခဲ့ကြောင်းသိရသည်။ မွန်မြန်မာရာဇဝင်များ၌မူ တတိယသင်္ဂါယနာနောက်ပိုင်းသထုံသို့ ထေရဝါဒရောက်သည်ဟု ဆိုရှိသည်၊ ထိုအဆိုသည် ပါရာဇိကဏ်အဋ္ဌကထာနိဒါန်းတတိယသင်္ဂါယနာတင်ခန်းကိုအခြေပြု၍ ဆိုခြင်းဖြစ်သည် တတိယသင်္ဂါယနာ သဘာပတိ ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်သည် သင်္ဂါယနာတင်ခြင်းကိုစွပြီးမြောက်သောအခါ "နောက်အခါတွင်

ပစ္စန္တရစ်(နယ်စွန်းနယ်ဖျား) အရပ်များ၌ သာသနာတော်ကောင်းစွာ တည်တံ့လိမ့်မည်"ဟု မြင်တော်မူသည်၊ ထိုကြောင့် ရဟန္တာမထေရ်မြတ်တို့ကို အသီးသီး တာဝန်ပေး၍ ကိုးတိုင်းကိုးဌာနသို့သာသနာပြုရန်စေလွှတ်ကြသည်။

## သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့

တတိယသင်္ဂါယနာတင်၏ သဘာပတိ အရှင်မောဂ္ဂလိပုတ္တတိဿမထေရ် စေလွှတ်သော ကိုးတိုင်းကိုးဌာနသာသနာပြုအဖွဲ့များတွင် အရှင်မဟိန္ဒဦးဆောင်သော သီဟိုဠ်သာသနာပြုအဖွဲ့သည် ထိုစဉ်က ရာနှုန်းပြည့်အောင်မြင်ခဲ့သည်၊ (အရှင်မဟိန္ဒသည် တတိယသင်္ဂါယနာ၏ ဒါယကာဖြစ်သူ သီရိဓမ္မာသောကမင်းကြီး၏ သားတော် ဖြစ်သည်) အရှင်သောဏနှင့် အရှင်ဥတ္တရတို့ဦးဆောင်သော သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့သည်လည်း အလားတူအောင်မြင်ခဲ့သည်။

## သုဝဏ္ဏဘူမိအားကယ်တင်ခြင်း

မထေရ်နှစ်ပါး သုဝဏ္ဏဘူမိသို့ရောက်သောနေ့တွင် မင်းနန်းတော်၌ သူငယ်တစ်ဦးဖွားမြင်သည်။ သမုဒ္ဒရာတွင်နေသော ဘီလူးမတစ်ဦးသည် မင်းနန်းတော်၌ သားဖွားတိုင်း လာစားလေ့ရှိသည်၊လူများလည်း မထေရ်တို့အား ဘီလူးမ၏အပေါင်းအဖေါ်များဟု ထင်မှတ်ကာ လက်နက်ဆွဲကိုင်၍ တိုက်ခိုက်ရန် လာကြရာ မထေရ်တို့က ရှင်းပြမှ ဘီလူးမတို့နှင့် မဆိုင်ကြောင်း သိကြလေသည်။ ထိုအချိန်တွင်ပင် ဘီလူးမသည် အခြံအရံများစွာနှင့် သမုဒ္ဒရာမှ ထွက်လာကြသည်။

လူများသည် ဘီလူးမကို မြင်လျှင် "အရှင်ဘုရားတို့ ဘီလူးမလာနေပြီ" ဟု ကြောက်ရွံ့စွာ အော်ဟစ်ထွက်ပြေး သွားကြသည်၊ အရှင်သောဏသည် ဘီလူးမတို့ထက် နှစ်ဆကြီးသော မနုဿသီဟ ခန္ဓာကိုယ်ကို ဖန်ဆင်းပြီးလျှင် ဘီလူးမများကို အလယ်တွင်ထားကာနှစ်ဖက်ညှပ်ကာ ဝိုင်းထားလိုက်သည်။ ထိုအခါ ဘီလူးမတို့သည် ကြောက်ရွံ့ကာ တစ်ဟုန်ထိုး ထွက်ပြေးသွားကြတော့သည်။ မထေရ်လည်း ဘီလူးမတို့ကို နှင်ထုတ်ပြီးလျှင် ကျွန်ပတ်ဝန်းကျင်ကို အစောင့်အရှောက် အရံအတား ပြုလုပ်ပေးတော်မူ၏။ ထိုအချိန်တွင် - စုဝေးရောက်ရှိ လာကြသော မင်းပရိတ်သတ်အပေါင်းအား ဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူကာ သရဏဂုံသီလတို့၌လည်း ဆောက်တည် ကျင့်သုံးစေရာ တရားပွဲအပြီးတွင် ပါရမီရှိသူ ၆-သောင်း သောတပန် စသည်ဖြစ်သွားကြသည်။အမျိုးသား (၃၅၀၀)ရဟန်းပြု၍ အမျိုးသမီး (၂၅၀၀) ဘိက္ခုနီမ(ရဟန်းမ) ပြုကြသည်ဟု အဆိုရှိသည်။

ထိုအချိန်မှစ၍ မင်းနန်းတော်၌ မွေးဖွားသော သူငယ်လေးများကို "သောဏုတ္တရ" (သောဏ+ဥတ္တရ) ဟုနာမည်မှည့်ကြတော့သည်။ဤသို့ဖြင့် အရှင်သောဏ ဦးဆောင်သော သုဝဏ္ဏဘူမိသာသနာပြုအဖွဲ့သည် ကြောက်ရွံ့ထိတ်လန့်စွာ အသက်ရှင်နေထိုင်ကြသော သုဝဏ္ဏဘူမိ နယ်သူနယ်သားတို့အားကယ်တင်ခဲ့သည် ဟုဆိုသော် ရပါသည်။ အထက်ဖေါ်ပြပါသော ထေရဝါဒသာသနာပြုအဖွဲ့ကို သုံးသပ်ပြီးလျှင် တို့မြန်မာနိုင်ငံတွင် "ထေရဝါဒအစ သထုံက"ဟု မှတ်ယူအပ်ပေသည်။

တင်ပြသူ
မင်းကလင်ဌာန်(နိုင်းပြိုင်)
ခေတ္တ-ဘန်ကောက်မြို့

## မွန်သာသနာဝင်မှတ်တမ်း တေးထပ်များ



### (၁) ပထမအကြိမ်မွန်ပြည်သို့ သာသနာတော်ရောက်ရှိလာခြင်း

မွန်တိုင်းပြည်ရပ်ဌာန၊ ရာမညခေါ်တွင်၊
တဖုဿ ဘလ္လိလျှင်၊ ညီနောင်ရှင်နှစ်ပါး၊
ကုန်ရောင်းဘို့ မဇ္ဈိခွင်၊ လှည်းကြောင်းယာဉ် ချီလို့ထွက်သွား၊
စောဗုဒ္ဓ စိန္တေရှင်၊ လင်းလွန်ပင်ကပ်ငြား။
ညီနောင်စုံ ပေးသနားပေါ့၊ ဆံတော်များရှစ်ဆူ။
မုန့်ကြွတ်ကျစ် မုန့်ဆုပ်များ၊ ဗုဒ္ဓအားကပ်လို့ပေးလှူ။
ညီနောင်နှစ်ပါး သဒ္ဓါဖြူ၊ ဆံရှစ်ဆူ မြတ်နိုးလို့။
များအကျိုးပင့်ဆောင်ပါ၊ မွန်တိုင်းဥက္ကလာ။
သာသနာ မြတ်ရေးဦးစွာ၊ ထည့်ဘို့ရာ ကြောင်းရင်းပလေး။

### (၂) ရွှေတိဂုံစေတီတော်တည်ခြင်း

ညီနောင်စုံပင့်ဆောင်လတ်၊ ဆံတော်မြတ်ရှစ်ဆူ။
မွန်ပြည်ရပ် ရောက်ခါမူ၊ များဗိုလ်လူအကျိုး။
ဥက္ကလာပ မင်မြတ်ကို၊ တည်စေလို စေတီမြတ်မျိုး။
များသတ္တ ဝေနေယျာ၊ ပူဇော်ကာရှစ်ခိုး။
ဇော်ကုသိုလ် ပွားတိုးဘို့၊ ဖန်ဆော်နှိုး စေတနာ။
များပြည်သူ လက်ချီမိုး၊ စဉ်မြတ်နိုး ထူးလှသဒ္ဓါ။
တည်ထားပေါ့ စေတီမှာ၊ မည်နာမ "တိဂုမ္ဘ" ရယ်လို့။
နောင်ခါကျ "ရွှေတိဂုံ"၊ ချမ်းမြေ့ရိပ်မြုံ။
လှူနတ်များ ကုသိုလ်ထုံ၊ မြဲကြည်ယုံ ထိပ်မိုးလို့လေး။



### (၃) ဒုတိယအကြိမ် မွန်ပြည်သို့ သာသနာတော်ရောက်ရှိလာခြင်း

ရှစ်ဝါကျော် ရှင်ဗုဒ္ဓ၊ ပွင့်ပြီးမှချိန်တွင်။
ဂဝမ္ပတိ ထေရ်အရှင်၊ ပင့်ခေါ်လျှင်ကြွအုံး။
မွန်မြို့ဦး သုဝဏ္ဏဘုံ၊ လူလုံးစုံ စုစုရုံးရုံး။
မင်းသီရိ-အာသောကာ၊ ပိတိဖြာ ပိတ်ဖုံး။
ဗုဒ္ဓကိုအရင်ဆုံးမို့၊ ကြွလာတုန်း ဖူးမျှော်။
တရားတော် ရက်သတ္တ၊ နာပြန်ရ မဝပါသော်။
ရှင်ရဟန်း ပြည်သူ့နော်၊ အနမော်သာဓုလို့။
မြတ်ကောင်းမှု ဒါသီဘာ၊ ပြုကြလွန်စွာ။
ကြိမ်ဒုတိယ သာသနာ၊ ရာမညာ ရောက်ကြောင်းပလေး။

## မွန်သာသနာဝင် မှတ်တမ်းတေးထပ်များ

(၄) တတိယအကြိမ် မွန်ပြည်သို့ သာသနာတော်ရောက်ရှိလာခြင်း

ရေးမဟာ သက္ကရာဇ်၊ တစ်လေးရစ်ချိန်ခါ။
မြတ်ဘုရား ဘဂဝါ၊ ပြည်နိဗ္ဗာန် စံမြဲ။
ပြည့်ဆယ့်ငါး လကဆုန်၊ အင်္ဂါကြုံ ခြသေ့်နေ့ဘဲ။
ဆုတ်ဆယ့်နှစ် နေ့ဂဠုန်၊ တေဇောဟုန်လောင်ဆဲ။
ဓာတ်တော်ပုံ ဝေစုခွဲပါလို့၊ သွားတော်လဲရပါ။
ပြည်သုဝဏ္ဏ ဘူမိ၊ ထေရ်ဂဝံမ္ပတိ ပင့်၍ဆောင်လာ။
မွန်တိုင်ပြည် သာသနာ၊ ရောက်ပြန်တာ ကြိမ်တတိယပေမို့။
သက်ဝင်လှ များပြည်သူ၊ သဒ္ဒါကြည်ဖြူ။
ကုသိုလ်ရေးအလေးမူတယ်၊ တွေချင့်ယူ ပြုကြောင်းပလေး။



(၅) သီရိဓမ္မာသောကမင်း သာသနာပြုစေလွှတ်ခြင်း

အသောကာ ဓမ္မရာဇ်၊ ရောက်လာစစ် ချိန်ခါ။
နှစ်သုံးခြောက်သာသနာ၊ ကိုးဋ္ဌာန တိုင်ခြား။
ထေရ်ရှင်များ စေလွှတ်ကာ၊ သာသနာပြုနိုင်စေသား။
သောဏနဲ့ ဥတ္တရထေရ်၊ သထုံပြေရောက်ငြား။
ဗြဟ္မဇာလေ သုတ်များကိုတော့၊ ထေရ်နှစ်ပါးဟောလျှင်။
သမုဒ်ရေစောင့်ဘီလူး၊ ဝေးအထူး ပြေလို့သာပင်။
လူခြောက်သောင်းတရားမြင်၊ ချို့ရဟန်းခွင်ဝင်ရောက်လို့။
လွှန်ထွန်းတောက် သာသနာရှိန်၊ လင်းလို့ပြောင်ထိန်။
ထက်နတ်ရပ် တာဝတိံ၊ မဟာဂုဏ်သိရ်ထုံလွှမ်းလို့လေး။



(၆) ဗုဒ္ဓဃောသမထေရ်

မွန်တိုင်းပြည် သထုံက၊ ဗုဒ္ဓဃောသထေရ်ရှင်။
ပရိယတ်နဲ့ ဗေဒင်၊ သုကျွမ်းကျင်တုကင်း။
ကိုးလေးသုံးသာသနာ၊ ညှိနှစ်ဖြာ ဝေးသို့ ခွာခြင်း။
သထုံမင်း ဓမ္မပါလာ၊ ဗုဒ္ဓဃောသ ထေရ်ရှင်။
သီဟိုဠ်ပြည် သူချဉ်းလို့၊ ခက်ပြည့်တင်း ဋ္ဌကထာ။
ကုရုန္ဒီ-အန္ဓက၊ သင်္ခေပ ပစ္စရိက်မဟာ။
ချုံးပြီးက မာဂဓာ၊ ဘာသာပြန် ရေးပြုလို့။
သူ့ကျေးဇူး လွှန်ကြီးဟူ၊ နေမင်းတစ်ဆူ။
သာသနာတွင်း ထွန်းလင်ပြုတယ်၊ ဝင်းဇမ္ဗူ ဟိတ်ကျူးလို့လေး။

(၉) ဆပ္ပဒ မထေရ်

ဖြို့ပုသိမ် ဇာတိမှ၊ ဆပ္ပဒ ဘုန်းရှင်။
ဥတ္တရာဇီဝ ဆရာတွင်၊ တပည့်တွင်ထံပါး။
ကျွန်းသီဟိုဠ် ကြွအတူ၊ ပြန်စာမူ နေရစ်ခဲ့ပြား။
ပိဋကတ် ကျွန်းလင်္ကာ၊ ဆယ်နှစ်တာ သင်ကြား။
ပုဂံပြေ ပြန်အသွား၊ ဖော်လေးပါး ခေါ်လာ။
တာမလိန် အာနန္ဒ၊ ရာဟုလ သီဝလိလဲ့ပါ။
ပြုကြပေါ့ သာသနာ၊ ပုဂံမှာ ပြောင်လင်းလို့။
ယှဉ်ဘက်ကင်း ဓမ္မရောင်၊ ဆပေါင်းရာထောင်။
ထက်မြတ်လှ ဂုဏ်ကိုဆောင်၊ လုပ်တိုင်းအောင် ဆောင်မြောက်ပေါ့လေး။



## မွန်သာသနာဝင် မှတ်တမ်းတေးထပ်များ

(၁၀) ဓမ္မစေတီ မွန်မင်းတရားကြီး

ပိဋကတ်တော် တတ်ကျွမ်းလှ၊ မင်းဓမ္မစေတီ။
သာသနာရေး ကြိုးပမ်းပြီး၊ သူ့ကိုမှီသူမရှိ။
သန့်ရှင်းဘို့ သာသနာ၊ အားစိုက်ပါ ကိုယ်ဖိရင်ဖိ။
စေလွှတ်ပေါ့ ထေရ်သံဃာ၊ ကျွန်းလင်္ကာရောက်ဘိ။
ကမ္ဗဝါ ရှင်မုနိနဲ့၊ မဟာဝိဟာရ သံဃာ။
ပြည်ဟံသာ သူဆောင်ကျဉ်း၊ လွှန်သန့်ရှင်း ဥပသမ္ပဒါ။
သမုတ်ပေါ့ သိမ်မဟာ၊ သစ်သံဃာ ဖန်ဆင်းလို့။
ထိန်ပြောင်လင်း ဓမ္မရောင်၊ ပြည့်ကျက်သရေဆောင်။
တနိုင်းလွှတ် ဂုဏ်ရည်ပြောင်၊ ထိပ်မိုးခေါင်ရောက်လှမ်းလို့ လေး။

ရှေးမွန်သာသနာ့အာဇာနည်များကိုဦးညွှတ်လျှက်

မင်းချစ်သိန်း
(B.A - သိရိပဝရ ဓမ္မာစရိယ မြန်မာနိုင်ငံ M.A - သိရိလင်္ကာ)

## မွန်သာသနာဝင် မှတ်တမ်းတေးများ



### (၇) ရှင်အရဟံ မထေရ်



ရှင်အရဟံ မထေရ်မြတ်၊ ပဋိပတ်ပါရဂူ။
ပရိယတ် နေတစ်ဆူ၊ တွင်းပြည်သူ ကျော်ကြား။
သထုံမှ ပုဂံပြေ၊ ဝေးရပ်မြေ မြန်းကြွလို့သွား။
　　နော်ရထားမင်း လက်ထက်ကြိမ်၊ လွန်မေးမိန် မြတ်တရား။
　　သူရောက်လာ ဟောကြားလို့၊ ရှင်လူများသိမြင်။
　　နော်ရထား မင်းစောလှ၊ ပိဋကာ ဟုတ်ပလိုချင်။
သထုံမှ ပင့်ဆောင်လျှင်၊ ပုဂံတွင် ထွန်းလင်းလို့။
အမှောင်ခွင်းလို့ အလင်းဆောင်၊ နေမင်းတစ်ထောင်။
ထိန်ဝင်းပေါ် သာသနာ့ရောင်၊ ထေရ်ဂုဏ်ပြောင် ဝင့်ကြွားလို့လေး။

### (၈) ဥတ္တရာဇီဝ မထေရ်

ဥတ္တရာဇီဝ၊ ကြီးမြတ်လှ ထေရ်ပင်။
နရပတိစည်သူလျှင်၊ နန်းဦးတွင် ကိုးစား။
ဘုရားဖူး ကျွန်လင်္ကာ၊ ခေါက်တစ်ခါ မြန်းကြွလို့သွား။
　　ပုဂံပြည့် သာသနာ၊ ထွန်းလင်းလာစေသား။
　　ဤထေရ်ရှင်ကြိုးစားလို့၊ လူအများကြည်ညို။
　　ကျွန်းလင်္ကာ မြန်ပြည်စုံ၊ ဆက်ဆံမှု ရေးထက်ပိုမို။
ဗုဒ္ဓတရား လူထိုထို၊ သိမြင်လို တောင့်တလို့။
ထွန်းပြောင်လှ သာသနာ၊ ကြီးမားလှစွာ။
ပုဂံပြည့် ဤနေရာ၊ ဗဟိုချက်ချာ ကျလွန်းလှလေး။



# ညီညွတ်ခြင်းသည်ချမ်းသာ၏

(ဘဒ္ဒန္တခန္တီသာရ)



မြို့တစ်မြို့၏ ရွာတစ်ရွာ ဒေသတစ်ခု၌ ပရိယတ္တိစာသင်တိုက်တစ်တိုက် ဖြစ်ထွန်းပေါ်ပေါက်ရန်ဆိုသည်မှာ အလွန်ခက်ခဲလှပါသည်၊ တို့ထက်စာသင်တိုက်ကြီး တည်တံ့ခိုင်မြဲရန်ကား ပိုမိုခက်ခဲလှပါသည်။ နှစ်ပေါင်းများစွာ အချိန်ယူပြုစုပျိုးထောင်ပါမှခိုင်မြဲလာတတ်ပါသည်။ စာသင်တိုက်တစ်တိုက်ဟူ၍ ဖြစ်ပေါ်လာစေရန် (၁)စာချဆရာတော် (၂) စာသင်သားနှင့် (၃) ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ၄ - ပါးဟန်ချက်ညီပါမှ တည်တံ့ခိုင်မြဲနိုင်ပါသည်။ ကျောင်းတိုက်၌ စာချဆရာတော်များ ရာနှင့်ချီပြီးရှိနေသော်ငြားစာသင်သားများမရှိပါက ရေခမ်းခြောက်နေသည့် အိုင်ကြီးနှင့်တူနေမည်သာဖြစ်ပါသည်။ စာသင်လိုသူများရှိပါသော်လည်း စာချဆရာတော်မရှိပါကကြက်ဆူတော ကြီးသဖွယ်အနှစ်ကင်းနေပါသည်။ စာချဆရာတော်များ၊စာသင်သားများနှင့်ကားပြည့်စုံပါ၏။ သို့ရာတွင် ပစ္စည်း ၄-ပါးမပြည့်စုံပါလျှင်လည်း ရေမလောင်းသော သစ်ပင်ကဲ့သို့ တစ်နေ့တစ်ခြား ညှိုးနွမ်းခြောက်သွေ့ ရမည်ဖြစ်ပါသည်။ စာရေးသူသိသော စာသင်တိုက်ကြီးတစ်တိုက်သည် အညာတောမြို့ကလေးတစ်မြို့၌အခြေကျရပ်တည်ပြီးသာသနာ့အာဇာနည်ပုဂ္ဂိုလ်များမွေးထုတ်ပေးလျက်ရှိပါသည်။ထိုကျောင်းကြီးကိုကျေးဇူးရှင်ဆရာတော်ဘုရားကြီးက အုပ်ချုပ်တော်မူပြီးနာယကစာချဆရာတော်များဖြင့် အလွန်တိုးတက်၍နေ၏။ အဖက်ဖက်မှ ပြည့်စုံနေသဖြင့် အရှိန်အဟုန်အရှိန်အဝါလည်းကြီးမားပါသည်။ လောကသည် "အနိမ့်-အမြင့်၊ အတက်-အဆင်း" လောကဓံတို့ဖြင့် ရပ်တည်နေပါသည်။ ကျောင်းတိုက်ကို စီမံအုပ်ချုပ်တော်မူသည့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသွားစဉ်က ကျောင်းတိုက်ကြီးအခြေယိုင်လုလုဖြစ်ခဲ့ရ၏။ သို့သော်ဆရာတော်ဘုရား၏တပည့်ကြီးတစ်ပါးက အချိန်မှီ ချုပ်နိုင်မှုကြောင့်အခြေအနေမှန်သို့ရောက်ခဲ့ရသည်။ ဤသို့ အရှိန်မပျက်ဆောင်ရွက်နေဆဲကာလ၌ပင်ဒုတိယဆရာတော်ကြီးပျံလွန်တော်မူပြန်ရာ လူငယ်များ စိတ်လျော့အားငယ်ဖြစ်ကြရတော့၏။ အချင်းချင်းလည်း သဘောထားကွဲပြားလာကြပါသည်။ ဓမ္မပဒပါဠိတော်၌(သမဂ္ဂနံ တပေါ သုခေါ) ဟူသောပါဠိတော်ရှိ၏။ ညီညွတ်သော ပုဂ္ဂိုလ်တို့၏ အကျင့်သည်ချမ်းသာပါသည်။ ညီညွတ်မှုမရှိပါက စိတ်ဓါတ်ပျက်ပြား၍ ချမ်းသာမှုကင်းတတ်ပါသည်။ ဤတွင် မြတ်စွာဘုရားလက်ထက်က မထေရ်သုံးပါးတို့ သွေးစည်းညီညွတ်စွာသီတင်းသုံး နေထိုင်ကြပုံကို တင်ပြလိုပါသည်။

« မထေရ်မြတ်သုံးပါး »

ကောသမ္ဗီပြည်ကြီးအတွင်း၌ ဗာလကလောဏကာ မည်သော ရွာတစ်ရွာရှိပါသည်။ ထိုရွာကို ဥပါလိသူကြွယ် စားရ၏။ အရှင်ဘဂုထေရ်သည်ယင်းရွာကို ဂေါစရဂါမ်ပြု၍ တောရကျောင်း၌သီတင်းသုံးနေထိုင်တော်မူ၏။ ရွာ၏ အရှေ့ဝါးတောအရပ်၌ကား အရှင်အနုရုဒ္ဓါ၊ အရှင်ထိမိလနှင့် အရှင်နန္ဒိယမထေရ်မြတ်သုံးပါးတို့ သီတင်းသုံးနေထိုင်တော်မူကြပါသည်။ဘုရားသခင်သည် ယခုလာမည့် ဒသမဝါအတွင်း ဗုဒ္ဓဝေနေယျမြတ်စွာဘုရား ချွေချွတ်ရမည့်သတ္တဝါမရှိပေ။ ထိုကြောင့် ကောသမ္ဗီပြည်မှအရပ်တစ်ပါးသို့ ကိုယ်တော်တစ်ပါးထဲ သွားတော်မူခြင်း

သည် ခိုက်ရန်ငြင်းခုန်မှုပြုကြသော ရဟန်းတို့အား ဆုံးမရန်အကြောင်း ဥပါယ်တမည်ပင်ဖြစ်ပါသည်။ ယင်းကြောင့်ဘုရားသခင် ပါလိလေယျက တောအုပ်သို့ ရည်ညွှန်း၍ ကြွတော်မူ၏။ ဘုရားသခင်တစ်ပါးတည်း ဇာလကူလောဏာကရွာသို့ ကြွတော်မူလာသည်ကို အရှင်ဘဂုထေရ်သည် အဝေးမှမြင်တော်မူ၏။ ထို့ကြောင့် နေရာခင်းခြင်း၊ခြေဆေးရေ၊ခြေဆေးအင်ပျဉ်၊ခြေပွတ်အိုးခြမ်းတို့ကိုအနီး၌ထားပြီး သပိတ်သင်္ကန်းကိုလှမ်းယူ၍ သင့်တင့်သောနေရာ၌ ထိုင်နေ၏။ ဘုရားရှင်သည် အရှင်ဘဂုထေရ်ကို တရားစကားမြွက်ကြားတော်မူပြီး အရှေ့ဝါးတောသို့ ဆက်လက်ကြွတော်မူလေသည်။ ထိုအချိန်၌ အရှေ့ဝါးတောအရပ်နေ အရှင်အနုရုဒ္ဓါသည်အဝေးမှပင်မြင်တော်မူ၏။ ဘုရားရှင်သည်လည်း အရှင်အနုရုဒ္ဓါကို မြင်သည်နှင့် တပြိုင်တည်းပင် ကိုယ်တော်ရောင်ကို လွှတ်တော်မူလိုက်၏။ လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် တင့်တယ်တော်မူလှသော ဘုရားသခင်၏ကိုယ်တော်ရောင်သည် အလွန်တင့်တယ်တော်မူလှ၏။ ထို့နောက် အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် တစ်ဦးတည်းသွားရောက်ကာ မကြိုဆိုသေးဘဲ "ငါတို့သုံးဦးသည် ညီညွတ်စွာနေထိုင်ကြသည်၊ အကယ်၍ ငါတစ်ဦးတည်း ဘုရားသခင်ကို ကြိုဆိုချေသော် ညီညွတ်စွာနေထိုင်ကြသည်ဖြစ်လိမ့်မည်မဟုတ်၊ငါ၏ ချစ်မိတ်ဆွေတို့ကိုခေါ်ဆောင်၍သာလျှင် ကြိုဆိုမည်၊ငါသည် ဘုရားသခင်ကိုချစ်ကြည်ညိုသကဲ့သို့ ငါ့သူငယ်ချင်းတို့သည်လည်း ဘုရားသခင်ကို ချစ်ကြည်ညိုကြလေသည်"ဟု ကြံစည်တော်မူပြီး ထိုသူငယ်ချင်း မထေရ်နှစ်ပါးတို့နှင့်အတူတကွ ခရီးဦးကြိုဆိုလိုသည်ဖြစ်၍ အရှင်နန္ဒိယ၊ အရှင်ထိမိလတို့ နေသန့်ရာအရပ်သို့ သွားရောက်ပြီး "အရှင်တို့ လာကြလော့၊ အရှင်တို့လာကြလော့၊ ငါတို့ဆရာ မြတ်စွာဘုရားသခင် ဆိုက်ရောက်တော်မူလာပြီ" ဟုခေါ်ငင်လေ၏။

ထိုနောက် မထေရ်သုံးပါး တို့သည် တညီတညွတ်တည်းဘုရားသခင်ကို ကြိုဆိုကြ၍ တစ်ပါးက ဘုရားသခင်၏ သပိတ်သင်္ကန်းကို လှမ်းယူ၏။ တစ်ပါးက နေရာကိုခင်းပြီး တစ်ပါးက ခြေဆေးရေ၊ ခြေဆေးအင်ပျဉ်၊ခြေပွတ်အိုးခြမ်းကို အနီး၌ ချထားလေသည်။ ဘုရားသခင်သည် ခင်းအပ်သော နေရာ၌ နေထိုင်တော်မူပြီး ခြေဆေးတော်မူသည်၊ အရှင်မြတ်သုံးပါးသည် ဘုရားသခင်ကို ရှိသေစွာ ရှိခိုးကြပြီး သင့်တင့်သောအရပ်၌ ထိုင်နေတော်မူကြသည်။

« မထေရ်သုံးပါးတို့အား တရားဟောတော်မူခြင်း »

ဘုရားရှင်က--- "ချစ်သားအနုရုဒ္ဓါတို့ ခံ့ကျန်းပါ၏လော ဣရိယာပုထ် မျှတပါ၏လော၊ ဆွမ်းပစ္စည်းမပင်ပန်းပဲ ရရှိကြပါ၏လော"ဟု မေးတော်မူ၏။ ထိုအခါ အနုရုဒ္ဓါသည် "မှန်လှပါ ကပည့်တော်တို့သည် ခံ့ကျန်းပါ၏၊ ဣရိယာပုထ် မျှတပါ၏၊ ဆွမ်းပစ္စည်းဖြင့်မပင်ပန်းဘဲ ရရှိကြပါ၏ ဘုရား" ဟု ပြန်လျှောက်လေသည်။ "ချစ်သား အနုရုဒ္ဓါတို့ အညီအညွတ်ဝမ်းမြောက်ဝမ်းသာ ငြင်းခုံခြင်း မရှိကြဘဲ နို့နှင့်ရေကဲ့သို့ ဖြစ်၍ အချင်းချင်း ချစ်ကြည်သော မျက်စိတို့ဖြင့် ကောင်းစွာကြည့်ရှုပြီး နေကြပါ၏လော"၊ "ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ နို့နှင့်ရေစပ်သကဲ့သို့ ဖြစ်၍ အချင်းချင်း ချစ်သောမျက်စိဖြင့် ကောင်းစွာကြည့်ရှု၍ နေကြပါသည့်ဘုရား"၊ "ချစ်သား အနုရုဒ္ဓါတို့.. သင်တို့သည် ဘယ်ပုံဘယ်နည်း ဝမ်းမြောက်ဝမ်းသာ ငြင်းခုံမှုမရှိ၊ နို့နှင့်ရေကဲ့သို့ ဖြစ်ကြ၍ အချင်းချင်း ချစ်ကြည်သော မျက်စိဖြင့် ကောင်းစွာကြည့်ရှု၍ နေကြကုန်သနည်း"၊ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား- ဤတော၌နေသော တပည့်တော်တို့၏ သဗ္ဗြဟ္မစာရီ၌ ငါသည် အရတော်စွတကား၊ ကောင်းစွာရအပ်ပေစွတကား၊ ငါသည် ဤသို့ သဘောရှိသော သီတင်းသုံးတော်တို့နှင့် အတူတကွ နေရပေ၏ဟုအကြံဖြစ်မိပါသည်။ ဘုန်းကြီးတော်မူသော မြတ်စွာဘုရား...တပည့်တော်သည် ဤအရှင်မြတ်(၂)ပါး တို့၏အပေါ်၌ မေတ္တာနှင့်ယှဉ်သော ကာယကံ၊

မေတ္တာနှင့်ယှဉ်သော ဝစီကံ၊မေတ္တာနှင့်ယှဉ်သော မနောကံကို မျက်မှောက် မျက်ကွယ် နှစ်သွယ်၌ပင် ထားရှိဖြစ်ပွားစေအပ်ပါပြီ…ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ စိတ်၌ ငါသည်မိမိ၏ စိတ်အလိုကိုကြဉ်ဖယ်၍၊ ဤအရှင်မြတ်(၂)ပါးတို့၏ စိတ်အလိုသို့လိုက်ရပါမူ ကောင်းလေစွ‥ဟုအကြံ ဖြစ်ပြီးလျှင်– မိမိစိတ်အလိုကို ကြဉ်ဖယ်၍ အရှင်မြတ်(၂)ပါးတို့၏ စိတ်အလိုအတိုင်း ကျင့်သုံး နေထိုင် ပါ၏ ဘုရား"…။

ဘုန်းကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့ (၃)–ဦးမှာ ကိုယ်ခန္ဓာသည်သာ ကွဲပြား ကြသော်လည်း စိတ်သည်ကားတစ်ခုတည်းကဲ့သို့ ဖြစ်ကြပါသည် ဘုရား" ဟု လျှောက်ထားလေသည်။ အရှင်ထိမိလ နှင့် အရှင်နန္ဒိယမထေရ်မြတ် (၂)ပါးကလည်း ဤသို့ပင်လျှောက်ထားကြပါသည်။ဘုရားရှင်သည် မထေရ်မြတ် သုံးပါးတို့၏ သာမဂ္ဂီရသကို မေးမြန်းတော်မူပြီး အပ္ပမာဒလက္ခဏာကို မေးလိုက်တော်မူ၍ "အနုရုဒ္ဓါတို့ သင်တို့သည် မမေ့မလျော့ပဲ ပြင်းထန်သော လုံ့လဝီရိယဖြင့် နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကြကုန်၏လော" ဟုမေးမြန်းတော်မူရာ အရှင်အနုရုဒ္ဓါက "ဘုန်းတော်ကြီးသောမူသော မြတ်စွာဘုရား တပည့်တော်တို့သည် မမေ့မလျော့ဘဲ ပြင်းထန်သော လုံ့လဝီရိယရှိကြလျက် နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ဖြင့်နေကြပါ၏ဘုရား" ဟု လျှောက်သည်။ "အနုရုဒ္ဓါတို့ သင်တို့ ဘယ်ပုံဘယ်နည်း နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ဖြင့် နေထိုင်ကြကုန်သနည်း" "ဘုန်းကြီးတော်မူသော မြတ်စွာဘုရား ဤတော၌ နေထိုင်ကြသည့် တပည့်တော်တို့သုံးပါးအနက် ရှေးဦးစွာ ဆွမ်းခံပြန်လာသောရဟန်းသည် "နေရာကိုခင်းပါ၏၊ ခြေဆေးရေ၊ခြေဆေးအင်ပျဉ်၊ခြေပွတ်အိုးခြမ်းကိုချထား နှင့်ပါသည်။ဆွမ်းဦးထည့်သောခွက်ကို ချထားနှင့်ပါသည် သောက်ရေသုံးဆောင်ရေကို တည်ထားနှင့်ပါသည်။ နောက်မှဆွမ်းခံပြီး ပြန်လာသော ရဟန်းသည် စားပြီးသောဆွမ်းကြွင်းရှိ၍ စားလိုပါလျှင်စားပါသည်။ မစားလိုလျှင် စိမ်းသောမြက်သစ်ပင် ပိုးမရှိသောရေရှိရာ အရပ်၌သော်လည်း သွန်ပြစ်ပါသည်။ထိုနောက် နေရာ ထိုင်ခင်းကို ခေါက်သိမ်းပါသည်။ခြေဆေးရေ၊ခြေဆေး အင်ပျဉ်၊ခြေပွတ်အိုးခြမ်းများကို သိုမှီးသိမ်းဆည်းပါသည်။ ဆွမ်းဦးထည့်သောခွက်ကို ဆေးကြော၍ သိမ်းဆည်း ခဲ့ပါသည်။သောက်ရေသုံးဆောင်ရေကို သိုမှီးသိမ်းဆည်း ပါသည်။ ဆွမ်းစားဇရပ်ကို တံမြက်လှည်းပါသည်။ သောက်ရေအိုးကို ဖြစ်စေ၊သုံးဆောင်အိုးကို ဖြစ်စေ၊ ဝစ္စကုဋီ၌ရှိသော သန့်သက်ရေအိုးကို ဖြစ်စေ၊ ရေမရှိသည်ကိုမြင်လျှင် ထိုမြင်သောရဟန်းကပင် ရေများကိုထည့်ထားသွားပါသည်။အကယ်၍ ထိုရဟန်း မချီနိုင်သောဝန်ဖြစ်က လက်ယပ်ခေါ်သောအားဖြင့် လက်ခြင်းယှက်၍ ထိုရေအိုးကိုတည်ထားကုန်ပါ၏ ဘုရား"။ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် မည်သည့်အကြောင်းကြောင်းမျှ စကားမဆိုကြကုန်။ ၅–ရက်တစ်ကြိမ်တစ်ညညဲ့လုံးလုံး တရားစကားဖြင့် ကောင်းစွာနေထိုင်ကြပါကုန်၏။ တပည့်တော်များသည် ဤသို့လျှောက်ဆိုအပ်ခဲ့ပြီးသည့် အတိုင်းမမေ့မလျော့ဘဲ ပြင်းထန်သောဝီရိယရှိကြလျက် နိဗ္ဗာန်သို့စေလွှတ်သောစိတ်ဖြင့် နေကြပါကုန်၏ဘုရား" ဟုလျှောက်ထားလေသည်။ ဤသို့ ညီညီညွတ်ညွတ် နေထိုင်မှုကြောင့် ဘုရားသခင်က သာဓု ခေါ်တော် မူသည်။

« လူတိုင်းနှစ်သက်သည့် ညီညွတ်မှု »

ညီညွတ်မှုကိုလူတိုင်းနှစ်သက်ကြပါသည်။ ဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် ယနေ့ထက်တိုင် မကွဲမပြားတည်တံ့ခိုင်မြဲနေမှုသည် ဘုရားရှင်၏ အဆုံးအမ ဩဝါဒတော်အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြသောကြောင့်သာ ဖြစ်သည်။ ယနေ့ကမ္ဘာမျက်မှောက်ကိုကြည့်ရှု သုံးသပ်ကြည့်မည်ဆိုပါလျှင် ကမ္ဘာနှင့်အဝန်း သူတစ်လူ ငါတစ်မင်းဖြစ်နေကြ၏၊ တစ်ဦး၏စကားကို တစ်ဦးကမနာယူဘဲ သူအမှန်ငါအမှန် ဖြစ်ပေါ်နေမှု ကြောင့် စစ်တိုက်နေကြခြင်းဖြစ်ပါသည်။ လောက၌

"အတွင်းမီး၊အပြင်မီး"ဟူသောစကားရှိ၏ အပြင်မီးထက် အတွင်းမီးကို အထူးဂရုပြုသင့်ကြပါသည်။ကင်ဆာ၊ တီဘီ၊သွေးတိုးစသောရောဂါများသည် လူ၏ခန္ဓာကိုယ် အတွင်းမှဖြစ်ပေါ်လာကြသည့်ရောဂါများဖြစ်ကြပါသည်။ ထိုရောဂါရသူသည် အသက်ကြာရှည်စွာရှင်နေနိုင်ခွင့် မရှိကြချေ။ စင်စစ်ဤရောဂါများသည် အတွင်းမီးများပင် မဟုတ်ပါလော။ အမှားအမှန် ဟူသည် ပုထုဇဉ် လူသားတိုင်း၌ ရှိကြစမြဲဖြစ်ပါသည်။ ဤအကြောင်း နှင့်ပတ်သက်၍ ကန်တော်မင်းကျောင်းဆရာတော်က "ပညာရှိကိုပေါင်း၊သမားကောင်းကိုဖက်၊သူပျက်ကိုခွါ၊ ဆရာကိုကပ်၊အရပ်ကိုမှူ၊လုံ့လအပင့်၊ဆင်ခြင်အမျက်၊" ဟူ၍လည်းကောင်း "သူမကောင်းကိုခွါ၊သူတော်ကောင်း ကိုရှာ၊ သူတော်ဆုံးမနာ" ဟူ၍လည်းကောင်း ဆုံးမတော်မူထားပါသည်။ နွားကွဲလျှင် ကျားဆွဲတတ် သည်မှာ လောကဓမ္မတာ ဖြစ်ပါသည်။

« ဒီဃာဝုမင်းသား »

သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့သည် ဘုရားရှင်ခွင့်ပြုတော်မူအပ်သည့်ဥပုသ်ပြုခြင်း၊ ပဝါရဏာ ပြုခြင်းများသည် စင်စစ် တစ်ဦးနှင့်တစ်ဦး တစ်ပါးနှင့်တစ်ပါး ချစ်ကြည်ရင်းနှီးမှုကို ရည်ရွယ်တော်မူ၏၊ မှန်ပါသည်။ ဘုရားရှင်သည် "ညီညွတ်သော ရဟန်းတို့အတွက် ဥပုသ်ကံကို ပညပ်တော်မူသည်။ အတူနေသမျှ ရဟန်းတို့ကို ညီညွတ်ခြင်း(သာမဂ္ဂီ)ဟု ခွင့်ပြု၏။ရဟန္တာပင်ဖြစ်စေကာမူ ဥပုသ်ပြုရာသို့ သွားလော့၊သံဃာကံပြုရာသို့ သွားလော့၊မသွားဘဲ မနေနှင့်".. ဟု မိန့်တော်မူခဲ့သည်။

ကောသလမင်းကြီးသည် အသတ်ခံရလုလု အချိန်၌သားတော် ဒီဃာဝုမင်းသားအား "ချစ်သား ဒီဃာဝု အရှည်ကို သာရှုလော့၊ 'အတိုကို မရှုနှင့်၊ ဤလူ့ဘောင်၌ ရန်ထောင်တတ်သူကို ရန်တုံ့မူသဖြင့် ငြိမ်းခြင်းသဘောမရှိချေ။ မေတ္တာဝေမှသာလျှင် ငြိမ်းအေးရာသော သဘောရှိ၏" ဟု ဆုံးမခဲ့ပါသည်။ ညီညွတ်မှု၊နားလည်ခွင့်လွှတ်တတ်မှု စိတ်ဝမ်း မကွဲပြားမှုသည် မိမိတို့၏ ရည်းမှန်းချက် တိုးတက် အောင်မြင်စေသောနည်း ဖြစ်၏။ သာသနာ့မျိုးချစ် ပုဂ္ဂိုလ် မွန်-ပုဂ္ဂိုလ် မြတ်တို့သည် အရှင် အနုရုဒ္ဓါနှင့် အဖေါ်နှစ်ပါးတို့နေထိုင်ကျင့်သုံးပုံ နည်းယူကျင့်ကြ နေထိုင်ကြမည် ဆိုပါလျှင် မိမိတို့ ချစ်မြတ်နိုးကြသည့် မွန်ပရိယတ္တိစာသင်တိုက်ကြီးများနှင့် ရာမညလုံးဆိုင်ရာ ရာမညနိကာယ် စာမေးပွဲအသင်ကြီးတို့စည်ပင်လာမည် ဖြစ်သောကြောင့် သာသနာ့ မျိုးချစ်ပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် အချင်းချင်း ချစ်ကြည် မြတ်နိုးစွာ နေထိုင်ကျင့်သုံးကြပါစို့ ဟူ၍…

ဘဒ္ဒန္တခန္တီသာရ(ပဲခူးမြို့)
သုခကာရီ မွန်စာသင်တိုက်ကျောင်း။



ပဉ္စမသင်္ဂါယနာတင် မထေရ်မြတ်ကြီးများ ချမှတ်ပေးတော်မူခဲ့သည့် ယင်းအယူဝါဒအတိုင်း
၃၆ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရာ၌ သံဃာ့မထေရ်မြတ်ကြီးများသည် သင်္ဂါယနာအကြိမ်ကြိမ်တင်၍ လည်းကောင်း၊ သာသနာပြုမင်းကောင်းမင်းမြတ် များအား ဓမ္မစက်ကို အာဏာစက်ဖြင့် ကူညီပံ့ပိုးစေ၍ လည်းကောင်း ဓမ္မနှင့် ပုဂ္ဂလ သန့်ရှင်းစင်ကြယ်ရေးကို အလွန်မြင့်မြတ်သော တာဝန်တရပ်အဖြစ် သတ်မှတ်ကာ အစဉ်တစိုက် ကြောင့်ကြထား၍ ဆောင်ရွက်ခဲ့ကြသည်။



## သာသနာသန့်ရှင်းစင်ကြယ်ရေး

ထေရဝါဒ ဗုဒ္ဓဘာသာဆိုသည်မှာ အရှင်မဟာကဿပ မထေရ်ကြီးမှစ၍ မထေရ်အဆက်ဆက်တို့၏ အယူဝါဒအတိုင်း ကျင့်သုံးသော ဘုရားရှင်၏ အဆုံးအမသာသနာဟု ဆိုလိုသည်။ မထေရ်ကြီးများ၏ အယူဝါဒဆိုသည်မှာလည်း ဗုဒ္ဓဘုရားရှင် ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားတော် ဓမ္မက္ခန္ဓာတို့ကို ဖြည့်စွက်နုတ်ပယ်ခြင်းမပြုဘဲ အစ အလယ် အဆုံး သုံးပါးလုံး ပြီးပြည့်စုံသည့်အတိုင်း ကျင့်သုံးလိုက်နာသော အယူဝါဒဖြစ်သည်။



"သာသနာတော်သန့်ရှင်းစင်ကြယ်ရေး" ဟူသော စကားသည် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့်တွေးကြည့်လျှင် ထိုစကားစုကို နှုတ်မှ ပြောဆိုသုံးနှုန်းရန်ပင် မဝံ့ရဲစရာဖြစ်သည်။ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို မသန့်ရှင်းဟု ဆိုရန်မှာ ဘုရားရှင်သက်တော်ထင်ရှားရှိတော်မူစဉ်ကလည်း ဤအဆုံး

အမသာသနာတော်ဖြစ်၍ ထိုအဆုံးအမတော်များ အတိုင်း မထေရ်မြတ်ကြီးများ၏ အယူဝါဒနှင့်အညီ တစ်သဝေမတိမ်းလိုက်နာလျက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြသဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာ အဆုံးအမများ တွန်းလင်းစည်ပင်လျှက်ရှိရာ သာသနာတော်မြတ်ကြီးအနေနှင့် မသန့်ရှင်း မစင်ကြယ်စရာအကြောင်း မရှိပေ။

သာသနာတော်အတွင်းရှိ ပုဂ္ဂိုလ်အချို့ ဘုရားရှင်ပညတ်တော်မူအပ်သော ဝိနည်းသိက္ခာကို မလိုက်နာမှု၊ မထေရ်မြတ်ကြီးများ ချမှတ်ထားသည့် အယူဝါဒကို မလေးစားမှု၊ ထေရဝါဒ ဗုဒ္ဓဘာသာ၏ မဏ္ဍိုင်ဖြစ်သည့် တရားတော် ဓမ္မက္ခန္ဓာတို့ကို သင်အံမှုမပြုကြဘဲ ပေါ့လျော့စွာထားမှုတို့ကြောင့်သာ သာသနာတော် ထိခိုက်ညှိုးနွမ်းရပြီး မသန့်ရှင်း မစင်ကြယ်သည့် အဓိပ္ပာယ်သို့ သက်ရောက် စေခဲ့သည်။

သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးဟူ၍ သာသနာ့တာဝန်အရေးသုံးပါးအနက် သာသနာ တော်သန့်ရှင်းရေးသည် ရှေးဦးစွာ အရေးကြီးသည် လည်း အမှန်ပင်ဖြစ်သည်။ အထူးသဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာသည် ဘုရားရှင်၏ ဒေသနာတော်များကို တစ်လုံးတစ်ပါဒမျှ ဖြည့်စွက်ခြင်း၊ ပြုပြင်ခြင်း၊ နုတ်ပယ်ခြင်းမျိုး မပြုကြပေရာ ဓမ္မသန့်ရှင်းမှု၊ ပုဂ္ဂိုလ်သန့်ရှင်းမှု အလွန်လိုအပ်သည်။ သန့်ရှင်းမှု မရှိပါက တည်တံ့ရေးကို လည်းကောင်း၊ ပြန့်ပွားရေး ကို လည်းကောင်း ယုံကြည်ချက်အပြည့် ဆောင်ရွက် နိုင်ကြမည် မဟုတ်ဘဲ ကိုကွယ်ဆည်းကပ်သူများအား သဒ္ဓါတရားနည်းပါးဖို့ အကြောင်းသာ ပိုမိုတိုးပွားမည် ဖြစ်သည်။

သာသနာ သန့်ရှင်းစင်ကြယ်ရေးနှင့် ပတ်သက်၍ နိုင်ငံတော် ဩဝါဒစရိယ ဘဒ္ဒန္တဉာဏိက ဆရာတော်ဘုရားကြီး၏ ကျမ်းစာအုပ် အခန်း(၃)တွင် ဖော်ပြပါရှိသည့် သာသနာတော်၌ ပေါ်ပေါက် လာမည့် ဘေးရန် အကြောင်းမှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့အနေနှင့် သိရှိထိုက်လှပါသဖြင့် ဆောင်းတင်ပြရခြင်းဖြစ်သည်။

## သာသနာတော်၌ပေါ်ပေါက်လာမည့်ဘေးရန်များ

ပဥ္စိမာနိ ဘိက္ခဝေ အနာဂတဘယာနိ ဧတရဟိ<br>
အသမုပ္ပန္နာနိ အာယတိံ သမုပ္ပဇ္ဇိဿန္တိ။<br>
(အံ ၂-၉၃)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဥ္စ၊ ငါးပါးကုန်သော။ ဣမာနိ အနာဂတဘယာနိ၊ နောင်ပေါ်လာမည့် ဤဘေးရန် တို့သည်။ အသမုပ္ပန္နာနိ၊ မဖြစ်ပေါ်ကုန်သေး။ အာယ တိံ၊ နောင်အခါ၌။ သမုပ္ပဇ္ဇိဿန္တိ၊ ဖြစ်ပေါ်ကုန်လတ္တံ့။

ဤပါဠိတော် ယောဓာဇီဝဝဂ်၊ နဝမသုတ် ဘာသာပြန်အကျဉ်း–

၁။ ကာယ၊ သီလ၊ စိတ္တ၊ ပညာတို့၌ ပွားများမှု ဘာဝနာကင်းမဲ့လျက် ဥပသမ္ပဒ ပြု၍ ပဥ္စင်းခံခြင်း။

၂။ အထက်ပါ တရားစု ကင်းမဲ့လျက် နိဿရည်း ပေးခြင်း။

၃။ အထက်ပါ တရားစု ကင်းမဲ့လျက် အဘိဓမ္မာ တရား၊ ဝေဒလ္လတရားတို့ကို မသိနားမလည် ခြင်း။

၄။ အထက်ပါ တရားစု ကင်းမဲ့လျက် နက်နဲသော သုတ္တန်၏ အနက်ကို ဟောသော်လည်း နားမ ထောင်၊ သုညတပဋိသံယုတ္တတရား တို့ကို သင်လိုခြင်း။

၅။ ရဟန်းတို့သည် လာဘ်များကုန်သည် ဖြစ်၍ အကျင့်သိက္ခာ၌ ဝီရိယမထုတ်ခြင်း။

ဤသည်ကား သာသနာ၏ ဘေးရန်တို့တည်း။

## ငင်းပါဠိတော်ငင်းဝဂ်ဒသမသုတ်ဘာသာပြန်အကျဉ်း

၁ ။ သက်န်းကောင်းကိုလို၍ ပံသုကူရှတင်ကို စွန့်ခြင်း၊

၂ ။ ဆွမ်းကောင်းကိုလို၍ ပိဏ္ဍပါတ်ဓုတင်ကို စွန့်ခြင်း၊

၃ ။ ကျောင်းကောင်းကိုလို၍ ရုက္ခမူဓုတင်ကို စွန့်ခြင်း၊

၄ ။ ဘိက္ခုနီ၊ သိက္ခမာန်တို့နှင့် ရောထွေးနေထိုင်သဖြင့် သာသနာတော်၌ မမွေ့လျော်ခြင်း၊ အာပတ်သင့်ခြင်း၊ လူထွက်ခြင်း။

၅ ။ အရာမ်စောင့်၊ ရှင်ယောင်တို့နှင့် ရောထွေးနေထိုင်သဖြင့် ပစ္စည်းတို့ကိုသိုမှီးခြင်း၊ ရုန့်ရင်းသောနိမိတ်စကားတို့ကို ပြောဆိုသုံးစွဲခြင်း၊

ဤတရားတို့ကို ပယ်ရမည်ဟုဟောတော်မူသည်။

## ဖုဿရဟန္တာမထေရ် မိန့်ကြားသော သာသနာတော်၏ အနာဂတ်ဘေးရန်များ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် ဆဋ္ဌဘိညာ ရဟန္တာဖြစ်တော်မူသော ဖုဿမည်သော ရဟန္တာသည် မဏ္ဍလိကမင်းမျိုးမှ ရဟန်းပြုလေသည်။ တစ်နေ့သ၌ ပဏ္ဍရဂေါတ္တမည်သော ရသေ့သည် ဖုဿမထေရ်၏ အထံသို့လာ၍ တရားနာသည်ရှိသော် ရဟန်းတော်၏ သိက္ခာ၊ ဣန္ဒြေတို့ကို ကြည်ညိုလှသဖြင့် ဤကဲ့သို့သော ကျင့်ဝတ်ပဋိပတ်သည် ဤလောကဓာတ် လူ့ရွာ၌ ကြာရှည်စွာ တည်ပါမူကား ကောင်းလေစွ ဟု အောက်မေ့၍ နောင်ကာလ၌ သာသနာတော်ဝယ် အဘယ်ကဲ့သို့သော ဖြစ်လာပါမည်နည်း။ ဤကျင့်ဝတ်မျိုးတည်ရှိပါဦးမည်လောဟု မေးလျှောက်ရာ ဖုဿမထေရ်က နောင်အနာဂတ်ကာလ၌ ပေါ်လာမည့် သာသနာတော်၏ ဘေးရန်စုကို မိန့်ကြားတော်မူသည်။

## မိန့်ကြားတော်မူပုံ

သာသနာတော်နောက်ပိုင်းကျလျှင် ရဟန်းတို့သည်-

၁ ။ အမျက်ထွက်လေ့ရှိအံ့၊

၂ ။ ရန်ငြိုးဖွဲ့လေ့ရှိအံ့၊

၃ ။ သူ့ကျေးဇူးကို ချေဖျက်အံ့၊

၄ ။ ခက်ထန်ကြမ်းကြုတ်အံ့၊

၅ ။ မကျင့်ပဲကျင့်ယောင်၊ မသိဘဲသိယောင်ပြုအံ့၊

၆ ။ သူတစ်ပါးကောင်းစွာကျင့်သည်ကို ငြူစူအံ့၊ ဖျက်ဆီးအံ့၊

၇ ။ ခိုက်ရန်ငြင်းခုံခြင်းဖြစ်အံ့၊

၈ ။ မသိဘဲသိယောင် ဟန်ဆောင်တတ်အံ့၊အသင်းအဖွဲ့များအံ့၊

၉ ။ မသူတော်တို့၏ တရားကို စူးစိုက်အံ့၊

၁၀ ။ ငါဂွမ်းကဲ့သို့ပေါ့ပျက်အံ့၊

၁၁ ။ သာသနာတော်ကို အရိုအသေကင်းကုန်အံ့၊

၁၂ ။ သံဃာအချင်းချင်း အရိုအသေကင်းအံ့၊

၁၃ ။ တရားတော်ကို ဖျက်စီးအံ့၊

၁၄ ။ တရားတဘောင်၌ အလဇ္ဇီဒုဿီလတို့ အသင်းအဖွဲ့များအံ့၊

၁၅ ။ ပရိယတ် ပဋိပတ်ပြည့်စုံသော ပုဂ္ဂိုလ်တို့အားနည်းအံ့၊

၁၆ ။ ရဟန်းယုတ်တို့ ပစ္စည်းစု၍ ကျွဲနွားဆိတ်တို့မွေးမူအံ့၊

၁၇ ။ သူတစ်ပါးကို ချုပ်ချယ်၍လှည့်ပတ် သွားလာကုန်အံ့၊

၁၈ ။ မခိုင်မြဲသောစိတ်ရှိအံ့၊

၁၉ ။ မအပ်သောဆိုးရည်ဖြင့်ဆိုး၍ စိမ်းလဲ့သော သင်္ကန်းကိုဝတ်အံ့၊

၂၀ ။ လှည့်ပတ်မြှောက်ပင့်၍ အသက်မွေးအံ့၊

၂၁ ။ ကြမ်းကြုတ်ခက်ထန်သောစိတ်ရှိအံ့၊

၂၂ ။ ကိလေသာ အမှုအရာထင်ရှားအံ့၊

၂၃ ။ ဝါကြွားပလွှား၍ သွားလာလှည့်ပတ်အံ့၊

၂၄ ။ ပစ္စည်းလေးပါး၌ ကက်မက်ခြင်းလွန်အံ့၊
၂၅ ။ သူငယ်တို့ကို ထိမ်းသိမ်းမွေးမြူအံ့၊
၂၆ ။ လာဘ်ပေါများအောင် အတုယူ၍ကျင့်အံ့၊
၂၇ ။ ရဟန်းကောင်းတို့ကို အရိုအသေအပူဇော်နည်းအံ့၊
၂၈ ။ သက်န်းကိုစွန့်၍ အဝတ်ကြူကို ဝတ်ကြကုန်အံ့၊
၂၉ ။ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲပစ္စည်းလေးပါးကို မှီဝဲအံ့၊
၃၀ ။ ဆရာဥပဇ္ဈာယ်တို့စကားကို မနာယူအံ့၊
၃၁ ။ ရဟန်းကောင်းတို့မနေနိုင်အောင် နှိပ်စက်အံ့၊
၃၂ ။ ဆရာဥပဇ္ဈာယ်တို့ကို နှုတ်လုံ့ထိုးအံ့၊

ဤတရားစုသည် သာသနာတော်နောက်ပိုင်း၌ ဖြစ်ပေါ်၍ သာသနာတော်ကို ဖျက်ဆီးမည့် ရန်သူဟူ၍ ရဟန္တာအရှင် ဖုဿထေရ် မိန့်ကြားတော်မူချက်တည်း။ (ထေရ- ၄၊ ၂။ ၃၅၈။)

ဤသို့ မြတ်စွာဘုရားနှင့် ရဟန္တာအရှင်တို့ ဟောပြည့်မိန့်ကြား သင်္ဂြိုဟ်ပေးစကားတို့ကို သာသနာတော်၌ သက်ဝင်ယုံကြည်သူတိုင်းလေးစားသမှု အာရုံပြု၍ ပယ်လှန်စွန့်ခွာ သာသနာတော်၏ ထွန်းလင်းတောက်ပရန် ရည်သန်တောင့်တလျက် စင်ကြယ်အောင် ရှက်ဆောင်အားထုတ်ကြရာသ ည်၊

ဤသို့ ထေရဂါထာ ပါဠိတော်တိ သနိပါတ်လာ ဖုဿရဟန္တာ မိန့်မှာချက် ၃၂ ချက်တို့တွင် တဆယ့်လေးချက်မြောက် ဖြစ်သော တရားတဘောင်၌ အလဇ္ဇီဒုဿီလတို့၏ အပင်းအသင်း များအံ့ ဟူသော သာသနာတော်၏ ရန်သူသည် သာသနာကို ဖျက်ဆီးရာ၌ ထိရောက်စွာဖျက်ဆီးနိုင်ပုံကို ဥဒါဟရဏ်နှင့်တကွ ဖော်ပြပါဦးမည်။

**ကဿပဘုရား၏ သာသနာတော်ပျက်စီးဆုတ်ယုတ်ပုံ**
(ဝိနယဓရမထေရ်နှစ်ပါး အပေါင်းအသင်းမှား၍ အများပျက်ဆီးရခြင်း)

ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းနှစ်ပါးသည် ပရိယတ်ကိုသင်ကြား၍ အထူးသဖြင့် ဝိနည်းပိဋကတ်ကို အထူးတတ်ကျွမ်းလေ့လာလေသည်။ တစ်ပါးလျှင် အခြံအရံ ငါးရာစီရှိကြလေသည်။ တစ်နေ့သ၌ ရွာနီးကျောင်းနေ အဓမ္မဝါဒီ ရဟန်းတစ်ပါးသည် သိက္ခာပုဒ်ကို လွန်ကျူးကြောင်း ဓမ္မဝါဒီ ရဟန်းကသိရာ အဓမ္မဝါဒီ ရဟန်းထံသွား၍-

ဓမ္မဝါဒီ ။ ငါ့ရှင် သင်ပြုသောအမှုသည် သာသနာတော်နှင့် မလျော်လှ။ သင့်အပြစ်ကို သင်ဆေးကြောပါ။
အဓမ္မဝါဒီ ။ တပည့်တော်ဘာကို ကျူးလွန်ပါသလဲအရှင်၊ ဘာကိုမြင်သလဲ၊ ဘာကိုကြားသလဲ။
ဓမ္မဝါဒီ ။ သံဃာစည်းဝေးလျှင် ဝိနည်းဓိုရ်တို့ သိကြပါလိမ့်မည်။

ထိုအခါ အဓမ္မဝါဒီ ရဟန်းသည် မိမိအမှုအပြစ်ကို ဆင်ခြင်၍ သံဃာစည်းဝေးလျှင် သံဃာအလယ်၌ အမှန်ဆုံးဖြတ်လျှင် သာသနာတော်၌ နေနိုင်တော့မည်မဟုတ်ကြောင်းကို သိမြင်သောကြောင့် ဆိုခဲ့သော ဝိနည်းဓိုရ်နှစ်ပါး အထံသို့ သွားကာ သပိတ် ပရိက္ခရာတို့ကို လာဘ်ပေး၍ အကျိုးအကြောင်းကို လျှောက်ထားသည်မှာ-

အဓမ္မဝါဒီ ။ တပည့်တော်မှာ အမှုတစ်ခုရှိပါသည် အရှင်တို့ထံသို့ ရောက်ပါလိမ့်မယ်၊ ရောက်လျှင်မှန်သည့်အတိုင်း မဆုံးဖြတ်ပါနှင့်။ တပည့်တော်ကို ကယ်မပါဘုရား။
ဝိနည်းဓိုရ် ။ အမှုပေါ်လျှင် ဝိနည်းနှင့်ညီစွာ ဆုံးဖြတ်ရလိမ့်မယ်၊ မဆုံးဖြတ်လျှင် ဘုရားမျက်နှာတော်ကို မထောက်ရာကျလိမ့်မယ်။
အဓမ္မဝါဒီ ။ မှန်သည့်အတိုင်းဆုံးဖြတ်လျှင် တပည့်တော် သာသနာ၌ မနေနိုင်

တော့ပါ။ တပည့်တော်ကို သနား သဖြင့်စောင်မတော်မူ စေလိုပါတယ် အပြစ်မှာ တပည့်တော်သာခံရဖို့ ရှိပါတယ်။

ဝိနည်းဓိုရ် ။ ကောင်းပြီ အေးအေးသာနေဟုဆို၍ သံဃာစည်းဝေး မဆုံးဖြတ်ဘဲနေလေ ၏။

အဓမ္မဝါဒီ ပုဂ္ဂိုလ်သည် ဤကဲ့သို့ ဝိနည်းဓိုရ် ထံမှ ပဋိညာဉ်ကိုရလျှင် မိမိတို့ကျောင်းသို့ပြန်၍ ဓမ္မဝါဒီပုဂ္ဂိုလ်ကို ယခု ဝိနည်းဓိုရ်သိပြီ၊ ဘာအပြစ် ရှိသလဲ၊ သင်တတ်နိုင်သေးသလားဟု ပြောဆို ကြိမ်းမောင်းလေ၏။ ဓမ္မဝါဒီ ပုဂ္ဂိုလ်သည် ဝိနည်းဓိုရ် ၏ တပည့်များထံသွား၍ အမှုကိုမထေရ်ကြီးအား လျှောက်ထားပါလျက် ဆုံးလည်းမဆုံးဖြတ်၊ ငါတို့ ကို ခစားလုပ်ကျွေးသူဟု ပုဂ္ဂိုလ်၏မျက်နှာကိုသာ ထောက်သည်။ ဘုရားရှေ့မျက်နှာတော်ကို မထောက်၊ ယနေ့ကစ၍ မြတ်စွာဘုရားသာသနာတော် ကွယ် လွန်လေပြီဟု အော်ဟစ်ငိုကြွေး၍ ထွက်သွားလေ တော့သည်။

## အလဇ္ဇီ၏ အသင်းဝင်မထေရ်ကြီးနှစ်ပါး ဘဝပြောင်းသွားပုံ

ဝိနည်းဓိုရ်မထေရ်ကြီးတို့သည် ထိုအခါမှ စ၍ "ငါတို့သည် ပုဂ္ဂိုလ်မျက်နှာကိုလိုက်၍ သာသနာ ကို ရွံ့အိုင်၌ပစ်မိသည်"ဟု နလုံးမသာ ကုက္ကုစ္စဖြစ်၍ သေလွန်လျှင် ပထမ မထေရ်ကြီးသည် ဟိမဝန္တာ၌ ပေါမဝတ နတ်ဘီလူး၊ ဒုတိယ မထေရ်ကြီးသည် မဇ္ဈိမဒေသ သာတတောင်၌ သာတာဂိရိနတ်ဘီလူး၊ တပည့်အခြံအရံများသည် ဘီလူးအခြံအရံများ ဖြစ် ကြကုန်၏။

## စဉ်းစားဝေဖန်ရန် နည်းဥပဒေ

ဤဝတ္ထု၌ အမှုကို ကျူးလွန်သောပုဂ္ဂိုလ်မှာ မည်မျှလောက် အပြစ်ထိုက်မည်ကို ဆင်ခြင်စဉ်းစား ၍ သိသာနိုင်သည်။ မိမိမလွန်ကျူးဘဲ လွန်ကျူးသူ ဘက်သို့ပါမိသော မထေရ်ကြီးနှစ်ပါးနှင့် တပည့် တစ်ထောင်တို့မှာ တစ်သက်လုံး ရဟန်းပြု၍ ဂန္ထဓုရ ကိုအားထုတ်သော ကုသိုလ်သည် နတ်ဘုံသို့ရောက် ရုံမျှ မပို့နိုင်တော့ပေ။ တစ်သက်လုံးကျင့်သော အာစိဏ္ဏကံကြီးကို မသူတော်၏ အပင်းအသင်လုပ် မိသော အကုသိုလ်က လွှမ်းမိုး၍ ဘီလူးဘဝရောက် အောင်ပို့ဆောင်နိုင်သည်။ တစ်ယောက်အတွက်အများ ပျက်စီးရသည်ကို ဆင်ခြင်၍ သံဝေဂရရန် ကောင်းလှ ပေသည်။ ပုဂ္ဂိုလ်တွင်သာမကဘဲ သာသနာကိုပါ ထိခိုက်သောကြောင့် ကြောက်မက်ဖွယ်ကောင်းလေစွ။

## ဤစုဒ္ဒသမဘေးရန်ကို ကာကွယ်ရန်

ဝိနည်းဓိုရ်အဖွဲ့များကို အနံ့အပြားဖွဲ့၍ အမှု ပေါ်လာလျှင် ဝိနည်းဓိုရ်ထံရောက်၍ အဆုံးအဖြတ် ခံအောင် အစိုးရကအာဏာနှင့်ကူညီသင့်ပေသည်။ ဤသို့ပြုလုပ်လျှင် ဤကဲ့သို့ အဓိကရဏ်ဒသီလတို့ လွှမ်းမိုး ခြင်းမှ ကင်းစင်၍ သာသနာတော်မှာ ကွဲပြားခြင်း ပကတ္တအဖြစ်မှ သန့်ရှင်းစင်ကြယ်နိုင်သည်။

## သာသနာပျက်စီးကြောင်းတရားများ

၎င်းတို့မှာ–

(၁) တရားတော်ကို ရိုသေစွာမနာခြင်း၊

(၂) တရားတော်ကို ရိုသေစွာမသင်ခြင်း၊

(၃) တရားတော်ကို ရိုသေစွာမဆောင်ခြင်း၊

(၄) တရားတော်၏ အနက်ကို ရိုသေစွာမဆင် ခြင်း၊

(၅) အနက်အဓိပ္ပါယ်ကို သိသော်လည်း တရား တော် အတိုင်းမကျင့်ခြင်း၊

(အင်္ဂုတ္တိုရ် ပဉ္စကနိပါတ်၊ သဒ္ဓမ္မဝဂ်၊ စတုတ္ထသုတ်။)

## ၎င်းဝဂ်၊ ပဉ္စမသုတ်

(၁) သုတ္တ–ဂေယျ–စသော အင်္ဂါတို့ကို မသင် ခြင်း၊

(၂) သင်ပြီးသော တရားတော်ကို သူတစ်ပါးတို့ အား ဝေဖန်၍ မဟောခြင်း၊

ရာမညဓမ္မာစရိယအဖွဲ့.

(၃) သင်ပြီးသော တရားတို့ကို သူတစ်ပါးအား မပို့ချခြင်း၊

(၄) သင်ပြီးသောတရားတို့ကို ရွတ်အံသရဇ္ဈာယ် မပြုခြင်း၊

(၅) နာဖူးသင်ဖူးသော ,တရားတို့ကို စိတ်ဖြင့် မဆင်ခြင် မသုံးသပ်ခြင်း၊

### ငါးဝဂ်၊ ဆဋ္ဌသုတ်

(၁) သုတ္တ–ဂေယျ–စသည်တို့ကို အက္ခရာ များယွင်းစွာ သင်ခြင်း၊

(၂) ရဟန်းတို့ ဆိုဆုံးမရန်ခက်ခြင်း၊

(၃) ကျမ်းဂန်တတ်ပုဂ္ဂိုလ်တို့သည် သူတစ်ပါး တို့အား မပို့ချခြင်း၊

(၄) ရဟန်းတို့လာဘ်များ၍ တရားထူးရခြင်း၌ အားမထုတ်ခြင်း၊

(၅) သံဃာကွဲပြားခြင်း

(အကျဉ်းဖော်ပြပါသည်။)

### နှုတ်ရဆောင်ရန်

- ပရိယတ်သာသနာ၊ နှုတ်တော်လာကို၊ မနာ မသင်၊ နှုတ်တွင်မဆောင် သိအောင်မကြံ မကျွင့်ပြန်၊အမှန်သာသနာ ပျက်စီးကြောင်း။
- စာပေမသင်၊ သိလျှင်မဟော၊ သင်ပြောမပို့ ကင်းချို့ရွတ်အံ၊ ပြန်မဆင်ခြင်၊ ဤငါးအင်၊ အလျင်သာသနာ ပျက်စီးကြောင်း။
- အက္ခရာယွင်များ၊ သင်ကြားတတန်၊ မခံ ဆုံးမ၊ ပို့ချကင်းဝေး၊ ကျင့်ရေးကိုလွဲ၊ သံဃာ ကွဲ၊ အမြဲသာသနာ ပျက်စီးကြောင်း။

### နိဒါနဝဂ္ဂ၊ ကဿပသံယုတ်လာ သာသနာ - တည်မည့်ကာလ

တာဝ ကဿပ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ၊
ယာဝ န သဒ္ဓမ္မပဋိရူပကံ လောကေ ဥပ္ပဇ္ဇတိ။
(သံ၊ ၁၊ ၄၂၂။)

### မြန်မာဘာသာပြန်

ချစ်သား ကဿပ၊အကြင်မျှလောက်သော ကာလပတ်လုံး သာသနာတု၊ တရားတု၊ ရဟန်းတု တို့ လောက၌ မပေါ်ပေါက်သေး။ ထိုမျှလောက် သောကာလပတ်လုံး သာသနာစစ်၊ တရားစစ်၊ ရဟန်းစစ် တို့သည် လောက၌ မကွယ်ပျောက်သေး။

ဤပါဠိတော်အရ အကြင်မြို့ရွာနိဂုံးဇနပုဒ် တို့၌ ပရိယတ် အတုအယောင်၊ ပဋိပတ် အတုအယောင်၊ ပဋိဝေဓအတုအယောင်၊ ရဟန်းတု ရဟန်းယောင် သံဃာတု သံဃာယောင်တို့ မပေါ်ပေါက်ဘဲ စင်ကြယ်သော ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ သိက္ခာကာမ ရဟန်းစစ်၊ ရဟန်းကောင်း၊ သံဃာစစ် သံဃာကောင်းတို့ တည်ရှိနေကုန်ငြားအံ့။ ထိုမြို့ရွာနိဂုံးဇနပုဒ်တို့၌ သာသနာတော်မညစ်နွမ်း အောက်တန်းမကျဘဲ ထွန်းလင်းတောက်ပလိမ့်မည် ဟု ဟောတော်မူသည်။

### ငါးသံယုတ်ပါဠိတော်လာ သာသနာကွယ်မည့် ကာလ

ယတော စ ခေါ ကဿပ
သဒ္ဓမ္မပဋိရူပကံလောကေ ဥပ္ပဇ္ဇတိ၊
အထ သဒ္ဓမ္မဿ အန္တရဓာနံ ဟောတိ။
(သံ၊ ၁။ ၄၂၃။)

### မြန်မာဘာသာပြန်

ချစ်သား **ကဿပ**၊အကြင်အခါ– သာသနာ အတုအယောင်၊ တရားတု တရားယောင်၊ ရဟန်းတု ရဟန်းယောင်တို့လောက၌ ပေါ်ပေါက်၍လာ၏။ ထိုအခါ သာသနာတော်အစစ်သည် ကွယ်ပျောက် လိမ့်မည်။

ဤပါဠိတော်အရ အကြင်မြို့ရွာ နိဂုံးဇနပုဒ် တို့၌ ပရိယတ်အတုအယောင်၊ ပဋိပတ်အတု အယောင်၊ ပဋိဝေဓအတုအယောင်၊ ရဟန်းတု၊ သံဃာတုတို့ အကြင်အခါ ပေါ်ပေါက်လာကုန်၏။ ထိုအခါ မြို့ရွာနိဂုံးဇနပုဒ်တို့၌ **အစစ်အမှန်ဖြစ်သော** ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ၊ သိက္ခာကာမ ရဟန်း

ကောင်း၊ သံဃာကောင်းတို့ မတည်တော့ဘဲ ရှောင်လွှဲကွေကွင်း၍ သာသနာတော် သိမ်ဖျင်းကွယ်ပျောက်ရတော့လေသည်ဟု ဟောတော်မူသည်။

### အတုအယောင်ပေါ်လျှင် အစစ်အမှန် ပျောက်တတ်သည်

ဥပမာကား– လောက၌ ရွှေတု၊ရွှေယောင်၊ ငွေတုငွေယောင် မပေါ်ပေါက်သေးလျှင် ရွှေစစ်ရွှေကောင်း၊ ငွေစစ်ငွေကောင်းတို့ မကွယ်ပျောက်နိုင်သေး။ အကြင်အခါ– ရွှေတု၊ရွှေယောင်၊ငွေတုငွေယောင်တို့ပေါ်ပေါက်လာပါက ရွှေစစ်ရွှေကောင်းတို့ အသုံးနည်း၍ ကွယ်ပျောက်ရလေတော့သည်။ ရွှေစစ်ရွှေကောင်းတို့ကို မသုံးလိုတော့ဘဲ ရွှေတုရွှေယောင်တို့ကိုသာ အလွယ်တကူ သုံးစွဲတော့သကဲ့သို့ သာသနာတု၊ ရဟန်းတုတို့ကိုသာ ဆက်ဆံပေါင်းသင်း၍ လွယ်ကူသဖြင့် ကြည်ညိုကိုကွယ်လျှင် သာသနာစစ် ရဟန်းစစ်တို့ ကွယ်ပျောက်ရလေသည်။

အဘယ်ကြောင့် သာသနာစစ် ရဟန်းစစ်တို့ မကိုးကွယ်သနည်း။ သာသနာတု၊ ရဟန်တုတို့၏ အမူအကျင့်ကဲ့သို့ သာသနာစစ်၊ ရဟန်းစစ်တို့သည်လည်း ကျင့်ကြံလိမ့်မည်မထင်သောကြောင့် မကြည်ညို၊ မကိုးကွယ်တော့ပေ။ ထို့ကြောင့် သာသနာတော် အောက်တန်းကျ၍ ကွယ်ပရလေသည်။ ကွယ်ပဖူးသည်ကို ပြဦးအံ့။

## ဗြဟ္မဒတ်မင်းနှင့် ဝိဇ္ဇာဓိုရ်

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းအုပ်စိုးသောအခါ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ညဉ့်အခါမန္တာန်ကိုရွတ်၍ မိဖုရားနှင့် ပျော်ပါးလေလျှင် မိဖုရားသည် မင်းကြီးအား ထိုအကြောင်းကို လျှောက်တင်လေသော် မင်းကြီးက ထိုသူကိုရှာဖွေရန် အမှတ်တစ်ခုပြုရမည်ဟု မိန့်တော်မူသဖြင့် မိဖုရားသည် ဟင်္သာပဒါးခွက်ကို သလွန်အနီး၌ထား၍ ညဉ့်အခါ ဝိဇ္ဇာဓိုရ်လာ၍ ပျော်ပါးနေစဉ် မိဖုရားသည် လက်ကို ဟင်္သာပဒါးခွက်၌နှစ်၍ ဝိဇ္ဇာဓိုရ်၏ကျောက်ကုန်းကို လက်ငါးချောင်းရာထင်အောင် ရိုက်နှိပ်၍ပေးလိုက်လေ၏။

နံနက်မိုးသောက်လျှင် ညဉ့်ကကျွန်မ၏ရန်သူကို ဟင်္သပဒါးလက်ငါးချောင်းရာထင်အောင် ရိုက်နှိပ်လိုက်ကြောင်း တင်လျှောက်သဖြင့် မင်းချင်းတို့အား မြို့တွင်းမြို့ပြင်တို့၌ လိုက်လံရှာဖွေစေရာ ဝိဇ္ဇာဓိုရ်သည် နေ့အခါ သုသာန်စောင့်ရဟန်းယောင်ဆောင်၍ သုသာန်တွင်နေရာ မင်းချင်းတို့ သုသာန်စောင့်ရဟန်းကို စုံစမ်းကြည့်ရှုသဖြင့် ကျောက်ကုန်း၌ ဟင်္သပဒါးအမှတ်လက်ရာကိုမြင်၍ ဖမ်းမည်ဟုဝိုင်းကြသောအခါ မန္တန်ကိုရွတ်၍ ကောင်းကင်သို့ ပျံတက်သွားလေ၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလေသော် တိုင်းပြည်မှာရှိသော ရဟန်းအားလုံးကို ပြည်မှနှင်ထုတ်သဖြင့် ဗာရာဏသီမှာ သာသနာကွယ်ပရလေသည်။

### သိကြားမင်းသာသနာပြုလာခြင်း

သိကြားမင်းသည် နတ်ပြည်အသစ်ဖြစ်သောနတ်တို့ကိုမမြင်၍ လူ့ပြည်ကိုကြည့်ရှုဆင်ခြင်ရာ ထိုအကြောင်းကိုသိ၍ နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါတစ်ပါးကိုပင့်၍ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းမြင်လောက်သောအရပ်မှ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ရှေ့မှကြွစေလျက် မိမိသည်နောက်မှ ပစ္စေကဗုဒ္ဓါကို ရှစ်ခိုး၍ကောင်းကင်မှ ကြွသွားသည်ကို ဗြဟ္မဒတ်မင်းမြင်သဖြင့် ပြတင်းမှရပ်လျက်–

မင်းကြီး ။ ။ သူငယ်သင်သည် လုပယဉ်ကျေး မင်းသွေးတမျှဟန်ကျသူဖြစ်ပါလျက်ခေါင်းတုံး ရပ်ကော အကျင့်လျှောသူကို ရှေ့ကထား၍ ရှစ်ခိုးဘိ၏၊ သင်နှင့်မည်သူက မြတ်ပါသလဲ၊ သင်နှင့်ရဟန်းနာမည်ကို ဘယ်သို့ခေါ်သလဲ။

သိကြားမင်း။ ။ အကျင့်မြတ်သော ရဟန်းတို့ အမည်ကို ကျွန်ုပ်တို့မဖော်လိုပါ၊ ကျွန်ုပ်၏အမည်ကို သိကြားမင်း ဟုခေါ်ကြပါတယ်။

မင်းကြီး ။ ။ သိကြားမင်း၊ အကျင့်မြတ်သော ရဟန်းကိုရှစ်ခိုးပါလျှင် ဘယ်လိုအကျိုးကိုရပါသလဲ

သိကြားမင်း။ ။ မင်းကြီး၊ အကျင့်မြတ်သော ရဟန်းကို ရှိခိုးပါက ယခုဘဝမှာလဲ သူတော်ကောင်းတို့က သူတော်ကောင်းတစ်ယောက်အနေဖြင့် ချီးမွမ်းခြင်းကိုခံရတယ်၊ တမလွန်ဘဝမှာလဲ နတ်ပြည်သို့ရောက်ရတယ်။

ဤသို့ သိကြားမင်းကလည်း ဟောပြ၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း သင့်နန်းတော်၌ မိဖုရားကိုဖျက်ဆီးသူသည် ရဟန်းမဟုတ်၊ ဝိဇ္ဇာဖြစ်ကြောင်း မိန့်တော်မူလျှင် မှားကြောင်းဝန်ခံ၍ ရဟန်းတော်များကို ပြန်လည်ပင့်ဆောင်၍ သာသနာတော်ကို အသက်ထက်ဆုံး ကြည်ညိုစောင့်ရှောက်လေသတည်း။

**စဉ်းစားဝေဖန်ရန် နည်းဥပဒေသ**

ဤဝတ္ထု၌ ဝိဇ္ဇာဓိုရ်ရဟန်းတု ရဟန်းယောင်တစ်ယောက်ကြောင့် အပြစ်ကင်းသော ရဟန်းကောင်းတို့ တိုင်းပြည်မှ နှင်ထုတ်ခံရသည်။ ထိုတိုင်းပြည်မှာ သာသနာကွယ်ပ၍ သေတိုင်းသေတိုင်း ငရဲသို့ရောက်ရသည်မှာ ရဟန်းတုရဟန်းယောင် တစ်ယောက်ကြောင့် တစ်တိုင်းပြည်လုံးရှိ ရဟန်းစစ်တို့ ထွက်ပြေးကြရလေသည်။ သိကြားမင်းမလာလျှင် သာသနာပြန်၍ တည်တော့မည်မဟုတ်။

သာသနာတော်ကို စောင့်ရှောက်ရမည့် တာဝန်သည် ရဟန်းတော်တို့ တာဝန်သာဖြစ်သလော။

အဖြေ ဝိသဇ္ဇနာကား-သာသနာတော်ကို စောင့်ရှောက်ရမည့်တာဝန်သည် ရဟန်းတော်တို့၏ တာဝန်သာမဟုတ်။ ရဟန်းနှင့် လူဒါယကာတို့ တွဲဖက်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားရှိ၏။ ရဟန်းချည်းသက်သက်စောင့်ရှောက်၍ သာသနာမတည်နိုင်၊ မင်းစသော လူဒါယကာတို့ကို အမှီရမှ သာသနာတည်နိုင်သည်၊ လူဒါယကာချည်းသက်သက်လဲ မတည်နိုင်၊ ရဟန်းရောလူပါယှဉ်တွဲစောင့်ရှောက်မှ သာသနာတည်နိုင်သည်၊ ထို့ကြောင့် နိဒါနဝဂ္ဂ ကဿပ သံယုတ် ပါဠိတော်၌-

ဣဓ ကဿပ ဘိက္ခူ ဘိက္ခုနိယော
ဥပါသိကာယော သတ္ထုရိ၊
အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊ ဓမ္မေ
အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊
သံဃေ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။
သိက္ခာယ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ၊
သမာဓိသ္မိံ အဂါရဝါ ဝိဟရန္တိ အပ္ပတိဿာ။
ဣမေ ခေါကဿပ ပဉ္စ ဩက္ကမနိယာ
ဓမ္မာ သဒ္ဓမ္မဿ သမ္မောသာယ အန္တရ
ဓာနာယ သံဝတ္တန္တိ။(သံ၊ ၁၊ ၄၇)

**မြန်မာပြန်**

ချစ်သား ကဿပ-ငါဘုရား၏ သာသနာတော်၌ ရဟန်း ယောကျ်ား၊ ဘိက္ခုနီမ၊ ဒါယကာ ဒါယိကာမတို့သည်ပို အကြင်အခါ၌ ဘုရား၊ တရား၊ သံဃာ သိက္ခာသမာဓိတို့၌ ရိုသေပျပ်ဝပ်ခြင်းကင်း ကုန်လျက် နေကုန်ငြားအံ့၊ ထိုအခါ သာသနာတော် ခအောက်တန်းကျ၍ ကွယ်ပရလေ၏။

အဓိပ္ပါယ်ဖော်ပြချက်

**ဘုရားကိုမရိုသေခြင်း။** ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် တစ်နေ့သုံးခါမဆည်းကပ်၊ မသွားရောက်ခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင် တော်မူသည်ရှိသော် ဖူးမျှော်ရှစ်ခိုးရန် မသွားလာခြင်း၊ စေတီရင်ပြင်ပေါ်မှာ ထီးဆောင်းခြင်း၊ ဖိနပ်စီးခြင်း၊ တစ်ပါးသော အရာများကို ကြည့်ရှုလျက် ချီးမွမ်းပြောဆို သွားလာခြင်းတို့တည်း။

**တရားကိုမရိုသေခြင်း**။ ။ တရားသဘင်၊ တရားပွဲများကို အာရုံမပြုဘဲ ဝိုင်းဖွဲ့၍နေခြင်း၊ နဝကမ္မအလုပ်တစ်ခုကို လုပ်ကိုင်နေခြင်း၊ အိပ်ငိုက်နေခြင်း၊ နှောင့်ယှက်သောစိတ်ဖြင့် တစ်ပါးသော စကားတို့ကို ပြောနေခြင်းတို့တည်း။

**သံဃာကိုမရိုသေခြင်း**။ ။ မထေရ်ကြီးများအား ဆည်းကပ်သောအခါ ရှိမခိုးဘဲနေခြင်း၊ လက်အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့နေခြင်း၊ လက်ခြေတို့ဖြင့် တစ်ပါးသောအရာတို့ကို ကိုင်တွယ်၍ ငြိမ်သက်စွာမနေခြင်း၊ မထေရ်ကြီးတို့က မတိုက်တွန်းဘဲ တရားစကားတို့ကို ဟောပြောခြင်းတို့တည်း။

**သိက္ခာကိုမရိုသေခြင်း**၊ ။ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးတို့ကို မဖြည့်ကျင့်ခြင်းတည်း။

**သမာဓိကိုမရိုသေခြင်း**။ ။ သမာပတ်ရှစ်ပါးကို မဖြစ်စေဘဲ သမထအလုပ်ကို အားမထုတ်ပဲနေခြင်းတည်း။

ဤသို့ပြဆိုခဲ့သော ဘုရား၊ တရား၊ သံဃာ သိက္ခာ၊ သမာဓိတို့၌ လူရောရဟန်းပါမရိုသေလျှင် သာသနာတော်အောက်ကျနောက်ကျဖြစ်၍ ကွယ်ပရမည်မှာ အမှန်ဖြစ်လေသည်။ နောက်ဆုံးသာသနာကွယ်ပျောက်ရခြင်းသည်လည်း ရိုသေကိုင်းရှိုင်းကြသူနည်းပါး၊ လှူဒါန်းပူဇော်ကြသူမရှိ၊ စာပေသင်ကြားသူမရှိ၊ ကျင့်ကြံအားထုတ်ကြသူမရှိ၊ မဂ် ဖိုလ် နိဗ္ဗာန်ရသူမရှိ၍ သာသနာကွယ်ရလေသည်။

လှူဒါန်းပူဇော်သော်လည်း ရဟန်းစစ် သံဃာစစ်တို့ကို မလှူဒါန်းဘဲ ကိင္ဂါဂီရိဇနပုဒ်သား ကဲ့သို့ ဒုဿီလပါပဘိက္ခု ရဟန်းတုတို့ကို လှူဒါန်းခြင်း၊ စာပေတို့ကို သင်ကြားသော်လည်း သာသနာတော်၏ ပြင်ပ၊ ဗာဟီရကကျမ်းစာတို့ကို သင်ကြားခြင်း၊ မဂ် ဖိုလ် နိဗ္ဗာန်ရကြောင်း မဟုတ်သော အကျင့်တို့ကို ကျင့်ခြင်း၊ မဂ်ဖိုလ်မရဘဲလျက် ရသည်ဟု ယူဆပြောကြားခြင်း တို့သည်လည်း ပရိယတ်စစ်၊ ပဋိပတ်စစ်၊ ပဋိဝေဓစစ်တို့ ကွယ်ပျောက်အောင် ပြုလုပ်သည်ပင်မည်သောကြောင့် သာသနာကွယ်ပျောက်ကြောင်း ဖြစ်ပေသည်။

## အတုအစစ်ခွဲပြခြင်း

**ပရိယတ္တိအစစ်**။ ။ မြတ်စွာဘုရားဟောတော်မူ၍ သင်္ဂါယနာသုံးတန်တင်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ စသည်တည်း။

**ပရိယတ္တိအတု**။ ။ သင်္ဂါယနာသုံးတန်မတင်သော ဓာတုကထာ၊ အာရမ္မဏကထာ၊ အသုဘကထာ၊ ဉာဏဝတ္ထုကထာ၊ ဝိဇ္ဇာကရဏ္ဍက တို့မှ ပြင်ပဖြစ်သော ဂုဠ္ဟဝိနယ၊ ဂုဠ္ဟဝေဿန္တရာ၊ ဝဏ္ဏပိဋကာ၊ အင်္ဂုလိမာလပိဋကရဋ္ဌပါလဂဇ္ဇိတ၊ အာဠဝကဂဇ္ဇိတ၊ ဝေဒလ္လပိဋက စသော ဘုရားဟောမဟုတ်သော ကျမ်းစာတို့တည်း။

**ပဋိပတ်အစစ်**။ ။ ဒါန၊ သီလ၊ စသော ကမ္မဿကတသမ္မာဒိဋ္ဌိ၊ သမထ၏ အာရုံဖြစ်သော ကမ္မဋ္ဌာန်းလေးဆယ် ဟူသော ဈာပန သမ္မာဒိဋ္ဌိ၊ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာမြင်သော ဝိပဿနာ သမ္မာဒိဋ္ဌိတို့ပေတည်း။

**ပဋိပတ်အတု**။ ။ နိဗ္ဗာန် မဂ် ဖိုလ်ရကြောင်း မဟုတ်သော သာသနာတော်မှအပ ဗာဟိရက အကျင့်စုပေတည်း။

**ပဋိဝေဓအစစ်**၊ ။ မဂ်လေးပါးဟူသော မဂ္ဂသမ္မာဒိဋ္ဌိ၊ ဖိုလ်လေးပါးဟူသော ဖလသမ္မာဒိဋ္ဌိ တို့ပေတည်း။

**ပဋိဝေဓအတု**။ ။ ဩဘာသပီတိ စသော ဝိပဿနာ၏ ဥပက္ကိလေသဆယ်ပါးတို့ပေတည်း။

**ရဟန်းအစစ်**။ ။ ဥတ္တိစတုတ္ထကံဖြင့်ရဟန်းခံ၍ ဝိနည်းသိက္ခာပုဒ်ကို ရိုသေစွာ စောင့်ထိန်းသော ရဟန်းကောင်းတို့ပေတည်း။

**ရဟန်းတု**။ ။ ရဟန်းမခံဘဲ မိမိဘာသာ သင်္ကန်းဝတ်သူ၊ ရဟန်းခံသော်လည်း ပါရာဇိက သို့ရောက်လျက် လူမထွက်သော ရဟန်းယောင်တို့တည်း။

ယခုညွှန်ပြခဲ့သော အစစ်အတုနှစ်ပါးတို့တွင် အတုဖြစ်သောစာပေကို သင်ကြားခြင်း၊ အတုဖြစ်သောအကျင့်ကို ကျင့်ခြင်း၊ အတုဖြစ်သော

သြဘာသ စသည်ကို မင်ဖိုလ်ထင်ခြင်း ရဟန်းတုကို ကိုးကွယ်လှူဒါန်းခြင်းတို့သည် သာသနာစစ်ကိုမြှုပ်နှံ ပစ်ပယ်မဖွယ်မရာ ပြုလုပ်သောကြောင့် သာသနာ တော်ကို ဖျက်စီးရာရောက်၍ ပျောက်ကွယ်သွားရလေ သည်ဟူ၍ နိဒါနဝဂ္ဂ၊ ကဿပသံယုတ်၌ ဟောတော် မူသည်။ သတိကြီးစွာထားကြလေကုန်။

## သာသနာငါးပါးကွယ်ပုံအစဉ်

ပဉ္စ အန္တရဓာနာနိ နာမ အဓိဂမ အန္တရဓာနံ၊ ပဋိပတ္တိ အန္တရဓာနံ၊ ပရိယတ္တိ အန္တရဓာနံ၊ လိင်္ဂ အန္တရဓာနံ၊ ဓာတုအန္တရဓာနန္တိ။(အံ-ဋ္ဌ-၁၊၆၇။)

မြန်မာပြန်။ သာသနာကွယ်ခြင်းငါးမျိုးသည်ကား-

(၁) အဓိဂမ သာသနာကွယ်ခြင်း၊

(၂) ပဋိပတ္တိ သာသနာကွယ်ခြင်း၊

(၃) ပရိယတ္တိ သာသနာကွယ်ခြင်း၊

(၄) လိင်္ဂ သာသနာကွယ်ခြင်း၊

(၅) ဓာတု သာသနာကွယ်ခြင်း ဟူ၍ ငါးမျိုးရှိသည်။

## ကွယ်ပုံအကျယ်ဖော်ပြချက်

ဤသာသနာငါးမျိုးတို့သည် တစ်ပြိုင်တည်း တစ်နေ့တည်း ကွယ်သည်မဟုတ်၊ အဓိဂမကစ၍ နံပါတ်စဉ်အတိုင်း ကွယ်လေသည်။

**အဓိဂမသာသနာကွယ်ပုံ။** ။ ဘုရားရှင် လက်ထက်တော်ကစ၍ ပထမနှစ်တစ်ထောင်အတွင်း၌ ပဋိသမ္ဘိဒါကို ရစေနိုင်သည်။ တစ်ထောင်လွန်လျှင် ပဋိသမ္ဘိဒါ အဓိဂမကွယ်လေတော့သည်။ အနှစ် နှစ်ထောင် အတွင်း၌ ဆဠာဘိညာကို ရစေနိုင်သည်။ နှစ်ထောင်ကျော်လျှင် ဆဠာဘိညာအဓိကမ ကွယ်ပြန် သည်။ သုံးထောင်အတွင်း၌ တေဝိဇ္ဇကို ရစေနိုင်၏။ သုံးထောင်ကျော်လျှင် တေဝိဇ္ဇ ကွယ်ပြန်သည်။ လေးထောင်အတွင်း၌ သုက္ခဝိပဿက ဖြစ်နိုင်သည်။ လေးထောင်ကျော်လျှင် သုက္ခဝိပဿကအဓိကမ ကွယ်ပြန်သည်။ ငါးထောင်အတွင်း၌ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်တို့ ဖြစ်နိုင်သည်။ ငါးထောင်လွန်လျှင် မင်ဖိုလ်အဓိဂမ အားလုံးကွယ်လေ တော့၏။ သောတာပန်တစ်ယောက်ရှိသေးလျှင် အဓိကမ သာသနာမကွယ်သေး၊ နောက်ဆုံး သောတာပန် စုတေသောအခါက စ၍ အဓိဂမ သာသနာကွယ်သည်။

**ပဋိပတ္တိသာသနာကွယ်ပုံ။** ။ ပထမအနှစ် တစ်ထောင်လွန်လျှင် ပဋိသမ္ဘိဒါကို ရစေနိုင်သော အကျင့်ကွယ်သည်။ နှစ်ထောင်ကျော်လျှင် ဆဠာ ဘိညာအကျင့်ကွယ်ပြန်သည်။ သုံးထောင်ကျော်လျှင် ဝိဇ္ဇာသုံးပါးရစေသော အကျင့်ကွယ်သည်။ လေးထောင်ကျော်လျှင် အရဟတ္တဖိုလ်ရောက် ရစေသော အကျင့်ကွယ်သည်။ ငါးထောင်အတွင်း၌ အနာဂါမိမဂ်၊ သကဒါဂါမိမဂ်၊ သောတာပတ္တိမဂ်ကို ရစေသော အကျင့်တို့ တစ်စတစ်စကွယ်သည်။

နောက်ဆုံး ခုဒ္ဒါနုခုဒ္ဒကမှစ၍ ဒုက္ကဋ်၊ ပါစိတ်၊ သံဃာဒိသေသ်သို့ ရောက်အောင်ကွယ်သဖြင့် ပါရာဇိ ကအာပတ်ကို စောင့်ရှောက်သူ ရဟန်းတစ်ပါး ရှိသေး လျှင် အကျင့်သာသနာမကွယ်သေး၊ အကြင်အခါ ရဟန်းတစ်ပါးမျှ ပါရာဇိကအာပတ်ကို မစောင့်ရှောက်၊ ထိုအခါ ပဋိပတ်တ္တိသာသနာ ကွယ်ပြီဟု ဆိုရတော့ သည်။

**ပရိယတ္တိသာသနာကွယ်ပုံ။** ။ မင်းနှင့် တကွ တိုင်းသားပြည်သူတို့ တရားစောင့်ကြသဖြင့် မိုးလေ ခေါင်းပါး၍ လှူဒါယကာ ဒါယိကာမများ စားဖို့ရန် မျှ မပြည့်စုံဘဲ ဆင်းရဲနွမ်းနယ်သဖြင့် ရဟန်းတော် များအား ပစ္စည်းလေးပါးဖြင့် မှုတအောင်မထောက်ပံ့ နိုင်လျှင် ရဟန်းတော်တို့မှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့နှင့် မပြည့်စုံသောကြောင့် ဂန္ထဓုရ စာပေပို့ ချ သင်ကြားခြင်း ယုတ်လျော့ နည်းပါးရာမှစ၍ တစ်စတစ်စ ဆုတ်ယုတ်သည်။

**ဆုတ်ယုတ်ပုံကား** -

ပထမ၌ ပါဠိအနက်ဆောင်ရာမှ အနက်ကို မဆောင်ဘဲ ပါဠိသာဆောင်တော့သည်။ နောက် ပါဠိကိုပင် မဆောင်တော့ဘဲ သင်္ချိုင်းသာသင်တော့

သည်။ နောက်၌ အကုန်မသင်တော့ဘဲ အဘိဓမ္မာ ခုနစ်ကျမ်းကို ချန်ထား၍ သုတ်၊ ဝိနည်းကိုသာ သင်တော့သည်။ ထိုအခါ အဘိဓမ္မာပိဋကတ် ကွယ်လေသည်။

ထို့နောက် သုတ္တန်ပိဋကတ်တွင် အင်္ဂုတ္တိုရ် ၁၁ကျမ်းမှာ ပဋိလောမအားဖြင့် အဆုံးမစ၍ ကွယ်လေသည်။ ထို့နောက် သံယုတ်ငါးကျမ်း၊ ထိုနောက် ပဏ္ဏာသသုံးကျမ်း၊ မဇ္ဈိမနိကာယ်ကွယ် လေသည်။ ထို့နောက် ခုဒ္ဒကနိကာယ်ကွယ်လေ သည်။ ဝိနည်း ပိဋကတ်မကွယ်သေးလျှင် ပရိယတ္တိ သာသနာ မကွယ်သေး၊ အကြင်အခါ၌ ဒွေမာတိကာ ခေါ်သော ပါတိမောက်ကို သင်ကြားပို့ချသူမရှိ၍ ပျောက်ကွယ်အံ့၊ ထိုအခါ ပရိယတ္တိသာသနာ ကွယ်သည်မည်၏။ ထို့ကြောင့် ကင်္ခါဝိတရဏီ အဋ္ဌကထာ တေရသမသုတ်အဖွင့်၌–

ယဒါ ပန ဒွေ ပါတိမောက္ခာ အန္တရဓာယိဿန္တိ၊ အထ သဒ္ဓမ္မဿ အန္တရဓာနံ ဘဝိဿတိ။

(သံ–ဋ္ဌ–၂၊၁၈၇) ဟု ဖွင့်ပြသည်။

**မြန်မာပြန်**။ ။ အကြင်အခါ ဒွေမာတိကာ ကွယ်ကုန်၏၊ ထိုအခါ ပရိယတ္တိသာသနာ ကွယ်လတ္တံ့။

ကေနိပါတ် အဋ္ဌကထာ၌မူကား လေးပါဒ ရှိသော ဂါထာတစ်ပုဒ်ကို ဆောင်သူရှိသေးလျှင် သာသနာ မကွယ်သေးဟုဆို၏။ ဆောင်သူရှိ သော်လည်း အာဠဝကဘီလူးကဲ့သို့ အနက်အဓိပ္ပါယ်ကိုမသိက သာသနာတည်နိုင်မည်မထင်။ ယခုအခါ ကျောက်ပေါ်၊ ပေပေါ်မှာ ပရိယတ်တွေတည်နေသော်လည်း သင်ကြားပို့ချ အဓိပ္ပါယ်ကို နားလည်သူမရှိကကွယ်ရမည် ပင်ဖြစ်တော့သည်။

**လိင်္ဂသာသနာကွယ်ပုံ**။ ။ လိင်္ဂသာသနာဆိုသည်ကား ရဟန်းတို့၏အမှုအရာ အသွင်သဏ္ဌာန်ကို ဆိုသည်။ ရဟန်းတို့သည် ကာလကြာလတ်သော် သင်္ကန်းတို့ကို ဘုရားဝတ်ပြုသောအခါ၊ တရားဟောသောအခါ၊ သံဃာ့ပွဲစသည်ဝင်သောအခါတို့၌သာ ဝတ်ရုံကုန်၍ တစ်ပါးသောအခါ၌ မဝတ်ရုံဘဲနေကြကုန်အံ့၊ ကာလကြာလတ်သော် အလျှင်း မဝတ်တော့ဘဲ လည်၌သော်လည်းကောင်း လက်၌သော်လည်းကောင်း၊ ဆောင်ရုံသာဆောင်လတ္တံ့၊ ဤသို့ သင်္ကန်းကိုမဝတ်ဘဲ ဆောင်ရုံသာဆောင်ရသော် ရဟန်းအား သံဃာကို ရည်မှတ်၍ လှူအပ်သော အလှူသည် အကျိုးများစွာရှိကြောင်းကို ဒက္ခိဏာဝိဘင်္ဂသုတ်၌–

ဘဝိဿန္တိ ခေါ ပနာနန္ဒ အနာဂတမဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဌာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿဒါနံဒဿန္တိ၊ တဒါပါဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ(မ ၃–၂၉၉။)

ဟုဟောတော်မူသည်။

ထို့နောက် ရဟန်းတို့သည် သင်္ကန်းကိုဆောင်မထားတော့ဘဲ စွန့်ပယ်ကြကုန်လတ္တံ့။ ထိုအခါ ရဟန်းတို့၏အသွင်ဟု ဆိုအပ်သော လိင်္ဂသာသနာ ကွယ်လေတော့သတည်း။

**ဓာတုသာသနာဖြစ်သောဓါတ်တော်များ**

တေဇောဓာတ်လောင်၍ ကြွင်းကျန်သော အသမ္ဘိန္နဓာတ်တော်ဟူ၍ နှစ်မျိုးရှိသည်။ အသမ္ဘိန္နဓာတ်ခုနစ်ဆူတို့တွင်–

(၁) နဖူးသင်းကျစ်တော်သည် သီဟိုဠ်ကျွန်း မင်္ဂလာစေတီတော်၌ ရှိသည်။

(၂) လက်ဝဲညှပ်ရိုးတော်သည် ဇမ္ဗူဒွီပ၌ တည်တော်မူသည်။

(၃) လက်ယာညှပ်ရိုးတော်သည် တာဝတိံသာမှ သုမနသာမဏေ ဆောင်ယူ၍ ထူပါရုံ စေတီတော်၌ ဌာပနာသည်။

(၄) အထက်လက်ယာစွယ်တော်သည် တာဝတိံသာ စူဠာမဏိစေတီတော်၌ ရှိသည်။

(၅) အောက်လက်ယာစွယ်တော်သည် နဂါးပြည် ရတနာစေတီတော်၌ ရှိသည်။

(၆) အထက်လက်ဝဲစွယ်တော်သည် ဂန္ဓာရတိုင်းမှာရှိသည်။

**ရာမညဓမ္မာစရိယအဖွဲ့**

(၇) အောက်လက်ဝဲစွယ်တော်သည် သုဘဒ္ဒရိတ ရဟန္တာတန်ခိုးဖြင့် ဆောင်ယူ၍ ကာလိင်္ဂမင်းအားပေးရာ ၎င်းမှတစ်ဆင့် သီဟိုဠ်ကျွန်း ကန္ဒီမြို့၌ ယခုထက်တိုင်ဖူးတွေ့ရသော စွယ်တော်ပင်တည်း။

ပြိုကွဲသော သမ္ဘိန္နဓာတ်တော်၊ ဗုဒ္ဓဝံသပါဠိတော်အလို တစ်ဆယ့်ခြောက်ဒေါန တစ်ဆယ့်ခြောက်ပြည်တစ်တင်း။ နဋ္ဌာဓာတုဝံသ ပါဠိတော်အလို ရှစ်ဒေါန– ရှစ်စိတ်၊ နှစ်တင်း။

အဆင်းအရွယ်သုံးမျိုးရှိသည်။ ဓာတ်တော်အကြီး ပဲနောက်စေ့ပမာဏရှိ၍ ရွှေအဆင်းရှိသည်။ ငါးကွမ်းစာမျှရှိ၏။ ဓာတ်တော်အလတ် ဆန်ကျိုးပမာဏရှိ၍ ပုလဲအဆင်းရှိသည်။ ငါးကွမ်းစာမျှရှိ၏။ ဓာတ်တော်အငယ် မုန်ညင်းစေ့ပမာဏရှိ၍ သင်းခွေပန်းငုံ တစ်နည်းခယားစေ့ပမာဏရှိသည်။ ခြောက်ကွမ်းစာမျှရှိ၏။ ၎င်းသမ္ဘိန္နဓာတ်တော်တို့သည် အတိုင်းတိုင်း အပြည်ပြည်သို့ ပျံ့နှံ့၍ တည်တော်မူသည်။

## ဓာတုသာသနာကွယ်ပုံ

သာသနာတော် နောက်ဆုံးကွယ်ပျောက်ရတော့မည့်အခါ အရပ်ရပ်၌ တည်ရှိသော ဓာတ်တော်တို့သည် ပူဇော်သက္ကာရကိုမရလျှင် ဘုရားရှင်၏ အဓိဋ္ဌာန်တော်အတိုင်း ရှေးဦးစွာ သီဟိုဠ်ကျွန်း မဟာစေတီတော်သို့ကြွရောက်စုဝေးတော်မူကြမည်။ ၎င်းနောက် မဟာစေတီတော်မှ နာဂဒီပကျွန်း ရာဇာယတန စေတီတော်သို့ ကြွရောက်စုဝေးတော်မူကြမည်။ ၎င်းရာဇာယနစေတီတော်မှ မဟာဗောဓိပလ္လင်သို့ ကြွရောက်စုဝေးတော်မူကြလိမ့်မည်။

နဂါးပြည်၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ရှိရှိသမျှသော ဓာတ်တော်တို့ကြွင်းအကျန်မရှိ၊ ပျောက်ပျက်ခြင်းမရှိ၊ အစုံအညီ ဗောဓိပလ္လင်သို့ ရောက်လျှင် စုပေါင်း၍ ဘုရားအသွင်တော်ကို ယူလျက် တန်ခိုးပြာဋိဟာကို ပြတော်မူ၍ တေဇောဓာတ်လောင်ကျွမ်းကုန်လတ္တံ့။

တေဇောဓာတ်မီးလျှံသည် ဗြဟ္မာ့ပြည်တိုင်အောင်တက်လတ္တံ့။ ထိုအခါ အနာဂါမ်၊ ရဟန္တာ၊ နတ်ဗြဟ္မာမှ တစ်ပါးကြွင်းကျန်သော နတ်ဗြဟ္မာတို့သည် စိုးရိမ်ပူဆွေးငိုကြွေးမြည်တမ်းကြကုန်အံ့။ ထိုသို့ တေဇောဓာတ်လောင်၍ ဓာတ်တော်မွေတော်တို့ အကြွင်းအကျန်မရှိ ပျောက်ကွယ်သည်ကို ဓာတုသာသနာကွယ်သည်ဟုဆိုသည်။ ထိုအခါမှစ၍ သာသနာ အပြီးသတ်ကွယ်လေတော့၏။

## နိဂုံးလင်္ကာ

ဤသို့ ထိုထို၊ ပြဆိုခဲ့ပြီး၊ ဆံစုစည်းသို့၊ ကျမ်းပြီးတထုံး၊ နိဂုံးမှတ်၊ အဆုံးသတ်အံ့၊ သုံးရပ်သာသနာ၊ စင်ကြယ်ပါမူ၊ သက္ကဝါလူပေါင်း၊ မိုးရာကောင်း၍၊ ရန်ပေါင်းကင်းဝေး၊ ငြိမ်းချမ်းရေးကို၊ မနေးမြန်စွာ၊ ရနိုင်ရာ၏၊ သာသနာဆုတ်ယုတ်၊ ဝါဒရှုပ်မူ၊ လောကုတ်မတည်၊ အပြည်ပြည်တို့ထောက်တည်မရ၊ ကြွမွပျက်ပြုန်း၊ ကမ္ဘာသုဉ်းအံ့၊ ဆုံးရှုံးစေခြင်း၊ အကြောင်းရင်းကား လွန်မင်းလောဘ၊ မိုက်ဒေါသနှင့်၊ မောဟအဝိဇ္ဇာ၊ ဤသုံးဖြာတည်း၊ ဘယာလွတ်ကြောင်း၊ တရားကောင်းမှာ၊ မဂ်ဖိုလ်သာဟု၊ နှလုံးပြု၍၊ သုံးလူ့သာသနာ၊ စည်ပင်သာအောင်၊ ကမ္ဘာအနှံ့၊ ပတ္တာဖြန့်လျက်၊ ညီညာဖြဖြ၊ သုတ်သင်ကြလျက်၊ ပါပါကင်းကွာ၊ အရိယာဖြင့်၊ တို့မြန်မာလုံး၊ အုပ်ကာဖုံးလိမ့်၊ ထွတ်ဆုံးမြတ်စွာ၊ သာသနာနေဝန်း၊ တောက်ထွန်းသည်ကို၊ ထိုထိုဝါဒ၊ ကိလိဋ္ဌမြူခိုး၊ ဝိုင်းအုံတိုးလည်း၊ တန်ခိုးပြင်းစွာ၊ အရိယာလေနတ်၊ ဆင်တိုက်ခတ်လိမ့်၊ ဘုန်းမြတ်မိန့်မှာ၊ သာသနာ၏၊ ဘယာကင်းဝေး၊ သန့်ရှင်းရေးဟု၊ အမည်ပေးသညာ၊ ဤကျမ်းစာကို၊ သေချာဖတ်ရှု၊ သတိပြုက၊ အတုအစစ်၊ သီးခြားဖြစ်လျက်၊ အစစ်ကိုခင်၊ အတုကြဉ်က၊ တိုင်းခွင်ရဋ္ဌာ၊ တို့ မြန်မာသည်၊ အရိယာမိုး-----ဖွေလိမ့်သောဝ်။

တင်ပြသူ–ဘဒ္ဒန္တကုမာရ (ဟံသာ)
သုခဂါရီမွန်စာသင်တိုက်၊
ပဲခူးမြို့။

## အမျိုးဂုဏ်ရောင် ထွန်းပြောင်ပါစေ

- အိုဘယ့် ချစ်လွန်၊ သားလူမွန်ရဲ့ ။
- အလွန်ရှေးကျ ၊ မိဘဘိုးဘွား၊ အခေါင်ဖျားက၊ တို့များသာသနာ၊
  ထွန်းပြောင်လာခဲ့၊ ထေရ်အာဇာနည်၊ ဘွဲ့မည်တွင်ဘိ၊
  ဂဝမ္ပတိမှ၊ ဗုဒ္ဓဃောသာ၊ ဥတ္တရာဇီဝ၊ ဆပ္ပဒတို့၊
  ရာမညဂိုဏ်း၊ မွန်တိုင်းသာသနာ၊ ဂုဏ်ရောင်ဖြာခဲ့။
- ရာဇဝင်မည်ညိုး၊ မော်ကွန်းတိုးဘို့၊ မွန်မျိုးတို့မှာ၊
  ရာဇာဓိရာဇ် ထိပ်ခေါင်စစ်နှင့်၊ သတ္တိမမိုန် လဂွမ်းအိမ်နှင့်၊
  ရဲရင့်စွမ်းစွမ်း သမိန်ဗရမ်းနှင့်၊ ပညာပြောင်ထိန် အမတ်ဒိန်နှင့်၊
- တောက်ထိန်ပြောင်စွာ၊ သာသနာ၌၊ တဖုဿာ ဘလ္လိက၊
  ညီနောင်လှတို့၊ ဗုဒ္ဓရှင်တော်၊ ဖူးမျှော်ခဲ့ရ၊
  ပထမတည်၊ ဒွေသရဏဂုံ၊ ကိုယ်လုံခြုံခဲ့။
- တို့ဂုဏ်ရောင်ဖြာ၊ ပြည်မြန်မာ၌၊ တို့စာပထမ၊ မော်ကွန်းရရှင်၊
  ထိုမှ ဗမာ၊ တဖြာ ကရင်၊ ပအိုဝ့်လျှင်မူ၊ တို့စာယူ၍၊
  တဆူဆန်းသစ်၊ စာတွင်ရစ်ခဲ့။
- ရှင်ချစ်ပိဋကတ်၊ တို့လေးမြတ်ရ၊ ပထမတည့်၊
  ထိုမှတဖန်၊ အထက်ဆန်၍၊ ပုဂံသို့ရောက်၊
  မော်ကွန်းမြောက်၏ ။
- တထောက်ဆိုပြူ၊ ယဉ်ကျေးမှုတွင်၊ ကမ္ဘာယှဉ်သော်၊
  တို့လျှင်ရှေ့က၊ နောက်မကျခဲ့။
- သားလှလူမွန်၊ သတိဉာဏ်ဖြင့်၊ တဖန်တွေးဆ၊
  မွန်ဖြစ်ရတာ၊ မရှက်ပါနှင့်၊ မြဲသာဂုဏ်ယူ၊
  တို့ရဲ့လူမျိုး၊ အသရေတိုးအောင်၊ အမြဲဆောင်ရွက်၊
  ကြိုးပမ်းချက်ဖြင့်၊ ဆက်လက်ဂုဏ်ရောင်၊ ထွန်းလင်းပြောင်အောင်
  သားမောင်မိဋ္ဌာန် အောင်စေသောဝ် ။



မင်းကံသာ

သာသနာရောင်
မွန်ဒေသမှာ
ဗုဒ္ဓသာသနာ
နေလပမာ
ရွှေဝါထွန်းလင်း
ဖြူစင်သဒ္ဒါ
ဒါနသီလ
ဘာဝနာပါ
အားထုတ်ရှင်မြူး
သူတော်စင်ပေါ်
သာသနာတော်မြတ်
မြတ်နိဗ္ဗာန်သို့
ကြွမြန်းနေလို့

မင်းမင်းမွန်
မန်းတက္ကသိုလ်



## ရာမညမြေ

ရာမညမြေ
မွန်တို့ ဌာနေ
သာသနာရေသောက်
ပေါ်ပေါက်သည့်မြေ
မွန်လူမျိုးတွေ
ယဉ်ကျေးသိမ်မွေ့
မမေ့လျော့ပဲ
အသက်နှင့်လဲ
သာသနာကယ်တင်
သမိုင်းဝင်ထင်ရှား။

ကင်းမွန်ချိုင်း
ရန်ကုန်တက္ကသိုလ်
လှိုင်နယ်မြေ



## ငွေရတု

မွန်တို့ ဌာနေရာမည
ပုသိမ်, မုတ္တမ, ဟံသာဝတီ
သာသနာရောင်ခြည်
ရွှေဝါထွန်းညီ
စစည်းပေါင်းကာ
သာသနာကိုပြု
ငွေရတုသဘင်
ဆင်ယင်ကျင်းပ
နိဗ္ဗာန်တောင့်တ
ပြုကြကုသိုလ်

ဘဒ္ဒန္တကေသရိန္ဒ
သာသနာ့တက္ကသိုလ်
ရန်ကုန်

# ကြေးမုံ

၁၃၃၈-ခု နယုန်လဆန်း ၄ ရက် တနင်္လာနေ့ 31-5-76 ၆၀၀၆


## ယမိုက်အရ ကောက်ကျမ်းလှူ

ရန်ကုန် မေ ၃၀

ရာမ သုဝဏ္ဏာရိယ ဆရာတော်များနှင့်မွန်အမျိုးသား၊ အမျိုးသမီးများ၊ စုပေါင်း၊ ရိုက်နှိပ်သော ငွေ ချဉ် ငါးထောင်း ကုန်ကျသည့် မွန်ဘာသာ ယမိုက်အရ ကောက်ကျမ်းကို ရိုက်နှိပ်ပြီးစီး၍ ရေစက်ချ ပါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပုဇွန်တောင် ရေကြည်ပြာသာဒ်မွန်ကျောင်း၌ ပြုလုပ်သည်။

ကျမ်း အောင်မြင်မှုအတွက် ရေစက်ချ အမျှပေးဝေပြီး နောက် သာသနာရေး ဝန်ကြီး ဌာန ဝန်ကြီး၊ ဦးကိုကို၊ ဒုတိယ ဝန်ကြီးများဖြစ်သည့် ဦးသုန်းကြည်၊ ဦး ဇောင်တည်တို့ ပေးအပ်သော ကျမ်းစာအုပ်များကို ဦးတေဇဝန်သို့ လှူအပ်လိုက်သည်။ ထို့နောက် မွန်လူကြီးများကိုယ်စား၊ ဦးချစ်သောင်း၊ နှင့်ဦးလှရွှေဝင်းတို့က အမှာစကား အနည်းငယ်စီပြောကြားသည်။

အောက်ပုံမှာ ယမိုက်အရကောက်ကျမ်းကို ဆရာတော် ဦးဝိသုဒ္ဓက သာသနာရေးဦးစီးဌာန၊ ဒု-ညွှန်ကြားရေးမှူး ဦးတေဇဝန်လက် သို့ ပေးအပ်လှူပါန်းစဉ်။



မြန်မာ့အလင်းသတင်းစာ

## မွန်ဘာသာ ကောက်ကျမ်း သုံးလအတွင်း အပြီး ရိုက်နှိပ်

ရန်ကုန် ဇန်နဝါရီ ၁၆

ရာမည တိုင်း လုံးဆိုင် ရာမွန်အဖွဲ့ချုပ်က ကမကထပြု၍ မွန်ဘာသာပဋ္ဌာန်းအရ ကောက်ကျမ်းစာအုပ်ရိုက် နှိပ်ခြင်းဖွင့်ပွဲ (ပဋ္ဌာန်းအရ ကောက်ဖွင့်ပွဲ) ကိုယနေ့နံနက်က ပုဇွန်တောင် ရေကြည် ပြာသာဒ်ကျောင်းတွင်ပြုလုပ်ရာ ရာမညဓမ္မာစရိယအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဦးဝိသုဒ္ဓက အခမ်း အနား ကိုဖွင့်လှစ်ပေးလိုက်ပြီးနောက် အဖွဲ့အတွင်းရေးမှူး ဆရာတော် ဦးပညာ ဒီပက ပဋ္ဌာန်း အရ ကောက် ကျမ်း ကိစ္စကိုတင်ပြ၏။ အဆိုပါ မွန် ဘာသာ ပဋ္ဌာန်းအရကောက် ကျမ်းကို ယခုပထမဆုံး အကြိမ်ရိုက်နှိပ်ခြင်းဖြစ်ပြီး သုံးလအတွင်း အပြီးရိုက်နှိပ်ထုတ်ဝေမည်ဟု သိရ၏။ (ကပ)

# လုပ်သား

၁၃၃၉ ခု ပြာသိုလဆုတ် ၁၄ ရက်၊ ၁၉၇၈ ခု ဖေဖော်ဝါရီလ ၆ ရက် တနင်္လာနေ့ (အတွဲ ၁၅၊ အမှတ် ၁၂၄)

၆-၂-၇၈



မာတိကာ မာ တု က ထာ အရ ကောက်ကျမ်းကို မွန်ဘာသာသို့ ပြန်ဆိုအပြီး စက်တင်ပုံနှိပ်ရန် ရာမညမွှာ စရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဝိသုဒ္ဓ က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(က-ပ)

★ အရကောက်ကျမ်းမှ

ပဋ္ဌာန်းအရကောက်ကျမ်း နှစ်ကျမ်းကို ဘာသာ ပြန်ဆို ပြီးသည့်ပြင် ပုံနှိပ်စာအုပ်အဖြစ်သို့ရောက်ရှိခဲ့ပြီး ယခုတဖန် မာတိကာ မာတုကထာ အရ ကောက်ကျမ်းကိုမွန်ဘာသာသို့ အပြီး ပြန်ဆိုပြီးစီးသဖြင့် စက်တင်ပုံနှိပ်ရန်အတွက် ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂နာရီက ရွှေတိဂုံဘုရားလမ်းရှိ မွန်ဓမ္မာရုံတွင်ကျင်းပ၏။

အခမ်းအနားသို့ ရာမညတိုင်းလုံးဆိုင်ရာ မွန်အဖွဲ့ချုပ် နာယက ဦးလှဖေဝင်း၊ ဥက္ကဋ္ဌဦးချစ်သောင်းနှင့် အမှုဆောင်များ၊ ရန်ကုန်ရှိ မွန်သံဃာတော်များနှင့် မွန်အမျိုးသား အမျိုးသမီးများ တက်ရောက်ကြ၏။ ရာမည မွှာစရိယ အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဦးဝိသုဒ္ဓက မွန်ဘာသာပြန်ကျမ်းကို မွန်ပြည်နယ်ရှိ ဟုန်းတော်ကြီးများနှင့် ဒါယကာ ဒါယိကာမများ တို့ က စု ပေါင်း လှူဒါန်းသည့်ငွေများဖြင့် ရိုက်နှိပ်ရန် ဖြစ်ကြောင်း၊ စု စု ပေါင်း ကုန်ကျမည့် ငွေမှာ စာအုပ်ရေ ၂၀၀၀ အတွက် ရှစ်သောင်းဟု ခန့်မှန်းကြောင်း၊ ကျမ်းစာအုပ်ကို သုံးလနှင့် အပြီး ရိုက်နှိပ်ရန် မွန်စာချဆရာတော်များ ဖြစ်ကြသော ဆရာတော် ဦးဝိသုဒ္ဓ၊ ဦးတိက္ခ၊ ဦးပညာဒီပ နှင့် ဦးခေမာဝန္တတို့ဦးစီး၍ ဆရာတော် ၁၀ပါးတို့က တည်းဖြတ်ပေးသွားမည်ဖြစ်ကြောင်းမိန့်ကြားသွား၏။

(က-ပ)

## အရကောက်ကျမ်း မွန်ဘာသာဖြင့်ပုံနှိပ်ရန် ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၅

ပိဋကတ်သုံးပုံပါ အဘိဓမ္မာ ၇ ကျမ်းကို မွန်သံဃာတော်များ မွန်ဘာသာဖြင့် လေ့လာ သင်ကြားနိုင်ရန် ရာမညမွှာစရိယ အဖွဲ့ဝင် သံဃာတော်များက စုပေါင်း ပြီး မွန်ဘာသာသို့ ပြန်ဆိုခဲ့ရာ ယနေ့အထိ ယမိုက်အရကောက်ကျမ်းနှင့်

စာမျက်နှာ ၇ ကော်လံ ၅★

၁၃၄၀ ခု ပြာသိုလဆုတ် ၃ ရက် တနင်္လာနေ့ 15-1-79



## မွန်ပိဋကတ်သုံးပုံ ပုံနှိပ်မည်

ရန်ကုန် ဇန်နဝါရီ ၁၄

မွန်ဒေသလုံးဆိုင်ရာ ရာမညမွှာစရိယ ဓာရ ဆရာတော်များ ဦးစီး၍ မွန်ပိဋကတ်သုံးပုံနှိပ်များကိုပေစာမူမှ ပုံနှိပ်ရန် ဖောင်ဖွင့်မင်္ဂလာအခမ်းအနားကို ရွှေတိဂုံဘုရားလမ်း မွန်ပိဋကတ်တိုက်တွင် ယနေ့နံနက် ၉ နာရီကကျင်းပသည်။

ရွှေဦးစွာ မော့ကနင် တိုက်ကျောင်း ဆရာတော် ဦးဝိသုဒ္ဓဟ အခမ်းအနားဖွင့်လှစ်ပေးပြီး ဩဝါဒစကားပြောကြားသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွန့်က သာသနာအဓွန့်ရှည်အောင် ဆရာတော်များက အမှူးပြုပြီး အကျိုးရှိရာရှိကြောင်း ဆောင်ရွက်သဖြင့် များစွာ ကျေးဇူးရှိကြောင်း လျှောက်ထားတင်ပြသည်။

ထိုအခမ်းအနား၌ပင် ဆောက်လုပ်ဆဲမွန်ဓမ္မာရုံကြီးအတွက် မုဒုံမြို့နယ် ဂိမ္ဘာ ဂိုဏ်းချုပ်ဆရာတော် ဦးသီလဝန္တနှင့် ဂိုဏ်းဝင်ကျောင်းများက ကျပ်ငွေတသောင်းကို ပေးအပ်လှူဒါန်းသွားသည်။ (အပေါ်ပုံ) (ဓါတ်ကြီးမှ)

[illegible]

ရာမညစမ္မာရီယအဖွဲ့.

၁၃၃၇ ခု၊ နယုန်လဆန်း ၄ ရက်၊ တနင်္လာနေ့ (၃၁-၅-၇၆) (၂၂ / ၁၄၆)

# ယမိုက် အရကောက်ကျမ်း မွန်ဘာသာဖြင့် ရိုက်နှိပ်ပြီး

## ရေစက်ချ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် မေ ၃၀

ရာမညဝံမွှာစရိယ ဆရာတော်များနှင့် မွန်အမျိုးသားအမျိုးသမီးများ စုပေါင်းရိုက်နှိပ်သောမဋ္ဌကျပ်ငါးသောင်းကုန်ကျသည့် မွန်ဘာသာ ယမိုက် အရကောက်ကျမ်းကို ရိုက်နှိပ်ပြီးစီး၍ ရေစက် ချလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပုဇွန်တောင် ရေကြည် ပြသာဒ် မွန်ကျောင်း၌ ပြုလုပ်သည်။

### တက်ရောက်

သာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးတေဇဝန်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနဒုတိယ ညွှန်ကြား ရေးမှူး ဦးမောင်စိန်၊ သုတေသနမှူး ဦးနိုင်ပန်းလှ၊ ရာမညတိုင်း လုံး ဆိုင် ရာ မွန်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်သောင်း၊ ဆရာကြီးဦးလှဖေဝင်း နှင့် မွန်လူကြီးများ၊ ရာမည ဓမ္မာစရိယ ဆရာတော်များအဖွဲ့ ဥက္ကဋ္ဌ ဦးဝိသုဒ္ဓနှင့် ဆရာတော်သံဃာတော်အပါး၄၀ နီးပါးတက်ရောက်သည်။

### ရေစက်ချ

ကျမ်း အောင်မြင်မှု အတွက် ရေစက်ချအမျှပေးဝေ ပြီးနောက် သာ သ နာ ရေး ဝန် ကြီး ဌာန ဝန် ကြီး ဦး ကို ကို၊ ဒု တိ ယ ဝန်ကြီး များ ဖြစ် သည့် ဦး အုန်းကြည်၊ဦး ခင်မောင် တည်တို့ ပေးအပ်သော ကျမ်း စာအုပ် များ ကို ဦးတေဇဝန်သို့ လွှဲအပ်လိုက်သည်။ ထို့နောက်မွန်လူကြီးများကိုယ်စား ဦးချစ်သောင်းနှင့် ဦးလှဖေဝင်းတို့က အမှာ စကား အနည်း ငယ်စီ ပြောကြားသည်။

### ရှောင်းချမည်

ယင်းယမိုက်အရကောက်ကျမ်းမှာ ပိဋကတ်သုံးပုံ အနက်မှ ဆင့်မမြောက် ကျမ်းဖြစ်၍ မွန်ဘာသာဖြင့်ပြန်ဆိုထားခြင်း မရှိသေးသောကြောင့် ဓမ္မာစရိယ ဆရာ တော် ၂၄ပါး ပါဝင်သော ဝိသော ဓကစာတည်းအဖွဲ့မှ လပေါင်းများစွာ ပြင်ဆင် တည်း ဖြတ်ပြီး ရန်ကုန်မြို့တွင် ၇လကြာမှ နှိပ်ခဲ့သည့် ကျမ်းဖြစ်သည်။ ယင်းကျမ်းကို သ... ဖုံးဖြင့် တအုပ်လျှင် ၆၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ကတ္တူ ဖုံးဖြင့် တအုပ်လျှင် ၄၀ နှုန်း ဖြင့် လည်းကောင်းရောင်းချ ဖြန့်ဖြူး... သည် ဖြစ်သည်။ (သတင်းစဉ်)

# ဗိုလ်တထောင်

၁၃၄၀ ခု၊ ပြာသိုလဆုတ် ၃-ရက်၊ တနင်းလာနေ့ (၁၅-၁-၇၉) (၂၅/၁၄)



ဇန်နဝါရီ၁၆ရက်နံနက်ဂနာရီ
ာ ပုဇွန်တောင် ရေကြည်ပြာသာဒ်
ကျောင်းတွင်ကျင်းပသော မွန်ဘာ
သာ ပဋ္ဌာန်းအရကောက် ဖွင့်ပွဲ၌
ရေး မြို့နယ် မော့ က နင်း တိုက်
ကျောင်းကြီးဆရာတော်ဦးဝိသုဒ္ဓက
င့်လှစ်ပေးတော်မူစဉ်။

# မြန်မာ့အလင်း

(17-1-77) ၁၃၃၈-ခု၊ ပြာသိုလဆုတ် ၁၄ ရက် တနင်းလာနေ့



၁၄-၁-၇၉ နေ့က ရွှေတိဂုံ ဘုရား
လမ်း မွန်ပိဋကတ်တိုက်တွင်ပြုလုပ်သော
အဘိဓာန်နိသျကို မွန်ဘာသာဖြင့် ရိုက်
နှိပ်ရန် စည်းဝေးပွဲ အခမ်း အနား တွင်
ဦးညွန့်က လျှောက်ထား တင်ပြနေစဉ်။
ကပ

## ရာမညနိကာယ သံဃအဖွဲ့ချုပ်မှတ်တမ်း (၂)

### မော်လမြိုင်မြို့

# ပထမအကြိမ်ရာမညနိကာယ သံဃအစည်းအဝေးမှတ်တမ်း

၁၉၂၀-ခု၊ ဩဂုတ်လ(၂၂)ရက်နေ့၊ ၁၂၈၂-ခု၊ ဝါခေါင်လဆန်း(၈)ရက်နေ့။

ကော့နပ်ရွာ၊ မဟာဝေယံဘုံကျော်တိုက်ကျောင်းကြီးတွင် ကျိုက်ခမီဒီစကြိုတ်၊ သထုံဒီစကြိုတ် အပါအဝင် အမြို့မြို့အရွာရွာမှ ကြွရောက်လာကြကုန်သော ရာမညဂိုဏ်းမွန်သံဃာတော် ဆရာကြီးတို့၏ မှတ်တမ်း။

၁။ ဤအစည်းအဝေးကြီးတွင် မွန်ရဟန်းတော်ပေါင်းသုံးရာကျော်နှင့် လူဒါယကာပရိတ်သတ်ပေါင်းများစွာ ကြွရောက်စည်းဝေးလာကြပါသည်။ ကြွရောက်တော်မူလာသော ဆရာတော်သံဃာတော်များ၏ ဘွဲ့အမည်၊နေရပ်များမှာ မှတ်ပုံတင်စာရင်းသွင်းမှတ်ထားသည့်အတိုင်း ဖြစ်ပါသည်။

၂။ သံဃာတော်အရောက် စုံညီစွာဖြင့် အညီအညွတ်တည်းစည်းဝေးသောအခါ မော်လမြိုင်မြို့၊ ဘုရားကြီးတိုက်ကျောင်းဆရာတော် ဦးသီလဝံသမထေရ်က ယခု အစည်းအဝေးတွင် လဇ္ဇီပေလသလသိက္ခာကာမ မဟာထေရ်ဖြစ်တော်မူသော ကျိုက်ခမီမြို့နယ်၊ ပငရွာကျောင်းဆရာတော်ဘုရားကြီးကို အစည်းအဝေး၏ ဥက္ကဋ္ဌသံဃထေရအဖြစ် တင်မြှောက်သင့်ကြောင်းအဆိုကိုတင်သွင်းရာ ကော့နပ်ရွာ၊ တိုက်ကျောင်းဆရာတော် ဦးပညာနှင့် ကော့နပ်ရွာ အောက်ကျောင်းဆရာတော် ဦးပုဖ္ဖ မဟာထေရ်နှစ်ပါးက ထောက်ခံသဖြင့်အများသဘောတူ၊ ပငဆရာတော်ဘုရားကြီးကို အစည်းအဝေး သံဃာတော်တို့၏ ဥက္ကဋ္ဌအကြီးအမှူးတင် မြှောက်ကြသည်။

၃။ ၎င်းနောက် ပငဆရာတော်ကြီးက အစည်းအဝေး ဖွင့်လှစ်၍ တရားဟောဆရာတော် ဦးမြို့က အစည်းအဝေးဖွင့်လှစ်ကြောင်း ကြော်ငြာရာ ကော့နပ်ရွာ၊ အောက်ကျောင်းဆရာတော် ဦးပုဖ္ဖက အထက်မြန်မာပြည် သာသနာပိုင်ဆရာတော်၏ အာဏာကိုအောက်မြန်မာပြည်သို့ ဖြန့်ချဲရန် သဘောမတူသင့်ကြောင်း အဆိုကို တင်သွင်းလေသည်။ ထိုအဆိုသွင်ချက်ကို မော်လမြိုင်မြို့ ဘုရားကြီးကျောင်း ဆရာတော်ဦးသီလဝံသက အကြောင်းများစွာပြလျှက် ထောက်ခံသည်။ အများသံဃာတော်တို့ကလည်း အထက်မြန်မာပြည် သာသနာပိုင်၏ အာဏာကို အောက်မြန်မာပြည်သို့ ဖြန့်ချဲ့ရန် သဘောမတူနိုင်ကြောင်း အညီအညွတ် ဆုံးဖြတ်အတည်ပြုလေသည်။

၄။ ထိုနောက် အစည်းအဝေးပါ သံဃာတော်ဆရာတော်တို့ သဘောတူချက်အရ မြန်မာပြည် ဘုရင်ခံမင်းထံသို့၎င်း၊ လွှတ်တော်တရားဝန်ကြီး ဦးခင်ထံသို့ ၎င်း၊ တနင်္သာရီတိုင်း ဝန်ရှင်တော်မင်းကြီးထံသို့၎င်း ဆက်သွင်းရန်ကန့်ကွက်လွှာ မေတ္တာစာကို တရားတော်ဟော ဆရာတော် ဦးမြို့ကဘတ်ပြ လျှောက်ထားရာ၊ ထို မေတ္တာစာ ပြင်ဆင်ဘွယ်မရှိဟု အတည်ပြု၍ အစည်းအဝေး ဥက္ကဋ္ဌ ပငကျောင်း ဆရာတော် ဘုရားကြီးက စလျှက် သံဃာအများ ကိုယ်တိုင်လက်မှတ်ရေးထိုးကြသည်။

၅။ တရားဟော ဆရာတော် ဦးမြို့က ရာမညဂိုဏ်း ဆရာတော် သံဃာတော်ဘုရားများတို့၏ သံဃသန္နိပါတ ဖြစ်သော ဤအစည်းအဝေးသည် မဖြစ်စဘူး၊ မကြုံစဘူး အထူးဖြစ်ပေါ်လာသည်ကို ဝမ်း

မြောက်ဘွယ်ကောင်းကြောင်း၊ မွန်လူမျိုးတို့သည်လည်း စည်းလုံးညီညွတ်ခြင်းမရှိဘဲ ဝါးအစည်းပြည်နေသကဲ့သို့ ဖရိုဖရဲရှိနေရာမှ ယခု အခါ ရှေ့ဆောင် [illegible]ျ့သွားဖြစ်တော်မူသော ဆရာတော် သံဃာတော်များက စတည်၍ အညီအညွတ်စည်းဝေးတော်မူကြသည်ကို ထောက်ထားလိုက်လျှင် အောက်ကျ နောက်ကျ ဖြစ်သော မွန်လူမျိုးတို့၏ တန်ခိုးအရှိန်အဝါသည် ကာလရှည်ကြာစွာ၊ အနှစ်တရာမက နှစ်မြုပ်နေ၍ လုံးလုံးပျောက်ကွယ် တော့မတတ် ရှိနေရာ၊ ယခုအခါမှ ထွန်းပမည့်နေရောင်ပမာ ညီညာစည်းလုံးမိကြသည်ကို အောက်မြန်မာတဝှမ်းလုံးရှိ မွန်မျိုး၊ မွန်နွယ်၊ မွန်သွေးနှင့် စပ်သွယ်သော သူအပေါင်းတို့ပင် နှစ်ထောင်းအားရ ဝမ်းမြောက်ကြမည်ပေလိမ့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မွန်လူမျိုးတို့ တိမ်မြုပ်ကွယ်ပျောက် မရှိစေရန်ငှင်း၊ မွန်ဘာသာ၊ စာပေ၊ ပိဋကတ် သာသနာသည် ရောင်ဝါထွန်းလင်းစေရန်ငှင်း၊ ရည်သန်၍ ယခုအစည်းအဝေးကြီးမျိုးကို ခြောက်လတစ်ကြိမ် နှစ်စဉ် ပြုလုပ်ရန် ဆုံးဖြတ်ပါမည့်အကြောင်း နှင့် အဆိုတင်သွင်းရာ အများသံဃာတော်တို့က ထိုအဆိုချက်ကို အတည်ပြုကြလေသည်။

၆။ ရှေးအခါကာလက အရှင်အင်္ဂလိပ် အစိုးရမင်းများတို့သည် မွန်လူမျိုးကို အသိအမှတ်မပြုသကဲ့သို့ အရေးအတွက်မျှ မသွင်းရှိနေခဲ့ရာ ယခုဘုရင်ခံမင်း (ဆာရယ်ဂျီနယ်ကရက်ဒေါက်) သခင်ကြီးလက်ထက်တော်တွင်မှ တိမ်မြုပ်ကွယ်ပ၍နေသော မွန်လူမျိုးများကို ထုတ်ဖော်ချီးမြှင့်သော အားဖြင့် အခြားအမျိုးသားနှင့် ရည်တူတမ်းမျှ ထားတော်မူ၍ မွန်လူမျိုး စစ်ဖြစ်သော ကတိုးရွာ ရော်ဘာခြံရှင် သူဌေးကြီး ဦးရွှေလေးကို ဥပဒေပြုမင်းတိုင်ပင်ခံ အမတ်ကြီးအဖြစ် ရွေးကောက်တင်မြှောက်တော်မူလေသည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ယခု အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော မွန်ဆရာတော်သံဃာတော်များနှင့်တကွ မွန်လူမျိုးအပေါင်းတို့က မြန်မာပြည် ဘုရင်ခံမင်းမြတ်အား ကျေးဇူးဥပကာရတင်ရှိကြောင်းနှင့် တရားဟောဆရာကြီး ဦးမြို့က အဆိုတင်သွင်းလျှောက်ထားရာ အများသံဃာတော်၊ ဆရာတော်တို့က ဝမ်းမြောက်ဝမ်းသာ သဘောတူညီ အတည်ဆုံးဖြတ်ကြလေသည်။

၇။ ယခု အစည်းအဝေးချက်များကို မှတ်တမ်းတင်ရန်၊ မေတ္တာစာရေးသားဆက်သွင်းရန်၊ အစည်းအဝေးမှတ်တမ်းနှင့်တကွ ရာမညဂိုဏ်းသားသံဃာတော်တို့၏ စာရင်းကို ပုံနှိပ်ထုတ်ဝေရန် စသောကိစ္စရပ်များကို ဆောက်ရွက်ရန်အတွက် ကော့နပ်ရွာ၊ မြန်မာမီးသဘော်သူဌေးကြီး ဘုရားဒါယကာ ဦးထွန်းရင်၊ ကတိုးရွာ သစ်ခေါင်း ဦးမြလေး၊ ကတိုးရွာ တရားဟောဆရာကြီး ဦးမြို့တို့သုံးဦးကို အများသဘောတူလွှဲအပ်ခွင့် ပြုကြလေသည်။

ဆရာမြို့
အကျိုးဆောင် စက္ကတေရီ။

ဦးပညာ
ဥက္ကဋ္ဌမထေရ်ကြီး
ရာမညဂိုဏ်းသံဃအစည်းအဝေး။

## ရာမညဂိုဏ်းသံဃာတော် ဆရာကြီးတို့၏ အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက် နံပါတ်(၆)အရ သံဃာတော်များက မြန်မာပြည်ဘုရင်ခံမင်းမြတ်ကြီးထံသို့ပို့ဆက်သောမေတ္တာစာ။

၁၉၂၀–ခုနှစ်၊ ဩဂုတ်လ(၂၂)ရက်နေ့၌ မော်လမြိုင်မြို့နယ်၊ ကော့နပ်ရွာ၊ မဟာဝေယံဘုံကျော်တိုက် ကျောင်းကြီးတွင်၊ ကျိုက္ခမီဒီစကြိုတ် အပါအဝင် ကျောင်းပေါင်း(၂၁၁)တို့မှ အညီအညွတ်ကြွရောက်လာကြကုန်သော ရာမညဂိုဏ်းသား သံဃာတော်ဆရာတော်ကြီးတို့၏ အစည်းအဝေးဆုံးဖြတ်ချက် နံပါတ်(၆)အရ မေတ္တာစာ ဆက်သွင်းပါသည်။ မြန်မာပြည်အားလုံးကို သိမ်းကြုံးအုပ်စိုးတော် မူပါသော ဘုရင်ခံမင်းမြတ်–

ရှေးလွန်ခဲ့သောကြောင်းကို အောက်မေ့လိုက်သည်ရှိသော် ဆရာတော်တို့၏ ဘိုး၊ ဘေး၊ မိဘ ဖြစ်ကြကုန်သော မွန်လူမျိုးတို့သည် အင်္ဂလိပ်အစိုးရမင်းတို့နှင့် လက်ဦးပထမဆက်ဆံပေါင်းသင်းကြရသဖြင့် အရင်းစစ်သော အမြစ်မြေက ဆိုသကဲ့သို့ ဆရာတော်တို့ လူမျိုးထက်ရင်းသော၊ ကျေးတော်မျိုး၊ ကျွန်တော်မျိုးသည် မြန်မာပြည်တွင် မရှိဟုသိသာနိုင်ပါသည်။

ထိုသို့ နီးနီးရင်းရင်းဖြစ်၍ အင်္ဂလိပ်အစိုးရမင်းတို့၏ ကျေးဇူးသစ္စာကို ကာလရှည်ကြာစွာ စောင့်ရှောက်လျှက်၊ အင်္ဂလိပ် အစိုးရမင်းတို့ကိုသာ ငါတို့၏ အရှင်သခင်ဖြစ်သည်ဟု အတည်မှတ်သား ထားကြကုန်သော ကျေးတော်မျိုး၊ ကျွန်တော်မျိုးတို့ ဖြစ်သည့် လူမျိုးတစ်ဦးကို အင်္ဂလိပ်အစိုးရမင်းတို့သည် ချီးမြှောက်မစခြင်း မပြုလစ်လျူဥပေက္ခာရှုခဲ့ကြသည်မှာ ဘုရင်ခံပေါင်းများစွာ လွန်ခဲ့လေပြီးဖြစ်သည်။

ယခု တကာတော့် ဘုရင်ခံမင်းမြတ်ကြီး၏ လက်ထက်တော်တွင်မှ နှစ်မြုပ်ကွယ်ပျောက်၍ နေသော ဆရာတော်တို့ မွန်လူမျိုးကို ချီးမြှောက်သောအားဖြင့် ကတိုးရွာနေ ရော်ဘာခြံရှင် ဦးရွှေလေးကို ဥပဒေပြုမင်းတိုင်ပင်အမတ်ကြီး အဖြစ် ရွေးကောက်ခန့်ထားပေသည်မှာ လွန်စွာထူးဆန်းသော အံ့သြဘွယ်ကြီးတခုဖြစ်လေသည်။ ထိုသို့ အံ့ဘွယ်ကောင်းသော တကာတော်ဘုရင်မင်းမြတ်ကြီး၏ စီမံချက်ကြောင့် ဆရာတော်တို့ မွန်သံဃာတော်အပေါင်းနှင့် မွန်လူမျိုးအပေါင်းတို့က ဝမ်းမြောက်ဝမ်းသာ ရှိကြရုံသာမက၊ တကာတော်ဘုရင်မင်းမြတ်ကြီးအား ကျေးဇူးဥပကာရတင်ရှိကြသည်မှာ အမျိုးအနွယ် နှင့်စပ်သဖြင့် အတုမရှိမြင့်မြတ်သော ကျေးဇူးတင်ခြင်း ဖြစ်ပါကြောင်းကို မေတ္တာစာ ဆက်သွင်းပါသည် တကာတော်ဘုရင်မင်းမြတ်။

၁၉၂၀–ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်နေ့၊

ကတိုး၊ ကော့နပ်
မော်လမြိုင်မြို့။

ဦးပညာ/
ရာမညဂိုဏ်း
သံဃာတော်အစည်းအဝေးကြီးဥက္ကဋ္ဌ။

## ရာမညနိကာယသံဃာ့အဖွဲ့ချုပ်
## ဒုတိယအကြိမ်အစည်းအဝေးပွဲကြီးမှတ်တမ်း
### ၁၉၂၅-ခု၊ ဇန္နဝါရီလ(၁၁)ရက်။ ၁၂၈၆-ခု၊ ပြာသိုလဆုတ်(၃)ရက်။

မော်လမြိုင်မြို့၊ ကော့နပ်ရွာ၊ မဟာဝိဟာရဘုံကျောင်းတိုက်ကြီးတွင် ကျိုက္ခမီဒိစကြိ်တ် အဝင်အပါ မြို့ရွာ အရပ်ရပ်မှ ကြွရောက်လာတော်မူကြကုန်သော အပါးသုံးရာကျော်မျှ လောက်သော ရာမညနိကာယ သံဃာ့အဖွဲ့မွန်သံဃာတော်၊ ဆရာတော်ကြီးများ၏ ဒုတိယအကြိမ်ဖြစ်သော အစည်းအဝေးကြီးကို ပြုလုပ်ရာ၊ ရန်ကုန်မြို့၊ သစ္စာဝါဒီ သတင်းစာအယ်ဒီတာချုပ် ဦးမြို့က အကျိုးဆောင်စက္ကတေရီအဖြစ်နှင့် သံဃာတော်များ၏ ဝေယျာဝစ္စကိုဆောင်ရွက်သည်။

**နိဒါန်း**

၁။ ဤသံဃာ့တော်အစည်းဝေးကြီးကို ညီညာဖြဖြပြုလုပ်ကြခြင်း၏ အကြောင်းရင်းမူလမှာ၊ အာဒိကလျာဏ စသော ကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံတော်မူသည့် မြတ်စွာဘုရား သခင်၏ ဩဝါဒဒေသနာ မဟာအမိန့်တော်ကြီးတွင်-

ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူအဘိဏှံ သန္နပါတဗဟုလာ ဘဝိဿန္တိ၊
ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နော ပရိဟာနိ။
ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ သမဂ္ဂါ သန္နိပါတိဿန္တိ၊ သမဂ္ဂါ ဝုဋ္ဌဟိဿန္တိ၊ သမဂ္ဂါ
သံဃကရဏီယာနိ ကရိဿန္တိ၊ ဝုဒ္ဓိယေဝ ဘိက္ခဝေ ဘိက္ခူနံ ပါဋိကင်္ခါ၊ နောပရိဟာနိ

- ဟူ၍ မိန့်မြွက်ကြားတော်မူအပ်သော အပရိဟာနိယဓမ္မ အမိန့်တော်မြတ်နှင့်အညီ၊ ဘုရားတပည့်သားတော်ဖြစ်ကြကုန်သော အရှင်သံဃာတော်တို့သည် စုပေါင်းစည်းဝေး၍ ဆွေးနွေးတိုင်ပင်ခြင်း၊ မကြာမကြာအခါများစွာ အစည်းအဝေးပြုလုပ်ခြင်း၊ ညီညီညွတ်ညွတ် အစည်းအဝေးပြုလုပ်ခြင်း၊ ညီညီညာညာကြွလုံလဝီရိယရှိခြင်း၊ ရဟန်းသံဃာတော်တို့နှင်သာဆိုင်သော ရဟန်းတော်တို့ပြုသင့်ပြုအပ်ပြုထိုက်သော ပြုဘွယ်ကိစ္စများကို အညီအညွတ်ဆောင်ရွက်ပြုလုပ်ခြင်းသည် အမျိုး၊ ဘာသာ၊ သာသနာ၏ ကြီးပွားရာကြီးပွားကြောင်းကောင်းသောနည်းလမ်း အစစ်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မွန်လူမျိုးများ ပျက်ပြားတိမ်းမြုပ်ရှိမည်ကို ကာကွယ်စောင့်ရှောက်ရန်ငှင်း၊ မွန်ဘာသာစကား၊ စာပေကျမ်းဂန်ရပ်များ မပျောက်မပျက်တည်ရှိစေရန်ငှင်း၊ ရာမညနိကာယဂိုဏ်းဖြစ်သော မွန်သံဃာတော်တို့သည် ရှေးအစဉ်အလာမပျက် ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သာသနာတော်ကြီးပွားထွန်းကားစည်ပင်အောင်ဆောင်ရွက်ရန်ငှင်း၊ ရည်သန်ပြီးလျှင် ဤအစည်းအဝေးကို ပြုလုပ်ကြသည်ဖြစ်သတည်း။

၂။ ရှေး၊ လမိုင်း၊ သောင်ပြင်ကျောင်းဆရာတော်ဦးပုဏ္ဏ က ယ္ခုအစည်းအဝေးကြီးတွင် လဇ္ဇီပေသလ သိက္ခာကာမသီလဝန္တအစစ်ဖြစ်တော်မူသော ကျိုက္ခမီမြို့နယ်၊ ပငကျောင်းဆရာတော်ဘုရားကြီးကို အစည်းအဝေး၏ ဉက္ကဋ္ဌသဘာပတိအဖြစ်တင်မြှောက်ရန်သင့်ကြောင်း အဆိုတင်သွင်းရာ ကောနပ်ကျောင်းဆရာတော်ဦးပညာထောက်ခံ၍ ကန့်ကွက်သူမရှိအများသဘောတူ၊ ပငကျောင်းဆရာတော်ဘုရားကြီးကို အစည်းအဝေး သဘာပတိတင်မြှောက်ကြလေသည်။

၃။ ကတိုးရွာ၊ သုသသာန်ကျောင်းဆရာတော်ဦးနာဋ္ဌာဂီရိမထေရ်ကြီးက အဆိုဟင်သွင်းသည်မှာ– အကြီးအချုပ်အအုပ်အထိန်းမရှိသော ဂိုဏ်းသည် ဝါးအစီးပြည်သကဲ့သို့၊ ဖရိုဖရဲတကွဲတခြားစီဖြစ်၍ မည်သည့်သာသနာရေးကိစ္စ၊ အမျိုးဘာသာရေးကိစ္စကိုမျှ ပြီးမြောက်အောင်မြင်စွာရှိအောင် မရွက်ဆောင်နိုင်ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့မွန်သံဃာတော်အပေါင်းမှာ ဦးခေါင်းအထွတ်နှင့်တူသော ဦးစီးနာယကသံဃာ့ဥက္ကဋ္ဌဆရာတော်တစ်ပါးကို အလွန်အလိုရှိအပ်သော အတိုင်းသိက္ခာသီလအာစရဂိုဏ်းနှင့် ပြည့်စုံတော်မူသော ပင်ကျောင်းဆရာတော်ဘုရားကြီးကို ရာမညနိကာယသံဃာ့အဖွဲ့ချုပ်ကြီး၏ ဦးစီးနာယကဥက္ကဋ္ဌ ဆရာတော်ကြီးအဖြစ် တင်မြှောက်သင့်ကြောင်း၊

ထိုပြင်... ၁။ သထုံဒိစကြိုတ်ဖလပ်ကျောင်းဆရာတော် ဦးအဂ္ဂဒီပ။

၂။ ဘီလူးကျွန်း ကွမ်လှာကျောင်းဆရာတော် ဦးဝံသသိရိ။

၃။ ကျိုက်မရော ဘိန်ဖျောကျောင်းဆရာတော် ဦးကေတုမာလာ။

၄။ ဓာသပြင်ရွာ ကျောင်းကြီးဆရာတော် ဦးပုပ္ဖရမ္မ။

၅။ ဧယာနယ် ကညော်ကျောင်းဆရာတော် ဦးသီလတေဇ။

၆။ ကော့နပ်တိုက်ကျောင်းဆရာတော် ဦးပညာ။

၇။ ကရုပ္ပိကျောင်းဆရာတော် ဦးဥတ္တမရံသီ။

၈။ ကွမ်တာ၊ ရွာကျောင်းဆရာတော် ဦးမုဂ္ဂလိပုတ္တ။

၉။ ပိုင်ကမာရွာ အလယ်ကျောင်းဆရာတော် ဦးဇောတိပါလ။

၁၀။ ဟံဂံကျောင်းဆရာတော် ဦးလာဘာသာရ။

၁၁။ ကမာမိုကျောင်းဆရာတော် ဦးဇောတိပါလ။

၁၂။ ရေး၊ လမိုင်း၊ သောင်ပြင်ကျောင်းဆရာတော် ဦးပုပ္ဖ။

ထိုမဟာထေရ်ကြီး(၁၂)ပါးကို ဆိုင်ရာဂိုဏ်းထောက် ဆရာတော်ကြီးများအဖြစ် တင်မြှောက်ရန် အဆိုတင်သွင်းလေသည်။

ထိုအဆိုကို ကော့နပ်ကျောင်းဆရာတော် ဦးပညာကထောက်ခံသည်။ ကန့်ကွက်သူမရှိတညီတညွတ်တည်း သာဓုသုံးကြိမ်ခေါ်၍ ကြေစည်ရိုက်တီးကောင်းချီးပေးလျက် အတည်ပြုဆုံးဖြတ်ကြသည်။

၄။ ရေး၊ လမိုင်း၊ သောင်ပြင်ကျောင်းဆရာတော် ဦးပုပ္ဖ က အဆိုတင်သွင်းသည်မှာ မွန်လူမျိုးတို့သည် တနေ့တခြား ဆုတ်ယုတ်ပျက်ပြား နည်းပါးတိမ်မြုပ်လျက်ရှိကြောင်း– မွန်ဘာသာ၊ စကားနှင့်စာပေကျမ်းဂန်ရပ်များသည်လည်း တနေ့တခြားကွယ်ပဆုပ်ယုတ် ရှိကြောင်းကို အထူးဖော်ပြရန်မလို၊ မျက်မှောက်ထင်ထင် သိမြင်ကြသောအတိုင်းဖြစ်၍ ၊ ထိုအမျိုးသာသနာမကွယ်ပျောက်စေရန် အတွက် ဝတ္တရားရှိသည့်အတိုင်း၊ ဤသံဃာ့အစည်းအဝေးကြီးက ဆောင်ရွက်သင့်ကြောင်းနှင့် အဆိုကိုတင်သွင်းရာ၊ ထိုအဆိုကို သုသာန်ကျောင်းဆရာတော် ဦးနာဋ္ဌာဂီရိထေရ်က ထောက်ခံသည်။ ကန့်ကွက်သူမရှိ အများသဘောတူ သာဓုသုံးကြိမ်ခေါ်၍ ကြေးစည်ရိုက်တီး ကောင်းချီးပေးလျက် အတည်ပြုဆုံး ဖြတ်ကြလေသည်။

၅။ သထုံဒိစကြိုတ်၊ အပေါင်းမြို့နယ်၊ ဇင်းကျိုက်ရွာ၊ ခလောက်အင်းကျောင်းဆရာတော် ဦးဥတ္တမဒီပ အဆိုတင်သွင်းသည်မှာ– ယခုအခါ မွန်လူမျိုးရဟန်းသံဃာတော်တို့သည် ရှေးမူမပျက်ဘဲ ဘေးရန်အနှောက်အယှက်တစုံတရာမရှိ အေးချမ်းသာယာစွာ ဘာသာ၊ သာသနာတော်ကိုထမ်းရွက်၍ သီတင်းသုံးနေထိုင်နိုင်သောမှုကြကုန်သည် ဖြစ်သောကြောင့်၊ တိုင်းပြည်ကို အုပ်ချုပ်သော ဂါဗာနာ ဘုရင်ခံမင်းကြီးနှင့် တကွသော

မြန်မာပြည် အစိုးရအား ဤ ရာမညနိကာယသံဃာတော် အစည်းအဝေးကြီးက ကျေးဇူးတင်ရှိကြောင်းဟူသော အဆိုကို တင်သွင်းသည်၊ ထိုအဆိုကို ရေး၊ လမိုင်း သောင်ပြင်ကျောင်းဆရာတော် ဦးပုပ္ဖက ထောက်ခံသည်။

ဘီလူးကျွန်း၊ ကွမ်လှာရွာဆရာတော်ကြီးက ကန့်ကွက်လိုသူရှိမရှိ မေးမြန်းရာ သဘောမတူ ကန့်ကွက်လိုသူမရှိသဖြင့် သံဃာ့တော်အားလုံး တညီတညွတ်တည်း သာဓုသုံးကြိမ် ခေါ်၍ ကြေစည်ဆော်တီး ကောင်းချီးပေးလျှက် အတည်ပြု ဆုံးဖြတ်ကြသည်။

၆။ ကတိုးရွာ သုသ်သာန်ကျောင်းဆရာတော် ဦးနာဋ္ဌာဂီရိမထေရ်ကြီးက ဤသံဃာတော်အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်အရပ်ရပ်ကို သတင်းစာတိုက်များသို့ပို့ရန် ကိစ္စ မွန်ဘာသာ၊ မြန်မာဘာသာ ဆုံးဖြတ်ချက်အစည်းအဝေးမှတ်တမ်းကို ပုံနှိပ်ထုတ်ဝေရန် ကိစ္စ၊ ဆိုင်ရာအစိုးရများထံသို့ ပို့ရန်ကိစ္စများကို ကတိုးရွာတွင်ကြာရှည်လေးမြင့်စွာနေထိုင်ဘူး၍ ယခုအခါရန်ကုန်မြို့ သစ္စာဝါဒီသတင်းစာ အယ်ဒီတာချုပ်ဖြစ်သော ဆရာဦးမြို့အားလွှဲအပ်ရန် အဆိုတင်သွင်းရာ ရေး၊ လမိုင်း သောင်ပြင်ကျောင်းဆရာတော် ဦးပုပ္ဖက ထောက်ခံ၍ အများသဘောတူ ဆုံးဖြတ်ကြသည်။

၇။ ထိုနောက် သံဃာတော်များက မွန်ဘာသာစကားဖြင့် ပြောဆိုဆုံးဖြတ်အပ်ပြီးသော ဆုံးဖြတ်ချက်အရပ်ရပ်နှင့်တကွ အစည်းအဝေး ပြုလုပ်ခြင်း၏ အကြောင်းနိဒါန်းကို သစ္စာဝါဒီသတင်းစာချုပ် ဦးမြို့က မြန်မာဘာသာဖြင့်ရှင်းလင်း သေချာစွာ ဖေါ်ပြပြောကြား၍ ယခု ရာမညနိကာယ သံဃာ့အဖွဲ့ချုပ်ကြီး အစည်းအဝေးပွဲကြီးကို ထမြောက်အောင်မြင်စွာ ချမ်းချမ်းသာသာ ပြုလုပ်နိုင်ခြင်း၏ အကြောင်းရင်းတရပ်မှာ အပါးသုံးရာကျော်မျှလောက်သော ရပ်ဝေးသံဃာတော်များနှင့်တကွ လေးထောင်ကျော်မျှလောက်သော လူဒါယကာတို့အား ဆွမ်းဘောဇဉ် အဟာရနှင့်တကွ ချိုချဉ်ခဲဖွယ်များကို ဆက်ကပ်လှူဒါန်းခြင်း၊ အိမ်နေရာများကို သန့်ပြန့်ကောင်းမွန်စွာ ပေးကမ်းလှူဒါန်းခြင်း ပြုကြကုန်သော ကတိုးရွာ၊ ဥပဒေပြုမင်းတိုင်ပင်အမတ် သူဌေးကြီး ဦးရွှေလှေးနှင့် သူဌေးကတော် ဒေါ်ကျင်ဥ တို့အားငှင်း၊ ကတိုး ကော့နပ်ရွာ သူဌေးမင်း ဦးထွန်းရင်၊ ဦးမွန်၊ ဦးရွှေလိမ် အမှူးရှိသော ကော့နပ်ရွာသူရွာသား အားလုံးတို့အားငှင်း ဤသံဃာ့အစည်းအဝေးကြီးက ကျေးဇူးတင်ရှိပါကြောင်း အဆိုကို တင်သွင်းလျှောက်ထားရာ သဘာပတိဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးမှစ၍ သံဃာတော် အားလုံးတို့က သာဓုသုံးကြိမ်ခေါ်လျှက် ကြေစည်တီး ကောင်းချီးပေးကြလေသည်။

ထို့နောက် ဆရာဦးမြို့ကပင် ယခုအခါ မွန်ဆရာတော်ဘုရားကြီးများ၏ အဖွဲ့တွင် ဒါယကာပေါ်ထွက်လာသည်မှာ ဥပဒေပြု မင်းတိုင်ပင်အမတ် သူဌေးကြီး ဦးရွှေလှေးက မွန်ရာဇဝင်ကို အစီအစဉ်ကောင်းမွန်စွာနှင့် အကောင်းဆုံးဖြစ်အောင် မွန်ဘာသာဖြင့် ရေးသားနိုင်သူအား ဆုငွေ-၅၀၀ ပေးရန်၊ မွန်လူမျိုးတို့၏ ဓလေ့ထုံးစံအကျင့် စာရိတ္တအပြု အမူ၊ အနေအထိုင်၊ စိတ်နေသဘောထားများနှင့် တကွ ပဋိသန္ဓေတည်သည်မှစ၍ သေဆုံးဖုတ်ကြည်းသင်္ဂြိုလ်ပြီးသည်တိုင်အောင်သော အကြောင်းအရာများကို မွန်ဘာသာအားဖြင့် အပြည့်အစုံ နေရာတကျ အကောင်းဆုံးရေးသားနိုင်သူအား ဆုငွေ-၅၀၀ ပေါင်းဆုငွေ ၁၀၀၀ကျပ်ကို အမျိုး၊ ဘာသာအတွက် ပေးကမ်းလှူဒါန်းပါလိမ့်မည် ဖြစ်ကြောင်းများကို ပြောပြလေသည်။

ထို့နောက် သဘာပတိ ဆရာတော်ဘုရားကြီး က အစည်းအဝေးကြီး ပြီးစီးကြောင်း နိဂုံးစကားအနည်းငယ် ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပုံ /

ဦးမြို့

ဝေယျာဝစ္စအကျိုးဆောင်စက္ကတောရီ။

# ရာမညဂိုဏ်း သံဃာတော်ဆရာကြီးပေါင်း(၂၁၁)ပါး လက်မှတ်ရေးထိုး၍ မြန်မာပြည် ဘုရင်ခံမင်းထံသို့ ဆက်သွင်းသော မေတ္တာစာ။

အောက်၌ လက်မှတ်ထိုးကြကုန်သော ကျိုက္ခမီဒီစကြိတ်၊ သထုံဒီစကြိတ် အပါအဝင် မွန်လူမျိုးရဟန်းသံဃာတော်၊ ဆရာတော်တို့၏ မေတ္တာစာဆက်သွင်း ပါသည် တကာတော်ဘုရင်မင်းမြတ်။

အကြောင်းမှာ– မွန်၊ မြန်မာပြည်အစိုးရမင်းတို့သည် အထက်မြန်မာပြည် သာသနာပိုင်၏ အာဏာကို အောက်မွန်၊ မြန်မာပြည်တဝှမ်းလုံးရှိ ရဟန်းသံဃာတော်တို့၏ အပေါ်သို့ ပျံ့နှံ့စေရန် မင်းတိုင်ပင်အမတ်ကြီး ဦးညွန့်၏ လျှောက်တင်ချက်အရ၊ အစိုးရမင်းက အရေးယူ၍ စီမံကြောင်းကြားသိရပါသည်။

ဆရာတော်တို့သည် အထက်မြန်မာပြည်ရှိ မြန်မာရဟန်းတော်များနှင့် အယူဝါဒ တူညီကြသည်ဟု ဆိုရသော်လည်း၊ လူမျိုးအားဖြင့်မတူ၊ ဘာသာစကားအားဖြင့်လည်း အလွန်ကွဲပြားကြပါသည်။

မွန်၊ မြန်မာ၊ ရှမ်း၊ ကရင်၊ တောင်သူ လူမျိုးတို့မှ ဗုဒ္ဓမြတ်စွာဘုရားသခင်၏ သာသနာတော်တွင်းသို့ သက်ဝင်ကျင့်သုံးကြကုန်သော အောက်မြန်မာပြည်ရှိ သံဃာတော်တို့သည် အင်္ဂလိပ်မင်းအုပ်စိုးသည်မှစ၍ မင်းအာဏာနှင့် ရောစပ်သော သံဃရာဇာခေါ် သာသနာပိုင်အာဏာကို မည်သည့်အခါမှ လိုက်နာကြသည်မဟုတ်၊ ကာလရှည်ကြာစွာလွတ်လွတ်ကင်းကင်းနေထိုင်ခဲ့ကြရပါသည်။

အထက်မြန်မာပြည်ရှိ အာဏာပိုင်၏ အာဏာတန်ခိုးသည် အစိုးရမင်းတို့၏ အာဏာနှင့်ပေါင်းလျက် အကြောင်းမဲ့သက်သက် ချဲ့ထွင်လွှမ်းမိုးခဲ့သော်၊ ဆရာတော်တို့၏ ငြိမ်းချမ်းသာယာခြင်းကို ထိခိုက်စေလိမ့်မည်ဟု စိုးရိမ်ဘွယ်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်မြန်မာပြည် သာသနာပိုင်၏ ဩဇာအာဏာကို အောက်မြန်မာပြည်သို့ ဖြန့်ချဲ့ရန် ဆရာတော်မွန်သံဃာတော်အပေါင်း ကောင်းမြတ်သည် ဟု မထင်မြင်နိုင်သဖြင့် သဘောမတူကန့်ကွက်ပါကြောင်း မေတ္တာစာဆက်သွင်းပါသည်။

## သံဃာတော်များ၏ လက်မှတ်

| | | |
|---|---|---|
| ၁။ | ဦးပညာ | (ပငကျောင်းဆရာတော်) |
| ၂။ | ဦးဝံသသီရိ | (ဘီလူးကျွန်း ကွမ်လှာဆရာတော်) |
| ၃။ | ဦးအဂ္ဂဒီပ | (ဖလပ်ဆရာတော်) |
| ၄။ | ဦးသာရဝံသ | (ကညော့်ဆရာတော်) |
| ၅။ | ဦးဣန္ဒာသဘ | (မူရစ်ကြီးဆရာတော်) |
| ၆။ | ဦးပုပ္ဖပညာ | (ဖဲထော်ဆရာတော်) |
| ၇။ | ဦးဂုဏာလင်္ကာ | (ပိုင်ကမာဆရာတော်) |
| ၈။ | ဦးသီလတေဇ | (ဖါအောက်ကညော့်ကျောင်းဆရာတော်) |
| ၉။ | ဦးဓောတိပါလ | (ကတ္တန်ကညော့်ကျောင်းဆရာတော်) |

| | | |
|---|---|---|
| ၁၀။ | ဦးဝိရဝံသ | (ကတိုးရွာဟောင်းတိုက်ကျောင်းဆရာတော်) |
| ၁၁။ | ဦးစန္ဒိမာ | (မူရစ်ကျောင်းဟောင်းဆရာတော်) |
| ၁၂။ | ဦးဝါယာမ | (တောင်ဝိုင်းကြီးသိမ်ကျောင်းဆရာတော်) |
| ၁၃။ | ဦးတေဇဝန္တ | (ကော့ဒုန်ကျောင်းဆရာတော်) |
| ၁၄။ | ဦးပုပ္ဖရမ္မ | (ကြုံမနင်ကျောင်းဆရာတော်) |
| ၁၅။ | ဦးဉာဏသာမိ | (ခရိုက်နှီဟုကျောင်းဆရာတော်) |
| ၁၆။ | ဦးစန္ဒသာရ | (အောင်ဗလကျောင်းဆရာတော်) |
| ၁၇။ | ဦးပညာဓမ္မ | (မူရစ်ကလေးတောင်ပေါ်ကျောင်း) |
| ၁၈။ | ဦးဇောတိပါလ | (တော်ကနံ့ာကျောင်းသစ်ဆရာတော်) |
| ၁၃။ | ဦးတေဇဝန္တ | (ကော့ဒုန်ကျောင်း) |
| ၁၄။ | ဦးပုပ္ဖရမ္မ | (ကြုံမနင်ကျောင်း) |
| ၁၅။ | ဦးဉာဏသာမိ | (ခရိုက်နှီဟုကျောင်း) |
| ၁၆။ | ဦးစန္ဒသာရ | (အောင်ဗလကျောင်း) |
| ၁၇။ | ဦးပညာဓမ္မ | (မူရစ်ကလေးတောင်ပေါ်ကျောင်း) |
| ၁၈။ | ဦးဇောတိပါလ | (တော်ကနာကျောင်းသစ်) |
| ၁၉။ | ဦးဝိသာရ | (ထောင်ကေးရွာဟောင်းပေါက်ကျောင်း) |
| ၂၀။ | ဦးဥတ္တမဒီပ | (ခလောက်အင်းကျောင်း) |
| ၂၁။ | ဦးသီလဝံသ | (မော်လမြိုင်မြို့) |
| ၂၂။ | ဦးပညာ | (ကော့နှပ်ကျောင်း) |
| ၂၃။ | ဦးပုပ္ဖ | (ကော့နှပ်ပိဋကတ်ကျောင်း) |
| ၂၄။ | ဦးဒုမ္မရတ္တ | (ဝဲကလောင်းကျောင်း) |
| ၂၅။ | ဦးသီလ | (မွန်ကျောင်း) |
| ၂၆။ | ဦးနန္ဒသာရ | (ကလော့သွတ်ကျောင်း) |
| ၂၇။ | ဦးဝါရလင်္ကာ | (ကလတို့ကျောင်း) |
| ၂၈။ | ဦးပညာ | (ကလတို့တောရကျောင်း) |
| ၂၉။ | ဦးတ္တန္ဒာစာရ | (ကလော့မုထောကျောင်း) |
| ၃၀။ | ဦးအာသဖ | (တော်ပွန်ကျောင်း) |
| ၃၁။ | ဦးနန္ဒိယ | (ကွဲခြိကျောင်း) |
| ၃၂။ | ဦးကေသရ | (တကူကနာကျောင်း) |
| ၃၃။ | ဦးစန္ဒိမာ | (ကတုံကစစ်ကျောင်း) |
| ၃၄။ | ဦးနန္ဒသာရ | (ဓမ္မသုခကျောင်း) |
| ၃၅။ | ဦးအဂ္ဂဒီပ | (ကျိုက်မရောအတွင်းကျောင်း) |

၃၆။ ဦးဉာဏ (ကွမ်လှာမာရကန်ကျောင်း)
၃၇။ ဦးကုမာရ (မူးကွဲကျောင်းသစ်)
၃၈။ ဦးပဏ္ဍိတ (ရိုးဂိုးကျောင်း)
၃၉။ ဦးကုမာရ (ဇာသပြင်တိုက်ကျောင်း)
၄၀။ ဦးနာရဒ (ကညော်ကျောင်း)
၄၁။ ဦးနန္ဒသာမိ (သ ကွေ့ာကျောင်း)
၄၂။ ဦးကေတုမာလာ (ကျ ွက်မရေကျောင်း)
၄၃။ ဦးပညာသီလ (ကော့ဒွတ်ကျောင်း)
၄၄။ ဦးတ္တနန္ဒက (ရွာလွတ်ကျောင်း)
၄၅။ ဦးဝိနိဟ (ရွာသစ်သာယာကျောင်း)
၄၆။ ဦးဉာဏိသရ (ကော့ကဒိုက်ကျောင်း)
၄၇။ ဦးမဟိန္ဒ (ကော့ဒွတ်မင်္ဂလာဒိပ္ပကျောင်း)
၄၈။ ဦးဇောတ (ဝါခရုကျောင်းကြီး)
၄၉။ ဦးဝုနိသီလ (ကော့ကျိုက်ကျောင်း)
၅၀။ ဦးကေတုမာလာ (သင်ခပိုင်ကျောင်း)
၅၁။ ဦးအဂ္ဂသီရိ (ကော့ဝဲခရပ်ကျောင်း)
၅၂။ ဦးခမ္မိက (ကမာကေးတောရကျောင်း)
၅၃။ ဦးဉာဏသာရ (တကုကာကျောင်း)
၅၄။ ဦးပုပ္ဖရမ္မ (ကညော်ကျောင်း)
၅၅။ ဦးသီလဝံသ (ကလာသီကျောင်း)
၅၆။ ဦးဗန္ဒိယ (ကျုံပနော်ကျောင်း)
၅၇။ ဦးဉာဏိန္ဒ (ဦးလေးလုံးကျောင်း)
၅၈။ ဦးဇေမိက (ခတားအရှေကျောင်း)
၅၉။ ဦးဉာဏ (မူးဒူးကျောင်းသစ်)
၆၀။ ဦးကဿပ (ကျုံဖယ်ကျောင်း)
၆၁။ ဦးကောလိတ (ရွာလွတ်တောင်စွန်းကျောင်း)
၆၂။ ဦးသုဝဏ္ဏ (မူးရစ်ကလေးမင်းကျောင်း)
၆၃။ ဦးနန္ဒ (ညောင်တုန်းကျောင်)
၆၄။ ဦးဒေသ (ခရိုက်သစ်ဝန်ကျောင်း)
၆၅။ ဦးဂုဏာလင်္ကာ (မုဒုံသိမ်ကျောင်း)
၆၆။ ဦးအာဒိစ္စ (မုဒုံကျောင်းသစ်)
၆၇။ ဦးပရမ (မုဒုံကန်ကြီးနန္ဒဝံကျောင်း)
၆၈။ ဦးဝိရိယ (သကွေ့ာအရှေကျောင်း)
၆၉။ ဦးစန္ဒိမာ (ခရိုက်နွတ်ကျောင်း)

| | | |
|---|---|---|
| ၇၀။ | ဦးပုဏ္ဏရမ္မ | (ဇာသပြင်အနောက်ကျောင်း) |
| ၇၁။ | ဦးနန္ဒ | (တောင်ဝိုင်းကြီးအနောက်ကျောင်း) |
| ၇၂။ | ဦးဇေဝန | (ကုသိန္နာရုံကျောင်း) |
| ၇၃။ | ဦးပဏ္ဍိတ | (ထန်းပင်ချောင်ကျောင်း) |
| ၇၄။ | ဦးကုသလ | (ကတိုးမွန်ကျောင်း) |
| ၇၅။ | ဦးဂုဏ | (ကတိုကျောင်းကြီး) |
| ၇၆။ | ဦးလင်္ကာ | (ကတိုးပိဋကတ်တိုက်ကျောင်း) |
| ၇၇။ | ဦးဘောရယ | (ပိုင်ကမာကျောင်း) |
| ၇၈။ | ဦးဥတ္တမ | (နှိပဒေါ်တိုက်ကျောင်း) |
| ၇၉။ | ဦးအဂ္ဂဒီပ | (ထုန်မန်ကျောင်း) |
| ၈၀။ | ဦးကောသလ္လ | (မူဒွန်ကျောင်း) |
| ၈၁။ | ဦးနန္ဒသာရ | (ကမာဝက်ကျောင်း) |
| ၈၂။ | ဦးပညာဇောတ | (ကလော့သွတ်ကျောင်း) |
| ၈၃။ | ဦးဉာဏ | (ကော့ခမာကျောင်း) |
| ၈၄။ | ဦးဝီရ | (ဒရယ်ကျောင်းဟောင်း) |
| ၈၅။ | ဦးပုဏ္ဏရမ္မ | (ရိုးဂိုးကျောင်ဟောင်း) |
| ၈၆။ | ဦးပဏ္ဍိ | (ရိုးဂိုးတိုက်ကျောင်း) |
| ၈၇။ | ဦးပုဏ္ဏရမ္မ | (ဇာသပြင်ကျောင်းကြီး) |
| ၈၈။ | ဦးဣန္ဒိယ | (မုနိုင်ကျောင်းကြီး) |
| ၈၉။ | ဦးပညာဒီပ | (ကော့သင်ကျောင်း) |
| ၉၀။ | ဦးဥတ္တမ | (ကြာအင်းကျောင်းဟောင်း) |
| ၉၁။ | ဦးဝါရ | (ကော့လာမုကျောင်း) |
| ၉၂။ | ဦးသီလ | (တရနာကျောင်း) |
| ၉၃။ | ဦးဝါရမ္မ | (ကော့သတ်ကျောင်း) |
| ၉၄။ | ဦးဝံသတေဇ | (သန်ကလောင်းကျောင်း) |
| ၉၅။ | ဦးကေသရ | (လက်ပံအောင်ကျောင်း) |
| ၉၆။ | ဦးအဂ္ဂ | (လက်တက်တိုက်ကျောင်း) |

| | | |
|---|---|---|
| ၉၇။ | ဦးသာဘိတ | (ကျုံဝမ်းကျောင်းဆရာတော်) |
| ၉၈။ | ဦးသီလတေဇ | (ပိန္နဲကုန်းကျောင်းဆရာတော်) |
| ၉၉။ | ဦးစန္ဒိမ္ပ | (ကော့ခမယ်တိုက်ကျောင်းဆရာတော်) |
| ၁၀၀။ | ဦးညာဏ | (ကော့ခလိန်ကျောင်းဆရာတော်) |
| ၁၀၁။ | ဦးကေတု | (ဝက်တဲကျောင်းဆရာတော်) |
| ၁၀၂။ | ဦးဥတ္တမ | (ရိုးဂိုးကျောင်းဆရာတော်) |
| ၁၀၃။ | ဦးဇောတိပါလ | (ဖါးအောက်ကျောင်းဆရာတော်) |
| ၁၀၄။ | ဦးအာစာရ | (ကလော့သွတ်အနန်းကျောင်းဆရာတော်) |
| ၁၀၅။ | ဦးပညာဒီပ | (တာပသွန်ကျောင်းဆရာတော်) |
| ၁၀၆။ | ဦးသီလဝန္တ | (ကွိတ်ဝမ်းကျောင်းဆရာတော်) |
| ၁၀၇။ | ဦးပုပ္ဖရာမ | (ထုံအိုင်ကတ်ကျောင်းဆရာတော်) |
| ၁၀၈။ | ဦးတေဇ | (ထုံအိုင်တော်ရကျောင်းဆရာတော်) |
| ၁၀၉။ | ဦးညာဏ | (ကော့ခပုံကျောင်းဆရာတော်) |
| ၁၁၀။ | ဦးဇောတိပါလ | (ပေါက်တက်ကျောင်းဆရာတော်) |
| ၁၁၁။ | ဦးဥတ္တမရံသီ | (အခွန်ကျောင်းဆရာတော်) |
| ၁၁၂။ | ဦးဇောတိပါလ | (မိကရိုးကျောင်းဆရာတော်) |
| ၁၁၃။ | ဦးကေတုမာလာ | (ဗိန်ဗျောကျောင်းဆရာတော်) |
| ၁၁၄။ | ဦးဝိပုလ္လ | (နှစ်တုံကျောင်းဆရာတော်) |
| ၁၁၅။ | ဦးဇောတ | (ကွမ်ငန်းကျောင်းဆရာတော်) |
| ၁၁၆။ | ဦးညာဏ | (ကျိုက်ပရန်ကျောင်းဆရာတော်) |
| ၁၁၇။ | ဦးဝါရလင်္ကာ | (ကျိုက်ကာကျောင်းဆရာတော်) |
| ၁၁၈။ | ဦးသုဘ | (ဇော်ကဲကျောင်းဆရာတော်) |
| ၁၁၉။ | ဦးဥတ္တမ | (ခရိုက်သစ်အင်ပင်ကျောင်းဆရာတော်) |
| ၁၂၀။ | ဦးနန္ဒမာလာ | (နိုင်လုံကျောင်းဆရာတော်) |
| ၁၂၁။ | ဦးနာဂသေန | (ကွိက်ရက်ကျောင်းဆရာတော်) |
| ၁၂၂။ | ဦးပညာ | (အိန်ဒုကျောင်းဆရာတော်) |
| ၁၂၃။ | ဦးမေဓာ | (ကတိုးရွာကျောင်းဆရာတော်) |
| ၁၂၄။ | ဦးကေတု | (ဝါခရူရွာကိုးသိန်းကိုးသန်းကျောင်းဆရာတော်) |
| ၁၂၅။ | ဦးရေဝတ | (ကျောက်တလုံးကျောင်းဆရာတော်) |
| ၁၂၆။ | ဦးကောဏ္ဍည | (မုနိုင်ရွာကျောင်းဆရာတော်) |

၁၂၇။ ဦးဝါရ (လက်ပန်ကျောင်းဆရာတော်)

၁၂၈။ ဦးသုမေဓာ (ကမာဝက်သိမ်တော်ကျောင်းဆရာတော်)

၁၂၉။ ဦးပညာဒီပ (အံခဲကျောင်းဆရာတော်)

၁၃၀။ ဦးဉာဏရံသီ (နိပဒေါကျောင်းသစ်ဆရာတော်)

၁၃၁။ ဦးတေဇ (တောင်ပေါက်ကြီးကျောင်းဆရာတော်)

၁၃၂။ ဦးဉာ (ဖအုံ့ကျောင်းဆရာတော်)

၁၃၃။ ဦးဥတ္တမရံသီ (ကရုပ္ပိကျောင်းကြီးဆရာတော်)

၁၃၄။ ဦးစန္ဒာဝါရ (ခလောက်ခနိုင်အောင်ဇလဆရာတော်)

၁၃၅။ ဦးနန္ဒသီရိ (ခလောက်ခနိုင်ကျောင်းဟောင်းဆရာတော်)

၁၃၆။ ဦးနန္ဒသာရ (သာယာကုန်းကျောင်းဆရာတော်)

၁၃၇။ ဦးပညာရက္ခ (ကြီးတောတိုက်ကျောင်းဆရာတော်)

၁၃၈။ ဦးဝါရလင်္ကာ (တောင်ပကျောင်းဆရာတော်)

၁၃၉။ ဦးဉာဏရံသီ (ပိုင်ကမာကျောင်းဆရာတော်)

၁၄၀။ ဦးဝါရဝံသ (ကွမ်းလှကျောင်းဆရာတော်)

၁၄၁။ ဦးသောမ (ကွမ်းလှဘီလူးကျွန်းဆရာတော်)

၁၄၂။ ဦးဝါရရံသီ (ကွမ်းလှဘီလူးကျွန်းဆရာတော်)

၁၄၃။ ဦးသီလဝံသ (ထုံအိုင်ကျောင်းဆရာတော်)

၁၄၄။ ဦးအဂ္ဂသာမိ (ထန်ပင်ချောင်ကျောင်းဆရာတော်)

၁၄၅။ ဦးကေတု (အပေါင်မင်းလမ်းမကျောင်းဆရာတော်)

၁၄၆။ ဦးခေမာဝါရ (နိုင်ပရိုင်ကျောင်းဆရာတော်)

၁၄၇။ ဦးဇောတိပါလ (ကတုံစီကျောင်းဆရာတော်)

၁၄၈။ ဦးသုန္ဒရ (ကျွဲခြံကျောင်းဆရာတော်)

၁၄၉။ ဦးသီလ (မူရစ်ကလေးဘီလူးကျွန်းဆရာတော်)

၁၅၀။ ဦးကေတုမာလာ (ဘို့နက်ကျောင်းဆရာတော်)

၁၅၁။ ဦးပုပ္ဖ (ကမာကေးသိမ်ကျောင်းဆရာတော်)

၁၅၂။ ဦးသီလရံသီ (ကမာကေးသိမ်ကျောင်းဆရာတော်)

၁၅၃။ ဦးဝါရလင်္ကာ (ကမာကေးသိမ်ကျောင်းဆရာတော်)

၁၅၄။ ဦးနန္ဒလင်္ကာ (ကမာဝက်သိမ်ကျောင်းဆရာတော်)

၁၅၅။ ဦးဥတ္တမသာရ (ဝဲကလောင်းကွင်းကျောင်းဆရာတော်)

၁၅၆။ ဦးဉာဏသီရိ (ဘုရားဖြူကျောင်းဆရာတော်)

၁၅၇။ ဦးသီလဝံသ (မှုရစ်ကလေးမရမ်းကျောင်းဆရာတော်)

၁၅၈။ ဦးဓမ္မဝံသ (ဒါပိန်ကျောင်းမော်လမြိုင်ကျောင်းဆရာတော်)

၁၅၉။ ဦးဝံသသာရ (လှူခဲကျောင်းဆရာတော်)

၁၆၀။ ဦးဝါရဝံသ (ကွမ်ရိုက်ကျောင်းသစ်ဆရာတော်)

၁၆၁။ ဦးညာဏတေဇ (အလှပ်ရွာကျောင်းဆရာတော်)

၁၆၂။ ဦးဝိမလာ (ပိတောက်ကုန်းကျောင်းဆရာတော်)

၁၆၃။ ဦးဝါရဝံသိ (တောင်ပေါက်ကျောင်းဆရာတော်)

၁၆၄။ ဦးနန္ဒသီရိ (ကွမ်လှပ်ကျောင်းဆရာတော်)

၁၆၅။ ဦးကေသရ (ကမော့လဲကျောင်းဆရာတော်)

၁၆၇။ ဦးဓမ္မပါလ (ဒေါင်းရပ်ကျောင်းဆရာတော်)

၁၆၈။ ဦးနန္ဒသာရ (ကွမ်ရိုက်ကျောင်းဆရာတော်)

၁၆၉။ ဦးဉာဏတေဇ (ပန်ဘဲတန်းကျောင်းဆရာတော်)

၁၇၀။ ဦးဇောတိပါလ (ကမာမိုကျောင်းဆရာတော်)

၁၇၁။ ဦးကောဏ္ဍည (နှီးမုတ်ကျောင်းဆရာတော်)

၁၇၂။ ဦးပညာတေဇ (ပေါင်မြို့တောကျောင်းဆရာတော်)

၁၇၃။ ဦးကေသရ (မုနိုင်းကျောင်းဟောင်းဆရာတော်)

၁၇၄။ ဦးဝိါသဝ (ကွိတ်ဝမ်းတောင်ပေါ်ကျောင်းဆရာတော်)

၁၇၅။ ဦးပညာ (နတ်တောင်ကျောင်းဆရာတော်)

၁၇၆။ ဦးသုမန (မြွာရုံကျောင်းဆရာတော်)

၁၇၇။ ဦးစန္ဒာသီရိ (ခလောက်ခနိုင်ကျောင်းဆရာတော်)

၁၇၈။ ဦးနန္ဒိယ (မြင့်မိုရ်တောင်ကျောင်းဆရာတော်)

၁၇၉။ ဦးဝါယမ (ဝဲလမ်းကျောင်းဆရာတော်)

၁၈၀။ ဦးပဏ္ဍိတ (ဇီးဖြူကျောင်းဆရာတော်)

၁၈၁။ ဦးဥတ္တမ (ဘဲကုန်းကျောင်းဆရာတော်)

၁၈၂။ ဦးကေတု (ဇင်းကျိုက်ကျောင်းဆရာတော်)

၁၈၃။ ဦးဉာဏတေဇ (ကော့လှာကျောင်းဆရာတော်)

၁၈၄။ ဦးဥတ္တမ (ဝင်းကမော့ရိဘကကျောင်းဆရာတော်)

၁၈၅။ ဦးဉာဏဇ (ကော့ဒုန်ကျောင်းဆရာတော်)

၁၈၆။ ဦးသီလတေဇ (ဇာသပြင်စိန်ကလက်ကျောင်းဆရာတော်)

၁၈၇။ ဦးဝံသဖဒိပ္ပ (ဖလပ်ကျောင်းဆရာတော်)

| | | |
|---|---|---|
| ၁၈၈။ | ဦးဥတ္တမ | (ဝင်းတကွတ်ကျောင်းဆရာတော်) |
| ၁၈၉။ | ဦးနာဲဂေန် | (ဗျိုင်းဇူကျေ[illegible]င်းဆရာတော်) |
| ၁၉၀။ | ဦးအဂ္ဂဒီပ | (ကြာအင်းတိုက်ကျောင်းဆရာတော်) |
| ၁၉၁။ | ဦးနန္ဒသာရ | (ကော့ဂိုးကျောင်းဆရာတော်) |
| ၁၉၂။ | ဦးပညာဒီပ | (မူဒူးကျောင်းဆရာတော်) |
| ၁၉၃။ | ဦးသီလဝန္တ | (မွန်ပြည်နယ်ဆရာတော်) |
| ၁၉၄။ | ဦးနန္ဒိယ | (ဆယ်ပလာကျောင်းဆရာတော်) |
| ၁၉၅။ | ဦးဣန္ဒက | (ကမာကေးကျောင်းဆရာတော်) |
| ၁၉၆။ | ဦးတိလောက | (ကမာကေမုဟွတ်ကကျောင်းဆရာတော်) |
| ၁၉၇။ | ဦးကေတု | (အဘစ်ရွာကျောင်းဆရာတော်) |
| ၁၉၈။ | ဦးနန္ဒရံသီ | (ရသေ့တောင်မကျောင်းဆရာတော်) |
| ၁၉၉။ | ဦးဝံသဒီပ | (ကော့ဝမ်းကျောင်းဆရာတော်) |
| ၂၀၀။ | ဦးစန္ဒိမာ | (ခရိုက်သစ်ကျောင်းဟောင်းဆရာတော်) |
| ၂၀၁။ | ဦးကုသလ | (တရဲငူကျောင်းသစ်ဆရာတော်) |
| ၂၀၂။ | ဦးနန္ဒသာရ | (ပါဒိုက်ကျောင်းဆရာတော်) |
| ၂၀၃။ | ဦးကေသရ | (တောင်ငူကျောင်းမော်လမြိုင်မြို့ ။ ) |
| ၂၀၄။ | ဦးအဂ္ဂဒီပ | (ကြာအင်းတိုက်ကျောင်းဆရာတော်) |
| ၂၀၅။ | ဦးပညာ | (မှိန်ကနိန်းကျောင်းဆရာတော်) |
| ၂၀၆။ | ဦးဉာဏသီရိ | (ကွမ်းတာကျောင်းဆရာတော်) |
| ၂၀၇။ | ဦးဝါရ | (ကွမ်းတာကျောင်းသစ်ဆရာတော်) |
| ၂၀၈။ | ဦးသောမာလင်္ကာရ | (ဘင်လိုင်ကျောင်းဆရာတော်) |
| ၂၀၉။ | ဦးသီလတေဇ | (ဘဲ့ရမ်းကျောင်းဆရာတော်) |
| ၂၁၀။ | ဦးကေတုဝံသ | (ခလောက်ခရိုင်ကျောင်းဆရာတော်) |
| ၂၁၁။ | ဦးစလဗောဓိ | (မုဒုံကျောင်းဆရာတော်) |
| ၂၁၂။ | ဦးပညာဒီပ | (မုဒုံကျိုက်အရဲကျောင်းဆရာတော်) |
| ၂၁၃။ | ဦးဂုဏာလင်္ကာ | (ကမာဗာကျောင်း၊ကျိုက်ရွဲရွာ ။ ) |
| ၂၁၄။ | ဦးဉာဏသီရိ | (တောရကျောင်း၊ ကျိုက်ရွဲရွာ ။ ) |
| ၂၁၅။ | ဦးဣန္ဒာဝံသ | (ကျိုက္ကောကျောင်းသစ်ဆရာတော်) |
| ၂၁၆။ | ဦးကေသရ | (တံခွန်တိုင်ကျောင်းဆရာတော်) |

## ကိုယ်တိုင်ကြွမလာနိုင်သဖြင့် ဆန္ဒလက်မှတ်ပေးတော်မူကြသော သံဃာတော်များ

| အမှတ်စဉ် | ဂိုဏ်းအမည် | ကျောင်းပေါင်း |
|---|---|---|
| ၁။ | ဖအောက်၊ကညော့်ဂိုဏ်း | ၇ |
| ၂။ | ပိုင်ကမာအလယ်ကျောင်းဆရာတော်ဂိုဏ်း | ၁၄ |
| ၃။ | နီးပဒေါ်ကျောင်းဆရာတော်ဂိုဏ်း | ၁၂ |
| ၄။ | ပင ဆရာတော်ဂိုဏ်း | ၅ |
| ၅။ | ကရုပ္ပိဆရာတော်ဂိုဏ်း | ၁၀ |
| ၆။ | အနင်းဆရာတော်ဂိုဏ်း | ၅ |
| ၇။ | နှစ်ကရင်းဆရာတော်ဂိုဏ်း | ၅ |
| ၈။ | သောင်ပြင်ဆရာတော်ဂိုဏ်း | ၁၅ |
| ၉။ | ဟံဂံအလယ်ကျောင်းဆရာတော်ဂိုဏ်း | ၇ |
| ၁၀။ | ဟံဂံသိမ်ကျောင်းဆရာတော်ဂိုဏ်း | ၅ |
| ၁၁။ | ကျိုက်မရောဗိန်ဈေးဆရာတော်ဂိုဏ်း | ၂၆ |
| ၁၂။ | တရနှာဆရာတော်ဂိုဏ်း | ၈ |
| ၁၃။ | ဇာသပြင်ဆရာတော်ဂိုဏ်း | ၁၀ |
| ၁၄။ | ဖဲထော်ဆရာတော်ဂိုဏ်း | ၃ |
| ၁၅။ | ဘီလူးကျွန်းကွမ်လှာဆရာတော်ဂိုဏ်း | ၈ |
| ၁၆။ | ကမာမိုဆရာတော်ဂိုဏ်း | ၁၂ |
| ၁၇။ | မဟာယင်ဆရာတော်ဂိုဏ်း | ၁၄ |
| ၁၈။ | ပေါင်ဆရာတော်ဂိုဏ်း | ၂ |
| ၁၉။ | သထုံစီရင်စုဖလပ်ဆရာတော်ဂိုဏ်း | ၁၀ |
| ၂၀။ | ကော့နှပ်ဆရာတော်ဂိုဏ်း | ၉ |

မှတ်ချက် ။ ။ ဆန္ဒပေးသောကျောင်းနှင့် တကွ ကျောင်းပေါင်း(၂၁၉)ကျောင်းရှိသည်။

## ဗုဒ္ဓသာသနာ၊ တည်ရာအစစ်

သပြေအင္ဂ မြရည်လူသား ဇမ္ဗူအောင်ချက်၊ ငါတို့ဘုံးကံလည်း၊
သူ့ထက်ရှေ့ဦး၊ ကိုယ်တိုင်ဖူးလည်း၊ ကြည်နူးသဒ္ဓါ၊ သရဏာဖြင့်၊
ဒွေဝါစိက၊ တဖုသနှင့်၊ ဘလ္လိကညီနောင်၊ နတ်နိုးဆော်လျက်၊
မြရောင်ရိပ်ကွန်း၊ လင်းလွန်းဌာန၊ သတ္တာဟက၊ ပထမဦးခေါင်၊
ဆုထူးအောင်၍၊ ပင့်ဆောင်ပူဇော်၊ ဆံတော်ရှစ်ချောင်း၊
ရောင်မောင်းမောင်းတို့၊ ကိန်အောင်းတည်ရာ၊
လက်မွန်စွာတည့်၊ ဥက္ကလာမြို့၊ သာမို့မို့နှင့်၊ အောင်မြို့တဂိုဏ်း၊
တံခွန်လှိုင်းသား၊ မွန်တိုင်းဌာန၊ ရာမညကို၊ ပထမအာဒိ၊
အုပ်စိုးဘိသား၊ သီရိမာသောက၊ မည်နာမဖြင့်၊ အဘိသံသေ၊
မိရေနတ်မျိုး၊ တန်ခိုးနေစက်၊ မင်းလက်ထက်ဝယ်၊ အဆက်မဝေး၊
ရှေးအတည်က၊ အနန္တ၊ ဘဝရှင်မှီ၊ နောင်ညီအထူး၊ ဖြစ်ခဲ့ဘူးသည့်၊
ကျေးဇူးမြောက်များ၊ ခြောက်ပါးဘိညာ၊ ကြီးတေဇာနှင့်၊
ရဟန္တာရှင်ပြု၊ ဂဝမ္ပတိ၊ ထေရ်ဖုန်းရှိကြောင့်၊ မုနိသကျ၊ မြိန်းကြွ၍၊
ဒုတိယထပ်ခါ၊ သာသနာလျှင်၊ တည်လာတုံမြောက်၊ ထိုနောက်ဘဂဝန်၊
ပြည်နိဗ္ဗာန်သို့၊ လွန်စံခဲ့လျှင်း၊ မီးပုံတွင်းမှ၊ ဝင်းဝင်းထိန်လှဲ့၊
စိန်ထီးကဲ့သို့၊ သုံးဆယ့်သုံးချောင်း၊ အပေါင်းမွေတော်၊ သွားတော်ဓာတ်တို့ကို၊
ဣန္ဒိပါဒ်ရှင်၊ ထေရ်သခင်သည်၊ ကောင်းကင်ယံ၊ ဆောင်ခဲ့ပြန်၍၊
ဘုန်းလျှံကြီးဘိ၊ သီရိမာသောက၊ သီဟကုမာ၊ ထိုရာဇာအား၊ ကရုဏာရှေ့ထား၊
ပေးသောအားဖြင့်၊ ဘုရားမြတ်စွာ၊ သာသနာသည်၊ ရောင်ဝါထွန်းပ၊
တတိယချက်၊ ဆင်းသက်လာမှ၊ အထက်ခြားပိုင်း၊ ကိုးတိုင်းဌာန၊ ဝေပုံကျတွင်၊
တစ်ပါးဝင်၍၊ အသျှင်သောဏ၊ ဥတ္တရတို့၊ သုဝဏ္ဏဘုံ၊ သထုံမည်ညီး၊ မွန်ပြည်ကြီးလျှင်၊
နန်းထီးမယုတ်၊ တိုင်းသီးထုတ်၍၊ ပုရတ္ထမ၊ ဗုဒ္ဓသာသနာ၊ တည်ရာအစစ်၊
အမှန်ဖြစ်သည်၊ တက်သက်နေမင်းသရေတည်း ...။

(ရာမညနိကာယသံဃာ့အဖွဲ့ချုပ်၏ မှတ်တမ်းနှင့် မဃဒေဝလင်္ကာမှ)

'ရှာဖွေတင်ပြသူ'
**ဘဒ္ဒန္တကေသရ**
ကျိုက်ဒေးအပ်မွန်ပရိယတ္တိစာသင်တိုက်၊
ဗိုလ်တထောင်၊ ရန်ကုန်။

**ရာမညမွန်စရိယာအဖွဲ့.**

## ဟိုတ် သွက်ပွဲနှ်တသိုက်

• • • • •

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မဒေသနာ။
သုခါ သံဃဿ သာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါ။

[ဓမ္မပဒ-ဗုဒ္ဓဝဂ်]

ဗုဒ္ဓါနံ၊ ဒဒက်တက်ကဵုကျာ်တြဲဂမ္ၚိုင်၊ ဥပ္ပါဒေါ၊ ငပ္ၚမက္ဍိုန်၊ သုခေါ၊ ဗိုန်သိုက်ရ၊ ဝါ-ဗိုန်နှ် တသိုက်ရ၊ သဒ္ဓမ္မဒေသနာ၊ ငပ္ၚမတ္ဂၠဲဓရ်သပ္ဂရိုဟ်၊ သုခါ၊ ဗိုန်နှ်တသိုက်ရ၊ သံဃဿ၊ ဒဒက်တက်ကဵုသင်၊ သာမဂ္ဂီ၊ ငပ္ၚမသ္ပဟ်သ္ပနဲညိသာ၊ သုခါ၊ ဗိုန်နှ်တသိုက်ရ၊ သမဂ္ဂါနံ၊ ဒဒက်တက်ကဵုသင် မသ္ပဟ်သ္ပနဲညိသာ ဂမ္ၚိုင်၊ တပေါ၊ ငဗ္ဂေတ်၊ သုခေါ၊ ဗိုန်နှ်တသိုက်ရ။